www.dhammadownload.com

သမ္မတ

ဆယ်စောင်တွဲ

ပဏ္ဍိတာနုရုဒ္ဓ ဒေသနာ

သမ္မတ စာအုပ်ဆိုင်

၃၀–ကြိမ်မြောက်

www.dhammadownload.com

သမ္မတ

ဆယ်စောင်တွဲ

www.dhammadownload.com

လူငယ်အများ၊ မှတ်သားစေရာ
ရှင်ဒေဝဒတ်၊ ဇာတသတ်ပမာ
ပေါင်းမမှားနဲ့၊ ကျောင်းသားသူငါ
ပုံစံပြ "သမ္မတ" ဆယ်စောင်မှာ။
အဓိပ္ပါယ်ကို ဆရာများက ရှင်း၍ပြောပြပါ။

ရိုက်စစ္စတြီ မူပိုင် ပြုလုပ်ပြီး
ထုတ်ဝေသူ— ဒေါ်အေးတင် (မြ-၀၁၆၉၁) သမ္မတစာပေတိုက်
အမှတ်-၁၄၊ ၂၆-ဘီလမ်း ဆိုင်းတန်းရပ် မန္တလေးမြို့။
တာဝန်ခံပုံနှိပ်သူ- ဒေါ်အေးတင် (မြ-၀၂၁၁၈) သမ္မတပုံနှိပ်တိုက်
၂၃-လမ်း အေးချိုင့်ရပ် မန္တလေးမြို့။

www.dhammadownload.com

မာတိကာ

၁ ဓာတ်စုတော်ကြီး ဆယ်ခု ပုံတော်များ
၂ အစီရင်ခံချက်
၃ ပဋ္ဌာရုဏ်အဖုံဝဋ္ဋာမိ
၄ အပြင်မှအောင်ခြင်းရှစ်ရုံးသည့် ကဗျာ
၅ အောင်ခြင်းရှစ်ပါး ပုံတော်များ
၆ အတွင်းအောင်ခြင်းရှစ်လုံးသည့် ကဗျာ
၇ ပဌမ သံဂါယနာတင် မင်းတရားကြီး
၈ ကကြီးခခွေး ကာချွန်းမှတ်ပုံ
၉ မင်္ဂလသုတ်ပါဠိအနက်
၁၀ မင်္ဂလာတရား ကောက်နုတ်ချက်
၁၁ မင်္ဂလာ၌အခမ်းအခြေ
၁၂ မင်္ဂလသုတ်အဓိပ္ပါယ် အထူးမှတ်ချက်
၁၃ မင်္ဂလာအရေး-၃၈ပါး သံပေါက်
၁၄ အပြင်အောင်ခြင်း ပါဠိအနက်
၁၅ အတွင်းအောင်ခြင်း ပါဠိအနက်
၁၆ ရတနသရွေချိုင့်ပါဠိအနက်
၁၇ နမက္ကာရပါဠိအနက်
၁၈ ဥဏှကာနီထိပါဠိအနက်
၁၉ ပရိတ်ကြီး ပါဠိအနက်
၂၀ စကားကြီးဆယ်ခွန်းလင်္ကာ
၂၁ ရှင်မဟာရဋ္ဌသာရဆုံးမစာ
၂၂ ရှင်မဟာသီလဝံသဆုံးမစာ
၂၃ ဘိုးသူတော်ဦးနုစကားပြေ
၂၄ သိင်္ဂါလောဝါဒကျောင့်ဝတ် လင်္ကာ
၂၅ သိင်္ဂါလောဝါဒလူ့ကျင့်ဝတ် ကဗျာ
၂၆ မင်္ဂလာကဗျာ
၂၇ အရက်သမား၁၀ ပါး ကဗျာ
၂၈ ဂဏန်းသင်္ချာသံပေါက်
၂၉ ကာလအလိုက်စမိုက်ညီအောင်
၃၀ အိမ်ဆုံးမ ချစ်လုံးသည့်ကဗျာ
၃၁ ကျောင်းလိုက်မယ် ကဗျာမူး
၃၂ ကိုငါးပါးရှောင်ကြဉ်ရန် မြန်မာကဗျာလင်္ကာ
၃၃ ပညာသင်ခရီး သတိပေးကဗျာ
၃၄ စကားသလမင်းကြီး အိမ်မက် ၁၆ ချက်ကဗျာများ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်-၀၂၀၂၊

မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၀၂၀၀၊ မျက်နှာဖုံးရိုက် ဗွဲပုံနှိပ်တိုက် ရန်ကုန်

အကြိမ်(၃၀)မြောက် စာအုပ်ရေ-၂၀၀၀၊ ၁၉၈၂-၃၊ စက်တင်ဘာလ၊

www.dhammadownload.com

လောကဦးကိုင် စောတုန်းလှိုင်၏ ပြိုင်ဘက်ကင်းကွာ
သာသနာ့သည် ရောင်ဝါနေဝန်း ထိန်ထိန်ထွန်းသို့ ရှန်းရှန်းဝေဖြာ
လက်ဆည့်ခါဝယ် သာသနာ့တင့် ဘာသာမြင့်အောင်
အခွင့်ရှိခိုက် လုံ့လစိုက်ချေ့ ထမ်းလိုက်တော့မည့်
ရည်ကြီးရည်၍ ဓွန့်ရှည်ကာလ ကမ္ဘာစ့မှ

သမ္မတ တံဆိပ်

ဘွဲ့ရွှေလိပ်ဖြင့် မုံနိပ်တည်စွင့် ထက်တန်းမြင့်၍
ဆန်းတင့်ဂုဏ်ရောင်

ဦးသိန်းမောင်

(ဗု)

ပြည်ထောင်အတွင်း ပြိုင်ဘက်ကင်းအောင် ကောင်းမြင်းစုံစွာ
တိုးတက်လာ၏ ကောဇာဆန်းသစ် အင်္ဂရာဇ်မြန်မာ
(ထောင့်သုံးရာ) ဝယ် (တဆယ်)
လွန်မြောက် ရွှန်းစောရောက်စဉ်
ထွန်းတောက်နေဝန်း တက်သစ်စန်းနှင့် ပွင့်လန်းခါဝ
ပန်းတွေမျှသို့
မြန်မာ့တိုင်းဘွား အမျိုးသားတို့ စီးပွားဥစ္စာ ပြည့်စုံစွာနှင့်
ချမ်းသာကိုယ်စိတ်, မေတ္တာစိတ်ဖြင့်
ယိုဖိတ်ချင်းချင်း တွေ့မြင်လျှင်း၍
ဘေးကင်းရန်ကွာ လွန်ချမ်းသာသည့် နှစ်မြွာ ကိုယ်စိတ်
အေးစေသော်။

သိန်းမောင် ဆုပတ္ထနာ

www.dhammadownload.com

…တသန်စာကြည့်တိုက်
…နာတော်တွန်းကားပြန့်ပွားရေးဦးစီးဌာန…

သမ္မတ

ဆယ်တောင်တွဲ

သမ္မတ,ပါဠိဆရာအဖွဲ့မှပြင်ဆင်၍

ဦးသိန်းမောင်
အထူးစီစဉ် ရိုက်နှိပ် ထုတ်ဝေသည်

သမ္မတပုံနှိပ်တိုက်
၂၃-လမ်း မန္တလေး

သမ္ဘတ

မန္တလေးမြို့
မဂ်ီရဓာနဒရာမ မြဲတောင်တိုက်
သမ္ဘတ စာချုပ်ကျောင်း ဆရာတော်
"အရှင်ကေလာသာဘိဝံသ"
သက်ျသီလာ နှင့် အတိုးရစ်မွှာစဒီယာ
ပြင်ဆင် ရိုက်နှိပ်သည်။

ရုပ်စုံ

သယ်စောင်တွဲ

စီစဉ်သူ

ဦးသိန်းမောင်

သမ္ဘတ, စာအုပ်ဆိုင် အမှတ် ၁၀၉–၁၁၀၊
ဈိုး၊ ဈေးချို-မန္တလေးမြို့မှ ဖြန့်ချိသည်။

သမ္ဘတစာပုံနှိပ်တိုက်
၂၃-လမ်း မန္တလေး

www.dhammadownload.com

www.dhammadownload.com

အစီရင်ခံချက်။

ကျွန်တော်၏"သမ္မတ ဆယ်စောင်တွဲ"ကို တန်းဆားဆင်ပြင် ရိုက်နှိပ်ထားပုံ တင်ပြ အစီရင်ခံလိုပါသည်။

ကျွန်တော်၏စေတနာမှာ စာကို ကြည့်ရှု သင်ကြား မိတ်ဆွေများအား စာပေ၏ ဆိုလိုချက်အရသာ အဓိပ္ပါယ်ကို လွယ်ကူစွာသိရှိနိုင်ကြရန် ခေတ်မီ၍ ရှင်းလင်းပြတ်သားစွာဖြင့် တင်ပြပေးလိုက်ခြင်းဖြစ်ပါသည်။ ထိုစေတနာ အားလျော်စွာ ဤစာအုပ်ကို ရိုက်နှိပ်ဆွဲ စီစဉ်ထားပုံမှာ -

က။	**မင်္ဂလသုတ်**	**ငှင်းကို**
	မင်္ဂလနိဒါန	မင်္ဂလာနိဒါန်း
	ဒေဝတာ ယာစန	နတ်သားတောင်းပန်ချက်
	ဗုဒ္ဓဒေသိတ	ဘုရားဟောပြပုံ
	အာနိသံသ	မင်္ဂလာပြုကျင့်ရကျိုး
ခ။	**နမက္ကာရ**	**ငှင်းကို**
	ဗုဒ္ဓ ဝန္ဒနာ	ဘုရားရှိခိုးခန်း
	ဥယျောဇန	တိုက်တွန်းချက်
	ပတ္ထနာ	ဆုတောင်း
ဂ။	**လောကနီတိ**	**ငှင်းကို**
	လေခနာကာရ	ရေးသားစီစဉ်ပုံ
	အာနိသံသ	သင်ကြားလေ့လာထိုက်ပုံ
	ပဏ္ဏတ္တိ တာဝကဏ္ဍ	ပဏ္ဏတ္တိ တစသော အခန်း
	နိဂမန	နိဂုံး

www.dhammadownload.com

ဃ။ ပရိတ်ကြီး ၎င်းကို
ပရိတ္တနိဒါန ပရိတ်နိဒါန်း
မင်္ဂလသုတ္တာဒိ မင်္ဂလသုတ်စသောခေါင်းစဉ်များ
ဤသို့လျှင် "ဆိုလိုချက်"ကို လွယ်ကူစွာ သိစေရန် တင်ပြထား ခြင်း။

င။ အနက်- နိဿယဘာသာပြန်၌၊ ပါဠိနောင် ဒက်ရှ်(—)မြန်မာ နောင် တပိုဒ်ပုဒ်(၊) ထားရှိ၍၊ စကားတရပ်အဆုံး၌ နှစ်ပိုဒ်ပုဒ် (။)ထားရှိခြင်း။

စ။ အခြားကဏ္ဍတို့နှင့် ရောယှက်မှု မရှိရန် သက်ဆိုင်ရာ ကဏ္ဍ၌သာ နံပါတ်စဉ်ကို ဖော်ပြထားခြင်း။

ဆ။ စကားတခွန်း တပုဒ်လျှင် တချက် ခွဲထားခြင်း။

ဤကဲ့သို့ ရေးဟောင်းစာမူ အရသာကို မထိခိုက်စေဘဲ၊ စာပေအရသာကိုပေါ်လွင်သည်ထက်ပေါ်လွင်အောင် ခေတ်မှီစွာ တန်းဆာဆင်ပြင်ပေးကြသော ပါဠိ မြန်မာ ပညာရှိ- ဦးကျော်လှိုင် (အစိုးရ, ဓမ္မာစရိယ ပဌမကျော်) နှင့်၊ အယ်ဒီတာ ဆရာကြီး-ဦးချစ်ထွန်းတို့အားလည်းကောင်း၊ စာမူချီးမြှင့် ပေးပို့ကြသော မင်းကွန်း- အာဒိဝဍ္ဎသကာဋထေရ်၊ ကန်သစ်ရွာ-နတ်တွင်းကျောင်း-အရှင်ပညာဒီပ၊ ဟသ်ာတ ဒုတ်ရိုက်ကျောင်းဆရာတော် ဦးကောဝိဒ၊ ရွှေကူကျောင်းဆရာတော်-ဦးဝိသုဒ္ဓ၊ ကန်ကျောင်းဆရာတော် ဦးစိတ္တရ၊ ပလ္လင်ရွာ-ကံကျောင်း-ဦးပညာဝံသ၊ပြည်တော်သာ ရွာသစ်-စိတ္တသုခကျောင်း- ဦးစိတ္တရ၊ ဒဂုန်-ဦးထွန်းမြင့်တို့အား လည်းကောင်း၊ အထူး ကျေးဇူးတင်ရှိပါကြောင်း။

သိန်းမောင်
သမ္မတ,ပုံနှိပ်တိုက်
မန္တလေး။

www.dhammadownload.com

ပဉ္စဂုဏ်-အဟံ ဝန္ဒာမိ



ဗုဒ္ဓစိန္တေ မြတ်ဘုရား ကို-ဦးညွတ်တွားလို့ ပူဇော်ကြွယ်

ထရားဓမ္မ ဂုဏ်တော်များ ဘာဝနာပွားလို့ မှတ်သားတွယ်

သံဃဂုဏော ဂုဏ်ကိုး၀-ပူဇာရဟာ ပူဇော်မယ်



မိခင် ဖခင်-ရှေးဦးထားလို့

ကျေးဇူးများတဲ့ ဆရာရယ်-ဖူးကွယ် ဖူးကွယ်

www.dhammadownload.com

အပြင်အောင်ခြင်းရှစ်ဖြာ
ရှစ်လုံးဖွဲ့ ဝမ္ဗကဗျာ

၁။ မောမိညှောင်နန်း အောင်ခန်းရိပ်သာ၊
တထောင်လက်ရုံး စက်ဘုန်းလျှံဖြာ၊
မာရ်နတ်မင်းနှင့် သင်းပင်းမိုလ်ပေါ၊
တို့ဘုရား— တရားတော်ဖြင့်သာ၊
အခေါင်နင်း အောင်ခြင်းလက်ဦးစွာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

၂။ အာဠဝက ယက္ခ ယုတ်မာ၊
ညဉ့်သုံးယံလုံး အုံးအုံးကြွက်ညာ၊
လက်နက်မိုးဖြင့် ထစ်ကြိုးတိုက်လာ၊
ခန္တီထုံး ကျင့်သုံး တို့မြတ်စွာ၊
အခေါင်နင်း အောင်ခြင်း ဒုတိယာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

၃။ နာဠာဂိရိ မည်ရှိထင်စွာ၊
တောမိး÷မိုးကြိုး စက်မျိုးပမာ၊
ကြမ်းခက်ရန်ရှင်း မှန်ဆင်း ဆင်သတ္တွာ၊
မေတ္တာမိုး ဈွေဖြိုး တို့မြတ်စွာ၊
အခေါင်နင်း အောင်ခြင်း တတိယာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

၄။ လက်ညှိုးစုံပန်း ဆင်မြန်းလျက်သာ၊
အဟိံသက စောရ လူစွာ၊
သတ်မည်ကောဟု လျှင်ဆောလိုက်လာ၊
တန်းခိုးစွမ်း ဖန်ဆန်း တို့မြတ်စွာ၊
အခေါင်နင်း အောင်ခြင်း စတုတ္ထာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

www.dhammadownload.com

၅။ ကိုယ်ဝန်စွဲမိုက် ဝမ်းတိုက်တူစွာ၊
သစ်သားကိုလုပ် မိယုတ်စိဉ္စာ၊
ပရိသတ်တဲ စွပ်စွဲလေရာ၊
သာယာညှင်း မိန့်လျှင်း တို့မြတ်စွာ၊
အခေါင်နှင်း အောင်ခြင်း ပဉ္စမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

၆။ အမှန်ပယ်ရှား အမှားကိုသာ၊
ဝါဒ မှန်ကင်း ထောင်လျှင်း စိုက်ကာ၊
လူပရိဗိုဇ် အမိုက် သစ္စကာ၊
ပညာမီး ညှိသီး တို့မြတ်စွာ၊
အခေါင်နှင်း အောင်ခြင်း ဆဋ္ဌမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

၇။ မဟာနန္ဒော မာန်ပြောထူစွာ၊
နဂါးရန်ကြီး ဖျက်ဆီးစိမ့်ငှါ၊
ဝဲရံထေရ်အား မခြားချိန်ခါ၊
လှူ့ထိပ်မိုး တန်းခိုး ညွှန်ပြကာ၊
အခေါင်နှင်း အောင်ခြင်း သတ္တမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

၈။ အယူဖေါက်လွဲ မြွေခဲ လက်မှာ၊
တန်ခိုးရှိန်အား ကြီးမားထင်စွာ၊
ဗြဟ္မာဗက ဗာလ ယုတ်မာ၊
ဉာဏ်တော်ဆေး တိုက်ကျွေး တို့မြတ်စွာ၊
အခေါင်နှင်း အောင်ခြင်း အဋ္ဌမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။ ။

မင်းကွန်း
အာဒိစ္စဝံသာထေရ် သီကုံးရေးဖွဲ့သည်

www.dhammadownload.com

(၁) မာရ်နတ်ကို အောင်ခြင်း၊
(၂) အာဠဝကဘီလူးကိုအောင်ခြင်း၊
(၃) နာဠာဂီရိဆင်ကို အောင်ခြင်း၊
(၄) အင်္ဂုလိမာလကိုအောင်ခြင်း၊
(၅) စိဉ္စမာနကို အောင်ခြင်း၊
(၆) သစ္စကပရိဗိုဇ်ကိုအောင်ခြင်း၊
(၇) နန္ဒောပနန္ဒကိုအောင်ခြင်း၊
(၈) ဗကဗြဟ္မာမင်းကိုအောင်ခြင်း၊

www.dhammadownload.com

၅။ ဒုက္ခအပေါင်း ခဲ့ညောင်းလို့လေ၊
နှိပ်စက်အမြဲ ဆင်းရဲသူတွေ၊
သုံးပါးယာဉ်ထက် တင်လျက်သာပေ၊
ကယ်တင်ခြား ဘုရားမြတ်စွန့်။

၆။ ကဋ္ဌမုခ အစဖြာပေ၊
မြွေဆိုးလေး၀ ကိုက်ကြသူတွေ၊
တရားမြှုက်ဆေး ကိုက်ကျွေးကာလေ၊
ကယ်တင်ခြား ဘုရားမြတ်စွန့်။

၇။ ကိလေစောရ ပေါလှသလေ၊
ခရီးကြမ်းမှ လှမ်းကြသူတွေ၊
နိဗ္ဗူတာနန်း မြတ်လမ်းညွှန်ချေ၊
ကယ်တင်ခြား ဘုရားမြတ်စွန့်။

၈။ ၀ါလေးဆယ့်ငါး မြတ်ဖျားတည်နေ၊
ဗြဟ္မာလူနတ် ဆည်းကပ်ရှိသေ၊
တရားအမြိုက် ကိုယ်၌တည်စေ၊
နိဗ္ဗာန်နန်း စံမြန်းအတူပေ။

၉။ ကိုယ်တွင်းရန်များ ဖယ်ရှားတုံချေ၊
အောင်ခြင်းရှစ်မျိုး တန်ခိုး၀၀၀၊
စွန့်မြတ်ဖျား အလားတူပေ၊
တပည့်ပေါင်း အောင်ကြောင်းဆုပန်ချွေ။

အရှင်ပညာဒီပ
နတ်တွင်းကျောင်း—ဇာန်သစ်ရွာ
မကွေးမြို့နယ်

www.dhammadownload.com

၁၂၂၁-ခုနှစ်က၊ မန္တလေးမြို့၌ နန်းတည်ခဲ့၍၊ ၁၃၂၁-ခုနှစ်တွင် နှစ်တရာပြည့်သောကြောင့်၊ နိုင်ငံတော်အစိုးရက (မန်းရာပြည့်) ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

www.dhammadownload.com

www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

မင်္ဂလနိဒါန

က။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ,။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ,။

ခ။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ,။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ,။

ဂ။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ, ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ,။ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ,။

ဃ။ ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ,။

ဒေဝတာ ယာစနာ

င။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ,။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ,။

သမ္မတ(၁) အကြိမ်သုံးဆယ်မြောက်၊

www.dhammadownload.com

သမ္မတ,ဆယ်စောင်တွဲ

ဗုဒ္ဓဒေသိတ

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ,။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၂။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ,။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော,။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၄။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော,။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော,။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၆။ အာရတိ ဝိရတိ ပါပါ၊ မဇ္ဇ ပါနာ စ သံယမော,။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ,။

၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ,။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ,။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ,။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ,။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ,။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

အာ ခ နိ သံ သ

က။ ဗဟဝေါ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ၊၊

မင်္ဂလသုတ္တ-နိဒ္ဒေသ

မင်္ဂလာ နိဒါန်း

က။ ဗဟဝေါ-များစွာသော၊ ဒေဝါ စ-နတ်တို့သည်လည်းကောင်း၊ မနုဿာ စ-လူတို့သည်လည်းကောင်း၊ သောတ္ထာနံ-ချမ်းသာခြင်း၏အကြောင်းဖြစ်သော၊ မင်္ဂလာနိ-မင်္ဂလာတရားတို့ကို၊ အာကင်္ခမာနာ-အလိုရှိကုန်သည်ဖြစ်၍၊ အစိန္တယုံ-ကြံကြကုန်ပြီ၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-ထိုမင်္ဂလာတရားတော်ကို၊ ဗြူဟိ-ဟောတော်မူပါ။

www.dhammadownload.com

သမ္မတ,ဆယ်စောင်တွဲ

၈။ ဘန္တေ ကဿပ- အရှင်မဟာ ကဿပ၊ ဣဒံ သုတ္တံ- ဤ မဟာ မင်္ဂလသုတ်တော်ကို၊ မေ မယာ အာနန္ဒတ္ထေရေန- အကျွန်ုပ် အာနန္ဒာမထေရ်သည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ သမ္မုခါ-မျက်မှောက်တော်မှ၊ ဧဝံ-ဤသို့၊ သုတံ-ကြားလိုက်ရ၏၊ ဥပလက္ခိတံ-မှတ်လိုက်ရ၏၊ ဥပဓာရိတံ-ဆောင်လိုက်ရ၏၊ ဧကံ- တပါးသော၊ သမယံ- အခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ- သာဝတ္ထိပြည်၌၊ အနာထပိဏ္ဍိကဿ- အနာထပိဏ် သူဌေး၏၊ အာရာမေ- နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဖြစ်သော၊ ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ-နေတော်မူ၏၊ အထ ခေါ-ထိုသို့ နေတော်မူသောအခါ၌၊ အညတရာ- အမျိုး အမည် အားဖြင့် မထင်ရှားသော၊ ဒေဝတာ- နတ်သားသည်၊ အဘိက္ကန္တာယ- ညဉ့်ဦးယံ လွန်ပြီးသော၊ ရတ္တိယာ-သန်းခေါင် အခါ၌၊ အဘိက္ကန္တဝဏ္ဏာ-အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည် ဖြစ်၍၊ ကေဝလကပ္ပံ- အလုံးစုံသော၊ ဇေတဝနံ- ဇေတဝန် ကျောင်းတော်ကို၊ ဩဘာသေတွာ- ကိုယ်ရောင်, ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၉။ ယေန- အကြင်အရပ်၌၊ ဘဂဝါ- မြတ်စွာဘုရားသခင် သည်၊ အတ္ထိ-ရှိတော်မူ၏၊ တေန-ထိုဘုရား ရှိတော်မူရာအရပ်သို့၊ ဥပသင်္ကမိ-ကပ်လေ၏၊ ဥပသင်္ကမိတွာ-ကပ်လေပြီး၍၊ ဘဂဝန္တံ- မြတ်စွာဘုရားသခင်ကို၊ အဘိဝါဒေတွာ- အလွန်ရှိသေစွာ ရှိခိုး ဦး၍၊ ဧကမန္တံ-တင့်အပ်လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ- ရပ်လေ၏၊ ဧကမန္တံ- တင့် အပ် လျောက် ပတ် သော အ ရပ် ၌၊

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

ဌိတာ ခေါ–ရပ်ပြီးသော၊ သာ ဒေဝတာ– ထိုနတ်သားသည်၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ ဂါထာယ–ဂါထာဖြင့်၊ အဇ္ဈဘာသိ– ဤသို့ နားတော်လျှောက်ပေ၏။

နတ်သား တောင်းပန်ချက်

၄။ ဘန္တေ ဘဂဝါ– ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဗဟူ–များစွာကုန်သော၊ ဒေဝါ စ–နတ်တို့သည်လည်းကောင်း၊ မနုဿာ စ– လူတို့ သည်လည်းကောင်း၊ သောတ္ထာနံ– စင်ကြယ်စွာသော၊ နိဗ္ဗာနံ– နိဗ္ဗာန်ချမ်းသာကို၊ အာကင်္ခမာနာ– လိုချင်တောင့်တကုန်သည် ဖြစ်၍၊ မင်္ဂလာနိ– စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို၊ ဒွါဒသ ဟိ– တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး၊ အစိန္တယုံ– ကြံကြ ကုန်၏၊ စိန္တယန္တာပိ– ကြံကြကုန်သော်လည်း၊ နာဓိဂစ္ဆန္တိ– မသိနိုင်ကုန်၊ ဥတ္တမံ–မြတ်စွာသော၊ တံ မင်္ဂလံ–ထိုသုံးဆယ့်ရှစ်ပါးသောမင်္ဂလာတရားတော်ကို၊ တွံ– အရှင်ဘုရားသည်၊ ဗြူဟိ– ဟောတော်မူပါလော့။

ဘုရားဟောပြပုံ

၁။ ဗာလာ ဒေဝပုတ္တ–အိုနတ်သား၊ ဗာလာနံ–သူမိုက်တို့ကို၊ ယာ အသေဝနာ စ–အကြင်မမှီဝဲ မဆည်းကပ်ရခြင်း သည်လည်းကောင်း၊ ပဏ္ဍိတာနံ–ပညာရှိသောသူတို့ကို၊ ယာ သေဝနာ စ– အကြင် မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပူဇနေယျာနံ– ပူဇော်ထိုက်သောသူတို့ကို၊ ယာ ပူဇာ စ– အကြင် ပူဇော်ရခြင်း သည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ဧတံ–ဤသုံးပါးသော တရား

www.dhammadownload.com

သည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မင်္ဂလံ-မင်္ဂလာ မည်၏ဟူ၍၊ တွံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၂။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ပတိရူပ ဒေသဝါသော စ-တင့်အပ်လျောက်ပတ်သောအရပ်၌နေရခြင်းသည်လည်းကောင်း၊ ပုဗ္ဗေ-ရှေးဘဝ၌၊ ကတပုညတာ စ- မိမိပြုခဲ့ဖူးသော ကောင်းမှုရှိသောသူ၏အဖြစ် သည်လည်းကောင်း၊ အတ္တသမ္မာပဏိဓိ စ-မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ- ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊မင်္ဂလံ-မင်္ဂလာမည်၏ဟူ၍၊တွံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၃။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ဗာဟုသစ္စဉ္စ-အကြားအမြင် များသောသူ၏ အဖြစ်သည်လည်းကောင်း၊သိပ္ပဉ္စ-လက်မှုပညာ အစရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်း သည်လည်းကောင်း၊ သုသိက္ခိတော-ကောင်းစွာသင်အပ်သော၊ ဝိနယော စ-ဝိနည်းတရားသည်လည်းကောင်း၊ သုဘာသိတာ-ကောင်းစွာဆိုအပ်သော၊ ယာဝါစာ စ- အကြင်စကား သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မင်္ဂလံ-မင်္ဂလာမည်၏ဟူ၍၊ တွံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၄။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ မာတာပိတု-အမိ,အဖတို့ကို၊ ဥပဋ္ဌာနဉ္စ- လုပ်ကျွေးမွေးမြူရခြင်း သည်လည်းကောင်း၊ ပုတ္တဒါရဿ-သားမယားတို့အား၊သင်္ဂဟော စ-သင်္ဂြိုဟ်ထောက်ပံ့

www.dhammadownload.com

ရခြင်းသည်လည်းကောင်း၊ အနာကုလာ- အနှောင့်အယှက် မရှိကုန်သော၊ ကမ္မန္တာ စ-အမှုတို့ကို ပြုရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မင်္ဂလံ-မင်္ဂလာမည်၏ဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၅။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ဒါနဉ္စ-အလှူပေးရခြင်း သည်လည်းကောင်း၊ ဓမ္မစရိယာ စ- မြတ်သော အကျင့်တို့ကို ကျင့်ရခြင်း သည်လည်းကောင်း၊ ဉာတကာနံ- အဆွေ အမျိုးတို့အား၊ သင်္ဂဟော စ- သင်္ဂြိုဟ် ထောက်ပံ့ရခြင်း သည်လည်းကောင်း၊ အနဝဇ္ဇာနိ-အပြစ်မရှိကုန်သော၊ ကမ္မာနိ စ-အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မင်္ဂလံ- မင်္ဂလာ မည်၏ဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၆။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ပါပါ- မကောင်းမှုမှ၊ အာရတိ စ- ဝေး စွာ ရှောင် ကြဉ် ရ ခြင်း သည်လည်းကောင်း၊ ဝိရတိ စ- အထူးသဖြင့် ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း၊ မဇ္ဇပါနာ-သေရည်သေရက်တို့ကို သောက်ခြင်းမှ၊ သံယမော စ- ကောင်းစွာ ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း၊ ဓမ္မေသု-ကုသိုလ်ကောင်းမှုတို့၌၊ အပ္ပမာဒေါ စ-မမေ့မလျော့ရခြင်း သည်လည်းကောင်း၊ အတ္ထိ- ရှိ၏၊ ဧတံ- ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ- မြတ်စွာသော၊ မင်္ဂလံ- မင်္ဂလာမည်၏ဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

www.dhammadownload.com

၇။ ဘော ဒေဝပုတ္တ–အိုနတ်သား၊ ဂါရဝေါ စ–ရိုသေထိုက်သောသူတို့အား ရိုသေရခြင်းသည်လည်းကောင်း၊ နိဝါတော စ–မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်းကောင်း၊ သန္တုဋ္ဌိ စ–ရောင့်ရဲလွယ်ရခြင်း သည်လည်းကောင်း၊ ကတညုတာ စ–သူပြုဖူးသောကျေးဇူးကို သိရခြင်းသည်လည်းကောင်း၊ ကာလေန– သင့်တင့်လျောက်ပတ်သောအခါ၌၊ ဓမ္မဿဝနဉ္စ–သူတော်ကောင်းတရားကိုနာရခြင်းသည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ဧတံ–ဤငါးပါးသောတရားသည်လျှင်၊ ဥတ္တမံ–မြတ်စွာသော၊ မင်္ဂလံ–မင်္ဂလာ မည်၏ဟူ၍၊ တွံ–သင်နတ်သားသည်၊ ဂဏှာဟိ–မှတ်လေလော့။

၈။ ဘော ဒေဝပုတ္တ–အိုနတ်သား၊ ခန္တီ စ– သည်းခံရခြင်းသည်လည်းကောင်း၊ သောဝစဿတာ စ– သူတော်ကောင်းတို့ဆိုဆုံးမအပ်သောစကားကို နာလွယ်သောသူ၏အဖြစ်သည်လည်းကောင်း၊ သမဏာနံ– ရဟန်းပုဏ္ဏားတို့အား၊ ဒဿနဉ္စ– ဖူးမြင်ရခြင်း သည်လည်းကောင်း၊ ကာလေန– သင့်တင့်လျောက်ပတ်သောအခါ၌၊ ဓမ္မသာကစ္ဆာ စ–တရားတော်ကိုဆွေးနွေးမေးမြန်းရခြင်း သည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ဧတံ–ဤလေးပါးသောတရားသည်လျှင်၊ ဥတ္တမံ–မြတ်စွာသော၊ မင်္ဂလံ– မင်္ဂလာ မည်၏ဟူ၍၊ တွံ–သင်နတ်သားသည်၊ ဂဏှာဟိ–မှတ်လေလော့။

၉။ ဘော ဒေဝပုတ္တ– အိုနတ်သား၊ တပေါ စ– ခြိုးခြံစွာကျင့်ရခြင်း သည် လည်း ကောင်း၊ ဗြဟ္မစရိယဉ္စ– မြတ်သောအကျင့်တို့ကို ကျင့်ရခြင်း သည်လည်းကောင်း၊ အရိယသစ္စာနံ–အရိယာသစ္စာတို့ကို၊ ဒဿနဉ္စ–သိမြင်ရခြင်းသည်လည်းကောင်း၊

www.dhammadownload.com

နိဗ္ဗာနံ-နိဗ္ဗာန်ချမ်းသာကို၊သစ္စိကိရိယာ စ-မျက်မှောက်ပြုရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မင်္ဂလံ- မင်္ဂလာ မည်၏ဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၁၀။ ဘော ဒေဝပုတ္တ- အိုနတ်သား၊ လောကဓမ္မေဟိ- လောကဓံတရား ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-တွေ့ထသော၊ ယဿ- အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္ပတိ-မတုန်မလှုပ်၊ အသောကံ-စိုးရိမ်ခြင်းလည်းမရှိ၊ ဝိရဇံ-ရမ္မက်ဟူသော မြူလည်း မရှိ၊ ခေမံ-ဘေးလည်းမရှိ၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မင်္ဂလံ-မင်္ဂလာ မည်၏ ဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

မင်္ဂလာ ပြုကျင့်ရကျိုး

က။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ဧတာဒိသာနိ-ဤသို့ သဘောရှိကုန်သော၊ အဋ္ဌတိံသ မင်္ဂလာနိ-သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို၊ ကတွာန-ပြုကျင့်ရသောကြောင့်၊ သဗ္ဗတ္ထ- အလုံးစုံသောအရပ်တို့၌၊ အပရာဇိတာ- ရန်သူတို့သည် မအောင် အပ်ကုန်သည်ဖြစ်၍၊ သဗ္ဗတ္ထ-အလုံးစုံသောအရပ်တို့၌၊ သောတ္ထိံ- ချမ်းသာခြင်းသို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ တံ-ထို သုံးဆယ့်ရှစ်ပါး သော တရားသည်လျှင်၊တေသံ-ထိုနတ်လူတို့အား၊ဥတ္တမံ-မြတ်စွာ သော၊ မင်္ဂလံ- မင်္ဂလာ မည်၏ဟူ၍၊ တွံ- သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

www.dhammadownload.com

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး

ကောက်နုတ်ချက်

အသေဝနာ စ ဗာလာနံ ဟူသော ပုဒ်၌ ၃-ပါး

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်းတပါး။
၂။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်းတပါး။
၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်း တပါး။

ပတိရူပ ဒေသဝါသော စ ဟူသောပုဒ်၌ ၃-ပါး

၁။ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းလည်းတပါး။
၂။ ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှု ရှိသော သူ၏ အဖြစ်လည်း တပါး။
၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တပါး။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ ဟူသော ပုဒ်၌ ၄-ပါး

၁။ အကြား,အမြင် များသောသူ၏ အဖြစ်လည်း တပါး။
၂။ အပြစ်မရှိသော အတတ်ကို တတ်ရခြင်းလည်းတပါး။
၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်း တပါး။
၄။ ကောင်းစွာဆိုအပ်သော စကားလည်း တပါး။

မာတာပိတု ဥပဋ္ဌာနံ ဟူသော ပုဒ်၌ ၃-ပါး

၁။ အမိ,အဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်း တပါး။
၂။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်းတပါး။
၃။ အနှောင့်အယှက်မရှိသောအမှုတို့ကို ပြုရခြင်းလည်းတပါး။

၃၀-ကြိမ်မြောက်

www.dhammadownload.com

ဒါနဉ္စ ဓမ္မစရိယာ စ ဟူသော ပုဒ်၌ ၄-ပါး

၁။ အလှူပေးခြင်းလည်း တပါး။

၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တပါး။

၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်းတပါး။

၄။ အပြစ်မရှိသောအမှုတို့ကို ပြုရခြင်းလည်း တပါး။

အာရတိ ဝိရတိ ဟူသော ပုဒ်၌ ၄-ပါး

၁။ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ရခြင်းလည်းတပါး။

၂။ မကောင်းမှုမှ အထူးသဖြင့်ရှောင်ကြဉ်ရခြင်းလည်း တပါး။

၃။ သေအရက်ကို သောက်ခြင်းမှ ကောင်းစွာ ရှောင် ကြဉ်ရခြင်းလည်း တပါး။

၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တပါး။

ဂါရဝေါ စ နိဝါတော စ ဟူသော ပုဒ်၌ ၅-ပါး

၁။ ရိုသေထိုက်သောသူတို့ကို ရိုသေရခြင်းလည်း တပါး။

၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်း တပါး။

၃။ ရောင့်ရဲလွယ်ရခြင်းလည်း တပါး။

၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တပါး။

၅။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းလည်း တပါး။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

ခန္တီစ သောဝစသဃတာ ဟူသော ပုဒ်၌ ၄-ပါး

၁။ သည်းခံရခြင်းလည်း တပါး။

၂။ သူတော်ကောင်းတို့ ဆိုဆုံးမရာ လိုက်နာလွယ်ရခြင်းလည်း တပါး။

၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမြင်ရခြင်းလည်း တပါး။

၄။ လျောက်ပတ်သော အခါ၌ တရားစကားကို ဆွေးနွေး မေးမြန်းရခြင်းလည်း တပါး။

တပေါစ ဗြဟ္မစရိယဉ္စ ဟူသော ပုဒ်၌ ၄-ပါး

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်း တပါး။

၂။ မြတ်သောအကျင့်တို့ကို ကျင့်ရခြင်းလည်း တပါး။

၃။ အရိယသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တပါး။

၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တပါး။

ဖုဋ္ဌဿ လောကဓမ္မေဟိ ဟူသော ပုဒ်၌ ၄-ပါး

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြား သော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်း တပါး။

၂။ စိုးရိမ်ခြင်းမရှိသည်လည်း တပါး။

၃။ ရမ္မက်ဟူသောမြူ ကင်းခြင်းလည်း တပါး။

၄။ ဘေးမရှိခြင်းလည်း တပါး။

www.dhammadownload.com

မဟာမင်္ဂလာခွဲ အမေး-အဖြေ

မေး၊ ယခု ဘယ်စာကို သင်သနည်း။

ဖြေ၊ မဟာမင်္ဂလသုတ်ကို သင်ပါသည်ဘုရား။

မေး၊ မဟာမင်္ဂလသုတ်၌ အပြားဘယ်မျှ ရှိပါသနည်း။

ဖြေ၊ သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။

မေး၊ အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။

ဖြေ၊ ဒေသနာ ပရိယောသာန နိဂုံးအဆုံးဖြစ်သော "ဧတာဒိသာနိ အဌတ္တိံသ မင်္ဂလာနိ" ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။

မေး၊ အဘယ်မျှသောဂါထာဖြင့် ဟောတော်မူအပ်ပါသနည်း။

ဖြေ၊ ဆယ်ဂါထာတို့ဖြင့် ဟောတော်မူအပ်ပါသည်ဘုရား။

မေး၊ ဟောတော်မူအပ်သော ဂါထာကား အဘယ်ဂါထာများ ပါသနည်း။

ဖြေ၊ အသေဝနာစ,လည်း တဂါထာ၊ ပတိရူပလည်း တဂါထာ၊ ဗာဟုသစ္စဉ္စ,လည်းတဂါထာ၊မာတာပိတု,လည်းတဂါထာ၊ ဒါနဉ္စ, လည်း တဂါထာ၊ အာရတိ, လည်း တဂါထာ၊ ဂါရဝေါစ, လည်း တဂါထာ၊ ခန္တီစ, လည်း တဂါထာ၊ တပေါစ, လည်း တဂါထာ၊ ဖုဋ္ဌဿ, လည်း တဂါထာ၊ ဤဆယ်ဂါထာတို့ဖြင့် ဟောတော်မူအပ်ပါသည်ဘုရား။

မေး၊ အဘယ်အရပ်မှာ ဟောတော်မူသနည်း။

ဖြေ၊ သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဘုရား။

www.dhammadownload.com

မေး၊ သာဝတ္ထိပြည်ဟု အဘယ့်ကြောင့် ခေါ်တွင်သနည်း။
(ဆိုသနည်းဟုလည်း မေး)

ဖြေ၊ "သဗ္ဗံ ဓန မေတ္ထ အတ္ထီတိ" ဟု ပါဠိရှိ သောကြောင့်-ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာ ရတနာအပေါင်းတို့သည် လိုရာမတ ပြည့်စုံသောကြောင့် "သာဝတ္ထိပြည်"ဟု ခေါ်တွင်ပါသည်ဘုရား။

မေး၊ သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။

ဖြေ၊ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည်ဘုရား။

မေး၊ ဇေတဝန်ကျောင်းတော်ဟု အဘယ့်ကြောင့် ခေါ်သနည်း။

ဖြေ၊ ဇေတမင်းသား၏ဥယျာဉ်မြေကို ရွှေအသပြာ အတိခင်းပြီး လျှင် မြေဖိုးပေး၍ ဝယ်ယူဆောက်လုပ်အပ် သောကြောင့် "ဇေတဝန်ကျောင်း"ဟု ခေါ်ပါသည်ဘုရား။

မေး၊ အဘယ်သူ ဆောက်သနည်း။

ဖြေ၊ အနာထပိဏ်သဌေး ဆောက်ပါသည်ဘုရား။

မေး၊ အနာထပိဏ်သဌေးဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ၊ "အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော"ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာ မရှိသော သူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့်"အနာထပိဏ်သဌေး"ဟုခေါ်တွင် ပါသည်ဘုရား။

မေး၊ ငယ်မည်ကို အဘယ်ဟု ခေါ်သနည်း။

ဖြေ၊ "သုဒတ္တ"ဟု ခေါ်ပါသည်ဘုရား။

www.dhammadownload.com

မေး၊ ဇေတဝန်ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသလော ဝေးသလော၊ အရှေ့, အနောက်, တောင်, မြောက် စသည် တို့တွင် အဘယ်အရပ်မှာနည်း။

ဖြေ၊ "ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိ နဂရဿ အဝိဒူရေ ဒက္ခိဏပဿေ သတမတ္တေ ဒက္ခိဏပဿေ"ဟူသော သာဓကပါဠိ ရှိသော ကြောင့် သာဝတ္ထိပြည်၏ မနီးမဝေး တောင်အရပ်ဖြစ်သော ကုတ်လုတ်လေးတာ အပြန်ငါးရာအရပ်တွင် ဖြစ်ပါသည် ဘုရား။

မေး၊ ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော,စမ္ပာယ်ရှိ လော, ဦးပြည်းလော။

ဖြေ၊ " တိဘူမိကေသု ဂန္ဓကုဋိ " ဟူ၍ သာဓကပါဠိ ရှိသော ကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာ တန်းဆာဆင်အပ်သော ဘုံသုံးဆင့်ရှိသော ဇေတဝန် ကျောင်းတော် ဖြစ်ပါသည်ဘုရား။

မေး၊ အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ၊ အမျိုး အမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

မေး၊ အဘယ်ကြောင့်မထင်ရှားသောနတ်သားဟု ဆိုပါသနည်း။

ဖြေ၊ " အထ ခေါ အညတရာ ဒေဝတာ " ဟူသော ပါဠိကို ထောက်၍ ဆိုပါသည်ဘုရား။

www.dhammadownload.com

မေး၊ မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း၊
ဖြေ၊ ဣန္ဒသက္ကသိကြားဟု ဆိုပါသည်ဘုရား။
မေး၊ အဘယ်အခါ ထောင်းပန်သနည်း။
ဖြေ၊ သန်းခေါင်ယံအခါ တောင်းပန်ပါသည်ဘုရား။
မေး၊ အဘယ်ကြောင့် သိရပါသနည်း။
ဖြေ၊ "အဘိက္ကန္တာယ ရတ္တိယာ" ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။
မေး၊ မထင်ရှားသောနတ်သားကို အဘယ် အကြောင်းကြောင့် သိကြားဟု ဆိုသနည်း။
ဖြေ၊ ဘုရားသခင်ခြေတော်ရင်း၌ညဉ့်ဦးယံကား "စတုမဟာရာဇ် နတ်တို့သည် ဆည်းကပ်ဖူးမျှော်မြဲအချိန်အခါဖြစ်ပါသည်" သန်းခေါင်ယံကား "တာဝတိံသာနတ်သိကြားတို့ ဆည်းကပ် ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်" မိုးသောက်ယံကား "ဗြဟ္မာတို့ ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်" ထိုအချိန်ကာလသုံးပါးတို့တွင် သန်းခေါင်ယံအချိန် ဖြစ်သောကြောင့် "သိကြား" ဟု ဆိုပါသည်ဘုရား။
မေး၊ သိကြားတောင်းပန်ကြောင်းကို အဘယ်သူကြားသနည်း။
ဖြေ၊ အရှင်အာနန္ဒာ ကြားပါသည်ဘုရား။
မေး၊ အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ့်ကြောင့် သိရသနည်း။
ဖြေ၊ "အာနန္ဒတ္ထေရေန သုတံ" ဟူသောပါဠိကိုထောက်၍ သိရပါသည်ဘုရား။

www.dhammadownload.com

မေး၊ အရှင်အာနန္ဒာကြားသော် အဘယ်သူကို ပြောသနည်း။

ဖြေ၊ အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား။

မေး၊ အရှင်မဟာကဿပဟု အဘယ်ကြောင့် ခေါ်သနည်း။

ဖြေ၊ "ကသိကမ္မာဒိသု သံဝေဂံ ပဋိလဘိတွာ ပဗ္ဗဇိတဗ္ဗတော ကဿပေါ"ဟူသော ပါဠိနှင့်အညီ လယ်လုပ်ခြင်း အစ ရှိသော အမှုတို့၌ ထိတ်လန့်ခြင်းတရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပဟု ခေါ်တွင်ပါသည်ဘုရား။

မေး၊ ငယ်မည်ကို အဘယ်သူဟု ဆိုသနည်း။

ဖြေ၊ ရွှေအဆင်းကဲ့သို့ ကိုယ်သား၊ကိုယ်ရေ တို့၏ တင့်တယ်ခြင်း ရှိသောကြောင့်"ပိပ္ပလိလုလင်"ဟု ဆိုပါသည်ဘုရား။

မေး၊ မင်္ဂလာတရား ၃၈-ပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ "အသေဝနာ စ ။ပ။ ဧတံ မင်္ဂလမုတ္တမံ" ဟူသော ပဌမ ဒေသနာတော်၌ မင်္ဂလာသုံးပါး၊ "ပတိရူပ ။ပ။ ဧတံ မင်္ဂလမုတ္တမံ ဟူသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာ သုံးပါး၊ "ဗာဟုသစ္စဉ္စ ။ပ။ ဧတံ မင်္ဂလမုတ္တမံ"ဟူသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါး၊ "မာတာပိတု ။ပ။ ဧတံ မင်္ဂလမုတ္တမံ"ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါး၊ "ဒါနဉ္စ ။ပ။ ဧတံ မင်္ဂလမုတ္တမံ" ဟူသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာလေးပါး၊ "အာရတိ ။ပ။ ဧတံ မင်္ဂလမုတ္တမံ"ဟူသော ဆဋ္ဌမဒေသနာတော်၌ မင်္ဂလာ လေးပါး၊ "ဂါရဝေါ စ ။ပ။ ဧတံ မင်္ဂလမုတ္တမံ" ဟူသော သတ္တမ ဒေသနာတော်၌ မင်္ဂလာငါးပါး၊ "ခန္တီ စ ။ပ။

www.dhammadownload.com

ဧတံ မင်္ဂလမုတ္တမံ"ဟူသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာ လေးပါး၊ "တပေါ စ ။ပ။ ဧတံ မင်္ဂလမုတ္တမံ" ဟူသော နဝမ ဒေသနာတော်၌ မင်္ဂလာလေးပါး၊ "ဖုဋ္ဌဿ ။ပ။ ဧတံ မင်္ဂလမုတ္တမံ"ဟူသော ဒသမ ဒေသနာတော်၌ မင်္ဂလာ လေးပါး ဤသို့အားဖြင့် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ရှိပါသည်ဘုရား။

မေး၊ "အသေဝနာ စ"အစရှိသောပဌမဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်း သည်လည်း မင်္ဂလာ တပါး၊ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ် နှီးနှောရခြင်း သည်လည်း မင်္ဂလာတပါး၊ ဘုရား အစရှိသော ရတနာ သုံးပါး တို့အား အရိုအသေ အလေးအမြတ် ပြုရခြင်း သည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့်"အသေဝနာ စ" အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ရှိပါသည်ဘုရား။

မေး၊ "အသေဝနာ စ"အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာ တရား သုံးပါးတို့ကိုသိရပါပြီ၊ "ပတိရူပ ဒေသဝါသော စ" အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်း သည်လည်း မင်္ဂလာတပါး၊ ရှေးက ပြုဘူးသော ကောင်းမှု ရှိခြင်း သည်လည်း မင်္ဂလာ တပါး၊ မိမိကိုယ်ကို ကောင်းစွာ

www.dhammadownload.com

ထိန်းသိမ်း စောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် "ပတိရူပ ဒေသဝါသော စ" အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ရှိပါသည် ဘုရား။

မေး၊ "ပတိရူပ ဒေသဝါသော စ" အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာတရား သုံးပါးတို့ကို သိရပါပြီ၊ "ဗာဟုသစ္စဥ္စ" အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ ကျမ်းဂန်တရား အကြား,အမြင် များရခြင်း သည်လည်း မင်္ဂလာတပါး၊ အပြစ်ခပ်သိမ်းကင်းသော နှုတ်မှု အတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ကောင်းစွာ သိအပ်သောဝိနည်းတရားတို့ကိုသင်ကြားရခြင်းသည်လည်း မင်္ဂလာတပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့ အားဖြင့် "ဗာဟုသစ္စဥ္စ" အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ရှိပါသည်ဘုရား။

မေး၊ "ဗာဟုသစ္စဥ္စ" အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးတို့ကို သိရပါပြီ၊ "မာတာပိတု" အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ အမိ, အဖ တို့ကို လုပ်ကျွေး မွေးမြူရခြင်း သည်လည်း မင်္ဂလာတပါး၊ သား,မယားတို့အား သင်္ဂြိုဟ် ထောက်ပံ့

www.dhammadownload.com

ရခြင်းသည်လည်း မင်္ဂလာတပါး၊ အနှောင့်အယှက် မရှိသော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ဖြစ်ပါသည်ဘုရား။

မေး၊ မာတာပိတု-အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာ သုံးပါးတို့ကို သိရပါပြီ၊ ဒါနဉ္စ-အစရှိသော ပဉ္စမဒေသနာ တော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည် တို့နည်း။

ဖြေ၊ အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး၊ တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အဆွေအမျိုး တို့အား ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး၊ အပြစ်မရှိသော အကြင် အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဒါနဉ္စ-အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး၊ ဒါနဉ္စ-အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာလေးပါး တို့ကို သိရပါပြီ၊ အာရတိ-အစရှိသော ဆဋ္ဌမ ဒေသနာ တော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည် တို့နည်း။

ဖြေ၊ မကောင်းမှုကို မပြုမူ၍ ဝေးစွာ ရှောင်ကြဉ်ရခြင်း သည် လည်း မင်္ဂလာတပါး၊ ကိုယ်၏အသက်ကို ငဲ့ကွက်ခြင်း ကင်းသော စိတ်ဖြင့် ငါသည် မကောင်းမှု မပြုပြီ၊ ငါ၏

www.dhammadownload.com

အသက် သေသော်လည်း သေပါစေ၊ သူ၏ အသက်ကို မသတ်ပြီ၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အမှုကို မပြုပြီဟု အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည်လည်း မင်္ဂလာ တပါး။

မေး၊ သုရာငါးပါးဆိုသည် အဘယ်နည်း။

ဖြေ၊ ပိဋ္ဌသုရာ- မုန့်ညက်ဖြင့် ပြုသော သေ၊ ပူဝသုရာ- မုန့်ဖြင့် ပြုသော သေ၊ ဩဒနသုရာ- ထမင်းဖြင့် ပြုသော သေ၊ ကိဏ္ဏပက္ခိတ္တသုရာ- တဆေးထည့်၍ ပြုသော သေ၊ သမ္ဘာရသံယုတ္တာ- များစွာသော အဆောက်အဦဖြင့်ပြုသော သေ ဤသည်ကား သုရာငါးပါး ဖြစ်ပါသည်ဘုရား။

မေး၊ မေရယ ငါးပါး ဆိုသည် အဘယ်နည်း။

ဖြေ၊ ပုပ္ဖါသဝေါ- အပွင့် အရည်ဖြင့် ပြုသော အရက်၊ ဖလာသဝေါ-သစ်မည်စည်သီး အစရှိသည်တို့ဖြင့်ပြုသော အရက်၊ မဓွာသဝေါ-မုဒရက်သီး အစရှိသည်တို့ဖြင့်ပြုသော အရက်၊ ဂုဠာသဝေါ- ကြံရည်တို့ဖြင့် ပြုသော အရက်၊ သမ္ဘာရသံယုတ္တော- များစွာသော အဆောက်အဦတို့ဖြင့် ပြုသော အရက် ဤသည်ကား မေရယငါးပါး ဖြစ်ပါသည်ဘုရား။

ဤဆိုအပ်ခဲ့ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတပါး၊ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန,

၃၀-ကြိမ်မြောက်၊

၁၀၈၇၄

www.dhammadownload.com

ပတ္တာနုမောဒနာ, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ တည်း ဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ရခြင်း သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် "အာရတိ" အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား။

မေး၊ "အာရတိ" အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာ တရား လေးပါးတို့ကိုသိရပါပြီ၊ "ဂါရဝေါ စ" အစရှိသော သတ္တမဒေသနာတော်၌ မင်္ဂလာတရားငါးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ၊ အသက်,သိက္ခာ အားဖြင့် ကြီးသောသူ, ဂုဏ်ရှိသောသူ တို့အား အရိုအသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာ တပါး၊ ရရသမျှသော ပစ္စည်း အသုံးအဆောင် တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက် ပတ်သော အခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့် သတ္တမ ဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဖြစ်ပါသည်ဘုရား။

မေး၊ သတ္တမ ဒေသနာတော်ဖြစ်သော "ဂါရဝေါ စ"၌ မင်္ဂလာ တရား ငါးပါးတို့ကိုသိရပါပြီ၊ "ခန္တီစ" အစရှိသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

www.dhammadownload.com

ဖြေ၊ ကိုယ့်အောက်ယုတ်သောသူတို့ကို သည်းခံရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုဆုံးမ လွယ်သော သူ၏အဖြစ်သည်လည်းမင်္ဂလာတပါး၊ ရဟန်းပုဏ္ဏားတို့အား ဖူးမြင်ရခြင်းသည်လည်းမင်္ဂလာတပါး၊ လျောက်ပတ်သော အခါ၌ တရားစကားကို နှီးနှော ပြောဆို ဆွေးနွေး မေးမြန်းရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အဋ္ဌမ ဒေသနာတော်ဖြစ်သော "ခန္တီစ"၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး၊ အဋ္ဌမ ဒေသနာတော်ဖြစ်သော "ခန္တီစ"၌ မင်္ဂလာတရား လေးပါးတို့ကို သိရပါပြီ၊ "တပေါ စ" အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ၊ ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းမင်္ဂလာတပါး၊ မြတ်သော မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ် တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရိယ သစ္စာတရားတို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့် "တပေါ စ" အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည် ဘုရား။

မေး၊ နဝမ ဒေသနာတော်ဖြစ်သော"သပေါစ"၌ မင်္ဂလာတရား လေးပါးတို့ကို သိရပါပြီ၊ "ဖုဋ္ဌဿ" အစရှိသော ဒသမ

www.dhammadownload.com

ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ၊ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံ တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့သော ရဟန္တာ ပုဂ္ဂိုလ်၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာ တပါး၊ ထိုလောကဓံတရားရှစ်ပါးတို့ကို တွေ့သောအခါ စိုးရိမ်ခြင်း မရှိသည်လည်း မင်္ဂလာတပါး၊ ကိလေသာ ရမ္မက်ဟူသော အညစ် အကြေး မတင် သန့်ရှင်း စင်ကြယ်သော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ကြောက်မက်ခြင်း ကင်းသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဒသမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး၊ မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာမထေရ်သည် အရှင် မဟာကဿပ မထေရ်အား ပြောသည်ဆိုသော် အဘယ့် အရပ်မှာနည်း။

ဖြေ၊ ရာဇဂြိုဟ်မှာ ပြောပါသည်ဘုရား။

မေး၊ ရာဇဂြိုဟ်ဟု အဘယ်ကြောင့် ခေါ်သနည်း။

ဖြေ၊ စကြဝတေး အစရှိသော ဘုန်းကြီးသော မင်းတို့သည် သိမ်းယူရာ ဖြစ်သောကြောင့် "ရာဇဂြိုဟ်"ဟု ခေါ်တွင် ပါသည် ဘုရား။

www.dhammadownload.com

မေး၊ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော, မြို့ပြင်မှာလော, အရှေ့, အနောက်,တောင်,မြောက် စသော အရပ်တို့တွင် အဘယ် အရပ်မှာ ပြောပါသနည်း။

ဖြေ၊ ရာဇဂြိုဟ်ပြည် မြို့ပြင် မြောက်ဖက်အရပ် ဝေဘာရတောင် ဝှမ်း စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ ဘုံဆောင် ဗိမာန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်းဆာ ဆင်အပ်သော ချောမောပြေပြစ် ဆန်းကြယ်လှ စွာသော ရတနာသဘင် မဏ္ဍပ်၌ ဣန္ဒနီလာ မသာရဂလ် မနောမယ အစရှိသော ရတနာမျိုးတို့ဖြင့်စီမံအပ်သော တွေတွေဒီးဒီး ရွှေချောင်းစီးသကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ တန်ဖိုး အတိုင်းမသိ ထိုက်သော ခင်းနှီး နေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကို ကိုင်၍ အရှေ့စူးစူးသို့ မျက်နှာ ပြုလျက် နေတော်မူပြီးလျှင် ပထမသံဂါယနာကို အမှူးပြု၍ ဆောင်ရွက်တော်မူသော အရှင်မဟာကဿပရဟန္တာကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာ ဖြေလျှောက်ပါသည် ဘုရား။ နတ်သားတောင်းပန်၍ ဟောတော်မူသောအခါ ကုဋေ ရှစ်သန်းမျှလောက် ကုန်သော နတ်သားတို့သည် ရဟန္တာဖြစ်၏ ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သူ အနန္တ ဆိုပါသည်ဘုရား။

မဟာမင်္ဂလာခွဲ အမေး-အဖြေ ဤတွင် ပြီး၏။

---

www.dhammadownload.com

မင်္ဂလသုတ် အဓိပ္ပါယ်

အထူးမှတ်ချက်

မဟာမင်္ဂလသုတ်အဓိပ္ပါယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှ ထည့်သွင်းပြပါဦးအံ့

ဧကမန္တံ အဋ္ဌာသိ–ဟူသော ပါဠိ၏အဓိပ္ပါယ်ကား... နီးလွန်းသော အရပ်၊ ဝေးလွန်းသော အရပ်၊ လေညာဖြစ်သော အရပ်၊ မြင့်သောအရပ်၊ ရှေ့ တူရူဖြစ်သောအရပ်၊ နောက် တူရူဖြစ်သော အရပ် ၎င်းခြောက်ရပ်မှ လွတ်သောအရပ်ကို ဆိုလိုသည်။

ပတိရူပ ဒေသဝါသော စ–ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... ရဟန်းသုံးပါး ထင်ရှားရှိသောအရပ်၌ နေရခြင်းကို ဆိုလိုသည်။

အတ္တသမ္မာပဏိဓိ စ–ဟူသော ပါဠိ၏အဓိပ္ပါယ်ကား...ဒုစရိုက် ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတာ စ ယာ ဝါစာ–ဟူသော ပါဠိ၏အဓိပ္ပါယ်ကား.... ပိသုဏာဝါစာမှ ကြဉ်၍ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သမ္ဖပ္ပလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားကို ဆိုလိုသည်။

ပုတ္တဒါရဿ သင်္ဂဟော–ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... သရဏဂုံ ဆောက်တည်ပြီး ပဉ္စသီလကို စောင့်ထိန်း၍ ကုသိုလ် ကောင်းမှုကိုပြုကာ တရားတော်နှင့်အညီ သား,မယား တို့ကို မွေးမြူရမည် ဆိုလိုသည်။

www.dhammadownload.com

ဒါနဉ္စ ဓမ္မစရိယာ–ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား.... ဆွမ်း, အဖျော်, ကျောင်း, သင်္ကန်း, ယာဉ်, ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး ၎င်းဒါနဝတ္ထုဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး၊ ဤတဆယ့်တပါးကို ဒါနဉ္စပုဒ်၌ သွင်းအပ်၏။ ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလ တို့ကို ဓမ္မစရိယပုဒ်၌ သွင်းအပ်၏။ အဋ္ဌင်္ဂသီလကို အနုဝဇ္ဇာနိ ကမ္မာနိ ဟူသောပုဒ်၌ သွင်းအပ်၏။

အာရတိ ဝိရတိ–ဟူသော ပါဌ်၏အဓိပ္ပါယ်ကား.... စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတိမည်၍၊ ကိုယ်, နှုတ် နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝိရတိ မည်၏။

မဇ္ဇပါနာ–ဟူသော ပါဌ်၏အဓိပ္ပါယ်ကား.... သုရာ-ငါးပါး, မေရယ-ငါးပါးကို ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သန္တုဋ္ဌီ စ–ဟူသော ပါဌ်၏အဓိပ္ပါယ်ကား....ကိလေသာတို့ကို ခေါင်းပါးစေခြင်းငှါ လောဘအာရုံသို့မလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာလေန ဓမ္မဿဝနံ–ဟူသော ပါဌ်၏အဓိပ္ပါယ်ကား....ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသဝိတက်, ဤမိစ္ဆာဝိတက် မဝင်လာသောအခါသည် တရားတော်ကိုနာရခြင်းငှါ လျောက်ပတ်သော အခါ မည်၏။

သောဝစဿတာ-ဟူသောပါဌ်၏အဓိပ္ပါယ်ကား....သားတော်ရာဟုလာကို ဩဝါဒပေးတော်မူသောအခါ တခွန်းတည်းသော

www.dhammadownload.com

စကားဖြင့် နာယူလွယ်သကဲ့သို့ သူတော်ကောင်းတို့၏ ဆိုဆုံးမ စကားကို တခွန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည်ဟု ဆိုလိုသည်။

သမဏာနဉ္စ ဒဿနံ–ဟူသော ပါဠိ၏အဓိပ္ပါယ်ကား....သီလဝန္တ ပုထုဇန်ပုဂ္ဂိုလ်တို့နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက် တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

တပေါ စ–ဟူသောပါဠိ၏အဓိပ္ပါယ်ကား....ဝီရိယကိုဖြစ်စေ၍ ဣန္ဒြိယ သံဝရသီလကို လုံအောင်ထိန်းသိမ်းရမည်ဆိုလိုသည်။

ဗြဟ္မစရိယဉ္စ–ဟူသောပါဠိ၏အဓိပ္ပါယ်ကား....မေထုန်၇–ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

အရိယသစ္စာန ဒဿနံ– ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ဆင်ခြင်ခြင်းကို ဆိုလိုသည်။

နိဗ္ဗာန သစ္ဆိကိရိယာ စ– ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည် ဆိုလိုသည်။

လောကဓမ္မေဟိ–ဟူသော ပါဠိ၏အဓိပ္ပါယ်ကား.... လာဘ် ရခြင်း, လာဘ်မရခြင်း, အခြံအရံ ရှိခြင်း, အခြံအရံ မရှိခြင်း, ချီးမွမ်းခြင်း,ကဲ့ရဲ့ခြင်း, ချမ်းသာခြင်း,ဆင်းရဲခြင်း ဤလောကဓံ တရား ရှစ်ပါးကို ဆိုလိုသည်။

အထူးမှတ်ရန် အဓိပ္ပါယ်အကျဉ်း ပြီး၏။

၄၀–ကြိမ်မြောက်

www.dhammadownload.com

မင်္ဂလာတရား ၃၈-ပါး သံပေါက်

၁။ ကောလာဟလ၊ ကြံကုန်ကြ၊ ဒေဝ,မနုဿာ။
၂။ သက္ကသိကြား၊ တောင်းပန်ငြား၊ ဟောထားဒေသနာ။
၃။ အသေဝနာ၊ ဗာလာနံ၊ ရှောင်ကြဉ် ဝေးဝေးခွာ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝနာ၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင့်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗူတာ။
၉။ အကြားအမြင်၊ များမြောက်စဉ်၊ ကြည်လင်အားထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကာဝိမှတ်ကုန်ပါ။
၁၁။ ဝိနယောစ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။
၁၂။ သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာပိတ၊ မိန္နှင့်ဖ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ မယားသားအား၊ သင်္ဂြိုဟ်ငြား၊ တပါးမင်္ဂလာ။
၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။
၁၆။ အလှူဒါန၊ ပေးဝေငှ၊ ထက်လှစေတနာ။
၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွသူတော်စွာ။
၁၈။ ဉာတကာနဉ္စ၊ သင်္ဂဟ၊ မ,စ သင်္ဂြိုဟ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတီစ၊ အဓမ္မ၊ နေ့·ည ကြဉ်ကုန်ပါ။
၂၁။ ဝိရတီစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။
၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့-ည မမေ့ရာ။
၂၄။ ဂါရဝေါ စ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ။
၂၅။ နိဝါတော စ၊ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ။
၂၆။ သန္တုဋ္ဌိ စ၊ ရောင့်ရဲကြ၊ နိစ္စအလွယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မထိမ်မြှူး၊ ကြည်နူးသိကုန်ပါ။
၂၈။ လျော်ကပ်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံးကျင့်အပ်စွာ။
၃၀။ ကောင်းသည့်စကား၊ ဆိုတတ်ငြား၊ အများကြည်မေတ္တာ။
၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလားရှောင်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယှဉ်းချွတ်မရှိရာ။
၃၃။ သုံးခါ်ကာလ၊ မြတ်ဓမ္မ၊ နေ့-ည ဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ၊ ပြုစင်လှ၊ ကျင့်ကြပဏ္ဍိတာ။
၃၆။ နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းပေါက်မင်္ဂလာ။
၃၇။ အရိယသစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်မခ၊ ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်မည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကုန်ပါ။
၄၃။ ကျက်ချိအရ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။
၄၄။ ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

www.dhammadownload.com

အပြင်အောင်ခြင်း ရှစ်ပါးပါဠိ

၁။ ဗာဟုံ သဟဿ အဘိနိမ္မိတ သာဝုဓန္တံ၊
ဂီရိမေခလံ ဥဒိတ ဃောရံ သသေနမာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၂။ မာရာတိရေက အဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၃။ နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္က မသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၅။ ကတွာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနီယာ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတ မနံ အတိအန္ဓဘူတံ။

ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ ဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန သုဒဋ္ဌ ဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

အပြင်အောင်ခြင်း ရှစ်ပါးပါဠိ ပြီး၏။

အပြင်အောင်ခြင်း ရှစ်ပါးအနက်

၁။ ယော မုနိန္ဒော-အကြင်မြတ်စွာဘုရားသည်၊ဂိရိမေခလံ-ဂိရိမေခလာ အမည်ရှိသော ဆင်ကို၊ ဥဒိတံ- တက်စီးထသော၊ အဘိနိမ္မိတ သာဝုဓန္တံ- အလွန် ဖန်ဆင်းအပ်သော လက်နက်နှင့် တကွဖြစ်ထသော၊ ဗာဟုံ သဟဿံ- တထောင်သော လက်ရုံး ရှိထသော၊ ဃောရံ- ကြမ်းတမ်းစွာထသော၊ သ သေနမာရံ- စစ်သည်နှင့်တကွသော မာရ်နတ်သားကို၊ ဒါနာဒိ ဓမ္မဝိဓိနာ- ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ-မာရ်နတ်သားကို

၃၀ - ကြိမ်မြောက်၊

အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ-အောင်ခြင်း မင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၂။ ယော မုနိန္ဒော-အကြင် မြတ်စွာဘုရားသည်၊ မာရာတိရေကံ-မာရ်နတ်သားထက်အလွန်၊ သဗ္ဗရတ္တိံ-ညဉ့်သုံးယံပတ်လုံး၊ အဘိယုဇ္ဈိတံ- အလွန် စစ်ထိုးနိုင်ထသော၊ ဃောရံ-ကြောက်မက်ဖွယ် ရှိထသော၊ အက္ခမံ-သူတပါးတို့သည် သည်းခံနိုင်ခဲထသော၊ ထဒ္ဓံ-ကြမ်းတမ်းခက်မာစွာထသော၊ အာဠဝကံ- အာဠဝက အမည်ရှိသော၊ ယက္ခံပန- ဘီလူးကိုကား၊ ခန္တီသုဒန္တဝိဓိနာ- သည်းခံတော်မူခြင်း, ကောင်း စွာ ယဉ် ကျေး စေ တော် မူ ခြင်း တည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံ တေဇသာ- အာဠဝက ဘီလူးကို အောင် တော် မူ သော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၃။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဒါဝဂ္ဂိစက္ကမသနိံဝ- တောမီး မိုးကြိုးစက်ကဲ့သို့၊ သုဒါရုဏန္တံ- အလွန် ကြမ်းကြုတ်စွာ ထသော၊ အတိမတ္တဘူတံ- အလွန် မုန်ရူးစွာ ထသော၊ နာဠာဂိရိံ-နာဠာဂိရိအမည်ရှိသော၊ ဂဇဝရံ-မြတ်သော မင်းစီးဆင်ကို၊ မေတ္တမ္ဗုသေက ဝိဓိနာ- မေတ္တာ တော် ရေ ကို သွန်းခြင်းတည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံ တေဇသာ- နာဠာဂိရိဆင်ကို အောင်တော်မူသော

ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ- အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၄။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဥက္ခိတ္တခဂ္ဂမတိဟတ္ထသုဒါရုဏန္တံ- ချီအပ်သောသန်လျက် လက်၌ ရှိသည်ဖြစ်၍ အလွန် ကြမ်းကြုတ်စွာ ထသော၊ တိယောဇနပထံ- သုံးယူဇနာရှိသော ခရီးကို၊ ဓာဝံ- တဟုန်တည်း ပြေးစွမ်းနိုင်ထသော၊ အင်္ဂုလိမာလဝန္တံ-လက်ညှိုးတည်းဟူသော ပန်းရှိသော ခိုးသူကို၊ ဣဒ္ဓါဘိသင်္ခတမနော- တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ- အင်္ဂုလိမာလအမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ- မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၅။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ကဋ္ဌံ-သစ်သားကို၊ ဂဗ္ဘိနိယာ- ကိုယ်ဝန်ဆောင်သော၊ ဥဒရံ ဣဝ-ဝမ်းကဲ့သို့၊ ကတွာန- ပြုလုပ်၍၊ ဇနကာယမဇ္ဈေ- တရားနာပရိသတ်ဖြစ်သော လူ့ရဟန်း အပေါင်းတို့၏အလယ်၌၊ စိဉ္စာယ- စိဉ္စမာဏဝိကာအမည်ရှိသော မိန်းမညစ်၏၊ ဒုဋ္ဌဝစနံ- စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို၊ သန္တေန-ငြိမ်သက်စွာသော၊ သောမဝိဓိနာ-ဖြူစင်ချမ်းအေးစွာသောအစီအရင်ဖြင့်၊ ဇိတဝါ-

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

အောင်တော်မူလေပြီ၊ တံ တေဇသာ- စိဥ္စမာဏဝိကာ အမည်ရှိသော မိန်းမညာစ်၏ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၆။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ သစ္စံ-မှန်သောစကားကို၊ ဝိဟာယ-စွန့်၍၊ အတိသစ္စကဝါဒကေတုံ-မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒ တည်းဟူသော မှန်ကင်းရှိထသော၊ ဝါဒါဘိရောပိတမနံ-မိမိဝါဒဖြင့် သူတပါးတို့ကို နှိမ်နင်းလိုသောစိတ် ရှိထသော၊ အတိအန္ဓဘူတံ-အလွန်မိုက်လှစွာသော ကုဋ္ဌဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို၊ ပညာပဒီပဇလိတော- ပညာတော်တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော် မူသည်ဖြစ်၍၊ ဇိတဝါ- အောင်တော် မူလေပြီ၊ တံ တေဇသာ- ကုဋ္ဌဒန္တ အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ- မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၇။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဝိဝိဓံ-အထူးထူးအပြားပြားရှိသော၊ မဟိဒ္ဓိံ-ကြီးသောတန်ခိုးရှိသော၊ နန္ဒောပနန္ဒ ဘုဇဂံ- နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို၊ ထေရဘုဇဂေန- ကြီးမြတ်သော နဂါးမင်း ဖြစ်တော်မူသော၊

www.dhammadownload.com

ပုတ္တေန- သားတော် ရှင်မောဂ္ဂလာန်ကို၊ ဓုနာပယန္တော- အခိုးအလှံ့ လွှတ်၍ ချွေချွတ် ဖျက်ဆီးစေလျက်၊ ဋ္ဌဒ္ဓူပဒေသ ဝိဓိနာ- တန်ခိုးဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေသကို ပေးတော်မူသော အစီအရင်ဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ- နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၇။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဒုဂ္ဂါဟ ဒိဋ္ဌိဘုဇဂေန- မကောင်းသော အယူမိစ္ဆာဒိဋ္ဌိ တည်းဟူသော မြွေသည်၊ သုဒဋ္ဌဟတ္ထံ ပြင်းစွာကိုက်အပ်သော လက်ရှိထသော၊ သုတံ- ကျော်စောစွာ ထသော၊ ဇုတိမဟိဒ္ဓိံ- တောက်ပသော တန်ခိုးရှိထသော၊ ဗကာဘိဓာနံ- ဗက အမည်ရှိသော၊ ဗြဟ္မံ- ဗြဟ္မာမင်းကို၊ ဉာဏာဂဒေန-ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဆေးဟုဆိုအပ်သော၊ ဝိဓိနာ-အစီအရင်ဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ-ဗကအမည်ရှိသော ဗြဟ္မာမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

အပြင်အောင်ခြင်း ရှစ်ပါးပါဠိ ပြီး၏။

---

www.dhammadownload.com

အတွင်းအောင်ခြင်း ရှစ်ပါးပါဠိ

၁။ အဝိဇ္ဇာ အဏ္ဏဝေါသမ္ပိ၊ သတ္တေ တဏှာဇလမ္ဗုဇေ။
တမှာ ဌာနာ နိက္ခာမေသိ၊ ဒေသနာဉာဏ တေဇသာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂။ မဟာ မောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊ ဉာဏာလောကေန သောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ ဒဍ္ဎကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊ အဋ္ဌမဂ္ဂင်္ဂ ဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၄။ စတုရောဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၅။ သံသာရစာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၆။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ဍဋ္ဌကာယံ မဟာဇနံ။
တိကိစ္ဆေသိ မဟာဓီရော၊ နာထော တိလောကဝေဇ္ဇကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၀-ကြိမ်မြောက်၊

၇။ သံသာရ ဒုက္ခ ကန္တာရာ၊ ကိလေသစောရပီဠိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္တဝါ ဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၈။ ပဉ္စတာလီသ ဝဿာနိ၊ ဌတွာ လောကံ သ ဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော သော သသာဝကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

အတွင်းအောင်ခြင်းရှစ်ပါးပါဠိ ပြီး၏။

အတွင်းအောင်ခြင်းရှစ်ပါး အနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမှိ- အဝိဇ္ဇာ တည်းဟူသော ဥခွံတွင်း၌၊ တဏှာဇလမ္ဗုဇေ- တဏှာတည်းဟူသော တံလျှပ်၌ ဖြစ်ကုန်သော၊ သတ္တေ-သတ္တဝါတို့ကို၊ ဒေသနာဉာဏဝေဇသာ- ဒေသနာဉာဏ်တည်းဟူသောတန်ခိုးဖြင့်၊ တမှာ ဌာနာ-ထိုအဝိဇ္ဇာ တည်းရာအရပ်မှ၊ နိက္ခာမေသိ-ထွက်မြောက်စေတော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန-ဤသို့သောသစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု -ဖြစ်စေသတည်း။

၂။ သော ဝိနေဝ– ထို မြတ်စွာဘုရားသည်၊ ဉာဏလောကေန- ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်၊ မဟာမောဟန္ဓကာရေန- ကြီးစွာသော အမိုက်တိုက် တည်းဟူသော မောဟသည်၊ အဘိဘူတေ- အလွန် နှိပ် စက် အပ် ကုန် သော၊

မဟာဇနေ-များစွာကုန်သော သတ္တဝါတို့ကို၊ ပညာစက္ခု-ပညာတည်းဟူသော စက္ခုကို၊ လဘာပေသိ-ရစေတော်မူပြီ၊ တေန သစ္စဝစ္စေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ- အကျွန်ုပ်အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟော-တု- ဖြစ်စေသတည်း။

၃။ နရန္ဒာထော- လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ရာဂါဒိ အဂ္ဂိဇာလေဟိ- ရာဂ အစရှိသော မီးလျှံတို့ဖြင့်၊ ဒဍ္ဎကာယံ-ပူလောင်သောကိုယ်ရှိထသော၊ မဟာဇနံ- များစွာကုန်သော သတ္တဝါ အပေါင်းကို၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ- မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေစင်ဖြင့်၊ နိဗ္ဗာပေသိ- ငြိမ်းစေတော်မူပြီ၊ တေန သစ္စဝစ္စေန-ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၄။ မဟာဝီရော- ကြီးမြတ်သော လုံ့လ ရှိတော်မူသော၊ နာယကော- လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသော မြတ်စွာဘုရားသခင်သည်၊ ဂမ္ဘီရေ-နက်စွာသော၊ သံသာရဏ္ဏဝေ- သံသရာတည်းဟူသောသမုဒ္ဒရာ၌၊ စတုရောဃေဟိ-လေးပါးသော ရေအယဉ်ဖြင့်၊ ဝုယှန္တေ- မျောကုန်သော သတ္တဝါတို့ကို၊ ဓမ္မနာဝါယ- တရားတည်းဟူသော လှေဖြင့်၊ ဥတ္တာရေသိ- ကယ်တင်တော်မူလေပြီ၊ တေန သစ္စဝစ္စေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၃၀ -ကြိမ်မြောက်၊

www.dhammadownload.com

၅။ သော ဇိနော–ထိုမြတ်စွာဘုရားသည်၊ သံသာရစာရကံ– သံသရာ၌ ကျင်လည်တတ်သော၊ ဒုက္ခေန– ဇာတိ အစရှိသော ဒုက္ခဖြင့်၊ နိစ္စံ·အမြဲ၊ ပီဠိတံ– နှိပ်စက်အပ်ထသော၊ လောကံ– လူ့အပေါင်းကို၊ ယာနတ္တယေန–ယာဉ်သုံးပါးတို့၏အပေါင်းဖြင့်၊ နိဗ္ဗာနပုရံ– နိဗ္ဗာန်ပြည်မြတ်သို့၊ ပါပေသိ– ရောက်စေတော်မူပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့သော သစ္စာစကားကြောင့်၊ မေ– အကျွန်ုပ်အား၊ ဇယမင်္ဂလံ–အောင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်စေသတည်း။

၆။ မဟာဝီရော– ကြီးမြတ်သော ပညာရှိတော်မူထသော၊ တိလောက ဝေဇ္ဇကော– လူသုံးပါးတို့၏ ဆေး သ မား သ ဖွယ် ဖြစ်တော်မူသော၊ နာထော– မြတ်စွာဘုရားသည်၊ ကဋ္ဌမုခါဒိ သပ္ပေဟိ–ကဋ္ဌမုခ အစရှိသော မြွေလေးစင်းတို့သည်၊ ဍဋ္ဌကာယံ– ကိုက်အပ်သောကိုယ်ရှိထသော၊ မဟာဇနံ– များစွာသော သတ္တဝါ အပေါင်းကို၊ တိကိစ္ဆိ–ဒေသနာအမြိုက်ဆေးကို တိုက်ကျွေး ဝေငှ ကုသတော်မူလေပြီ၊ တေန သစ္စဝဇ္ဇေန–ဤသို့သော သစ္စာ စကားကြောင့်၊ မေ– အကျွန်ုပ်အား၊ ဇယမင်္ဂလံ– အောင်ခြင်း မင်္ဂလာသည်၊ ဟောတု–ဖြစ်စေသတည်း။

၇။ သတ္တဝါဟော–သတ္တဝါတို့၏ ယာဉ်မှူးသဖွယ် ဖြစ်တော် မူသော၊ ဝိနာယကော–သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရားသည်၊ ကိလေသ စောရ ပီဠိတံ– ကိလေသာတည်းဟူသောခိုးသူတို့သည် နှိပ်စက်အပ်သော သတ္တဝါ

www.dhammadownload.com

အပေါင်းကို၊ သံသာရ ဒုက္ခ ကန္တာရော–သံသရာတည်းဟူသော ခရီးခဲမှ၊ ခေမန္တဘူမိံ–ဘေးမရှိရာနိဗ္ဗာန်သို့၊ တာရေသိ–ပို့ဆောင် ထုတ်ချောက် ကူးမြောက်တော်မူစေပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့သောသစ္စာစကားကြောင့်၊မေ–အကျွန်ုပ်အား၊ ဇယမင်္ဂလံ– အောင်ခြင်းမင်္ဂလာသည်၊ ဟောတု–ဖြစ်စေသတည်း။

၈။ သော ဗိနေ၁– ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးအပေါင်း တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ပဉ္စတာလီသ ဝဿာနိ– လေးဆယ့်ငါးဝါတို့ပတ်လုံး၊ ဌတွာ– တည်တော်မူ၍၊ သဒေဝကံ– နတ်နှင့် တကွသော၊ လောကံ– လူ အပေါင်း ကို၊ မမ္မရသံ– တရားတည်းဟူသော အမြိုက်အရသာကို၊ ပိဝယိတွာ– သောက်စေတော် မူပြီး၍၊ သ သာဝကော– တပည့်သား သံဃာ တော် အပေါင်းနှင့်တကွ၊ နိဗ္ဗုတော–ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့သော သစ္စာစကားကြောင့်၊ မေ– အကျွန်ုပ်အား၊ ဇယမင်္ဂလံ–အောင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်စေသတည်း။

အတွင်းအောင်ခြင်းရှစ်ပါးအနက် ပြီး၏။

---

www.dhammadownload.com

ရတနာ့ရွှေချိုင့်ပေါင်း

၁။ ဇယာသနာဂတာ ဗုဒ္ဓါ၊ ဇိတွာ မာရံ သဝါဟနံ။
စတုသစ္စာမတရသံ၊ ယေ ပိဝိံသု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပတိဋ္ဌိတော နောသိ ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆိဘာဂသ္မိံ၊ မောဂ္ဂလာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝနေ မယှံ၊ အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ မဟာနာမော၊ ဥဘောသုံဝါမသောတကေ။

၆။ ကေသန္တေ၊ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘံကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုင်္ဂဝေါ။

၇။ ကုမာရကဿပေါ နာမ၊ မဟေသီ စိတြဝါဒကော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊ ဥပါလိနန္ဒသီဝလိ။
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ ဝိယ။

၉။ ဘေပိ သေသာ မဟာထေရာ၊ ဝိဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သီလတေဇေန၊ အင်္ဂမင်္ဂေသု သဏ္ဌိတာ။

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။

www.dhammadownload.com

၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာဋိယသုတ္တကံ။
အာကာသေ ဆဒန္တံအာသိ၊ သေသာ ပါကာရသဏ္ဌိတာ။
၁၂။ ဇိနာနံ ဗလ သံယုတ္တေ၊ ဓမ္မပါကာရ လင်္ကတေ။
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓပဉ္စရေ။
၁၃။ ဝါတပိတ္တာဒိ သဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။
၁၄။ ဇိနပဉ္စရမဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာသဘာ။
၁၅။ ဣစ္စေဝံ မေကန္တံ ကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟရိတသံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

ရတနာရွှေချိုင့်ပါဠိ ပြီး၏။

ရတနာရွှေချိုင့်အနက်

၁။ ဇယာသနာဂတာ- အောင်ခြင်း၏အနီးသို့ ရောက်တော်မူကုန်ထသော၊ နရာသဘာ-လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်ထသော ယေ ဗုဒ္ဓါ- အကြင် မြတ်စွာဘုရားတို့သည်၊ သန္တိ-ရှိတော်မူကုန်၏၊ တေ ဗုဒ္ဓါ-ထိုမြတ်စွာဘုရားတို့သည်၊ သ ဝါဟနံ-စစ်သည်နှင့်တကွဖြစ်သော၊ မာရံ-မာရ်နတ်သားကို၊ ဇိတွာ- အောင်တော်မူလေကုန်သည်ဖြစ်၍၊ စတုသစ္စာမတရသံ- သစ္စာလေးဖြာ မြိုက်ရသာကို၊ ပိဝိံသု- သောက်စေတော် မူလေကုန်ပြီ။

www.dhammadownload.com

၂။ မုနိသာရာ–ရသေ့, ရဟန်း အပေါင်းတို့ကို အစိုးရတော်မူကုန်ထသော၊ နာယကာ– လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ခရီးလမ်းညွှန်သဖွယ်လည်း ဖြစ်တော်မူကုန်ထသော၊ အဋ္ဌဝီသတိ– နှစ်ကျိပ်ရှစ်ဆူကုန်သော၊ တဏှင်္ကရာဒယော– တဏှင်္ကရာဘုရား အစရှိကုန်သော၊ ယေ ဗုဒ္ဓါ– အကြင် မြတ်စွာဘုရားတို့သည်၊ သန္တိ–ရှိတော်မူကုန်၏၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ တေ ဗုဒ္ဓါ–ထိုမြတ်စွာဘုရားတို့သည်၊ မယှံ–အကျွန်ုပ်၏၊ မတ္ထကေ–ဦးခေါင်းထက်၌၊ ပတိဋ္ဌိတာ–တည်တော်မူကုန်သည်၊ အဟေသုံ–ဖြစ်ကုန်ပြီ။

၃။ သဗ္ဗဂုဏာကရော– ခပ်သိမ်းသော ကျေးဇူးဂုဏ်တော် အပေါင်းတို့၏ တည်ရာလည်းဖြစ်တော်မူထသော၊ နော–အကျွန်ုပ်တို့၏၊ ဗုဒ္ဓေါ–ဂေါတမ မြတ်စွာဘုရားသည်၊ မယှံ–အကျွန်ုပ်၏၊ သီသေ–ဦးခေါင်း၌၊ ပတိဋ္ဌိတော–တည်တော်မူသည်၊ အာသိ–ဖြစ်ပြီ၊ ဓမ္မော–ကိုးပါးသော လောကုတ္တရာ တရားတော်သည်၊ မယှံ–အကျွန်ုပ်၏၊ ဒွိလောစနေ–မျက်စိနှစ်ဖက်၌၊ ပတိဋ္ဌိတော–တည်တော်မူသည်၊ အာသိ–ဖြစ်ပြီ၊ သံဃော–မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်သည်၊ မယှံ–အကျွန်ုပ်၏၊ ဥရေ–ရင်၌၊ ပတိဋ္ဌိတော–တည်တော်မူသည်၊ အာသိ–ဖြစ်ပြီ။

၄။ အနုရုဒ္ဓေါ– အရှင် အနုရုဒ္ဓါသည်၊ မေ– အကျွန်ုပ်၏၊ ဟဒယေ–နှလုံး၌၊ ပတိဋ္ဌိတော–တည်တော်မူသည်၊ အာသိ–ဖြစ်ပြီ၊ သာရိပုတ္တော စ– အရှင် သာရိပုတြာ သည်လည်း၊ မေ– မမ

www.dhammadownload.com

အကျွန်ုပ်၏၊ ဒက္ခိဏော-လကျ်ာ၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ၊ ကောဏ္ဍညော-ကောဏ္ဍညအရှင်သည်၊ မေ-မမ အကျွန်ုပ်၏၊ ပစ္ဆိဘာဂသ္မိံ-နောက်အဖို့၌၊ ပတိဋ္ဌိတော-တည်တော် မူသည်၊ အာသိ-ဖြစ်ပြီ၊ မောဂ္ဂလ္လာနော စ- အရှင်မောဂ္ဂလ္လာန် သည်လည်း၊ မေ-မမအကျွန်ုပ်၏၊ဝါမကေ-တက်ဲ၌၊ပတိဋ္ဌိတော- တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ။

၅။ အာနန္ဒရာဟုလာ-အရှင်အာနန္ဒာ,အရှင်ရာဟုလာတို့သည်၊ မယှံ- အကျွန်ုပ်၏၊ ဒက္ခိဏေသဝနေ-လကျ်ာနား၌၊ ပတိဋ္ဌိတာ- တည်တော်မူကုန်သည်၊ အာသုံ-ဖြစ်ကုန်ပြီ၊ ကဿပေါ စ-ကဿပ အရှင်သည်လည်းကောင်း၊ မဟာနာမော စ- မဟာနာမ် အရှင် သည်လည်းကောင်း၊ ဥဘော-နှစ်ပါးသောအရှင်တို့သည်၊ မယှံ- အကျွန်ုပ်၏၊ ဝါမသောတကေ- လက်ဝဲနား၌၊ ပတိဋ္ဌိတာ- တည်တော်မူကုန်သည်၊ အာသုံ-ဖြစ်ကုန်ပြီ။

၆။ သူရိယောဝ- နေမင်းကဲ့သို့၊ ပဘင်္ကရော- အရောင်ကို ပြုတတ်သော၊ သိရိသမ္ပန္နော- ဘုန်းကြက်သရေနှင့် ပြည့်စုံတော် မူသော၊ မုနိပုင်္ဂဝေါ- ရဟန်းမြတ်ဖြစ်သော၊ သောဘိတော- သောဘိတ အရှင်သည်၊ မယှံ- အကျွန်ုပ်၏၊ ကေသန္တေ- ဆံ၏ အဆုံးဖြစ်သော၊ ပိဋ္ဌိဘာဂသ္မိံ-ကျောက်ကုန်းအဖို့၌၊ နိသိန္နော- နေတော်မူသည်၊ အာသိ-ဖြစ်ပြီ။

၇။ မဟေသိ- သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာမှီးတော်မူလေ့ရှိထသော၊ စိတြဝါစကော- ဆန်းကြယ်သော တရားစကားကို ဆို တော် မူ တတ် ထ သော၊

www.dhammadownload.com

ဂုဏာကရော- ကျေးဇူးတော်အပေါင်း၏ တည်ရာ ဖြစ်တသော၊ ကုမာရကဿပေါ နာမ- ကုမာရကဿပ မည်တော် မူသော၊ သော ထေရော- ထိုမထေရ်သည်၊ မယှံ- အကျွန်ုပ်၏၊ ဝဒနေ- နှုတ်ခမ်း၌၊ နိစ္စံ-အမြဲ၊ ပတိဋ္ဌာသိ-တည်တော်မူပြီ။

၈။ ပုဏ္ဏော စ- အရှင် ပုဏ္ဏမထေရ် သည်လည်းကောင်း၊ အင်္ဂုလိမာလော စ-အရှင်အင်္ဂုလိမာလမထေရ်သည်လည်းကောင်း၊ ဥပါလိနန္ဒသီဝလိ စ- အရှင်ဥပါလိထေရ်, အရှင်နန္ဒထေရ်, အရှင် သီဝလိထေရ်သည်လည်းကောင်း၊ ဣမေပဉ္စ မဟာထေရာ- ဤ ငါးပါးသော မဟာထေရ်တို့သည်၊ မေ-အကျွန်ုပ်၏၊ နလာဋေ- နဖူးပြင်၌၊ တိလကာ ဝိယ- မှန်ကူသကဲ့သို့၊ ပတိဋ္ဌိတာ-တည်တော် မူကုန်သည်၊ အာသုံ-ဖြစ်ကုန်ပြီ။

၁၆။ ယေန-အကြင် မိဘသည်၊ ဗာလော- သားငယ်ကို၊ န သိက္ခိတော- အတတ်ပညာ သင်မပေးအံ့၊ သာ မာတာ- ထိုမိခင်သည်၊ ဝေရီ-အပြင်ရန်သူမည်၏၊ သော ပိတာ-ထိုအဖသည်၊ သတြု-အတွင်းရန်သူမည်၏၊သော-ထိုအတတ်ပညာ မတတ်သောသားသည်၊ ဟံသမဇ္ဈေ-ဟင်္သာတို့၏အလယ်၌၊ ဗကောယထာ-ဗျိုင်းကဲ့သို့၊ သဘာမဇ္ဈေ- သဘင် အလယ်၌၊ န သောဘတိ-မတင့်တယ်။

www.dhammadownload.com

၁၇။ ကဏ္ဍကဂီရိ- ဆောင်ချောက်ကြား၌ ရောက်သော ဆူးသည်၊ ကော တိက္ခတိ- အသူချွန်၍ ထက်သနည်း၊ သာမံ ဘာဝေါ- မိမိအလိုလိုသာလျှင် ထက်၏၊ မိဂပက္ခိကံ- သမင်တို့၏ မျက်စိသည်၊ ကော အဉ္ဇနံ- အသူ မျက်စဉ်းခတ်၍ ကြည်လင် သနည်း၊ သာမံဘာဝေါ- မိမိအလိုလိုသာလျှင် ကြည်လင်၏၊ ပလ္လဝေ- ညွန့်၌၊ ဥပ္ပလံ-ကြာသည်၊ ကော သုဂန္ဓံ- အသူထည့်၍ အနံ့ကောင်းသနည်း၊ သာမံဘာဝေါ- မိမိအလိုလို သာလျှင် အနံ့ကောင်း၏၊ ကုလပုတ္တရူပေါ- အမျိုးကောင်း သားတို့၏ သဘောသည်၊ ကော ပဝတ္တတိ-အသူပြု၍ ဖြစ်သနည်း၊ သာမံ ဘာဝေါ- မိမိအလိုလိုသာလျှင် ဖြစ်၏။

၁၈။ အကော တမ္ဗုလံ-ထုံးမရှိသောကွမ်းသည်၊ န ရသံ- အရသာမရှိ၊ အဓနေသာ-ဥစ္စာမရှိသောသူ၏၊ အလင်္ကတမ္ပိ-တန်းဆာ ဆင်ခြင်းသည်လည်း၊ န ရသံ-အရသာမရှိ၊ အ လောဏကံ- ဆားမရှိသော၊ ဗျဉ္ဇနံတု-ဟင်းဖွယ်သည်လည်း၊ န ရသံ-အရသာ မရှိ၊ အသိပ္ပဿ- အတတ်မရှိသောသူ၏၊ ဗျာကရဏံ- ပျိုကဗျာ ဖွဲ့ခြင်းသည်လည်း၊ န ရသံ- အရသာမရှိ။

၁၉။ သုသုသာ-နာခြင်း,မှတ်ခြင်းကြောင့်၊ သုတသမ္ဗန္ဓော- သုတနှင့် ပြည့်စုံ၏၊ သုတာ- သုတကြောင့်၊ ပညာယ- သုတ ပညာဖြင့်၊ ဝဍ္ဎတိ- ပွား၏၊ ပညာယ- သုတပညာဖြင့်၊ အတ္ထံ- အနက်ကို၊ ဇာနာတိ-သိ၏၊ ဉာတော-သိအပ်သော၊ အတ္ထော- အနက်သည်၊ သုခါဝဟော-ချမ်းသာကိုဆောင်တတ်၏။

www.dhammadownload.com

၂၀။ လောကေ-လောက၌၊ဘောဇနံ-အစာစားခြင်း သည်လည်းကောင်း၊ မေထုနံ- မေထုန်မှီဝဲခြင်း သည်လည်းကောင်း၊ နိဒ္ဒါ- အိပ်ခြင်း သည် လည်း ကောင်း၊ ဂေါဏေပိ- နွား၌လည်းကောင်း၊ ပေါသေပိ- လူ၌လည်းကောင်း၊ ဝိဇ္ဇတိ-ရှိ၏၊ ဝိဇ္ဇာ- အတတ်ပညာသည်၊ ပေါသဿ-လူ၏၊ ဝိသေသော- အထူးပေတည်း၊ တံ ဟီနော- ထိုအတတ်ပညာ ယုတ်ခဲ့မူကား၊ ဝေါသမော-နွားနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

၂၁။ လောကေ-လောက၌၊ ဝိဇ္ဇာသမံ-အတတ်နှင့်တူသော၊ မိတ္တံ-အဆွေခင်ပွန်းမည်သည်၊ နတ္ထိ-မရှိ၊ ဗျာဓိသမော-အနာနှင့်တူသော၊ရိပု-ရန်သူမည်သည်၊ န စ အတ္ထိ-မရှိ၊ အတ္တသမံ-ကိုယ်နှင့်တူသော၊ ပေမံ- ချစ်အပ်သောသူမည်သည်၊ န စ အတ္ထိ-မရှိ၊ ကမ္မသမံ-ကံနှင့်တူသော၊ ဗလံ-အားမည်သည်၊ န စ အတ္ထိ-မရှိ။

၂၂။ လောကေ- လောက၌၊ ဟံသော- ဟင်္သာသည်၊ ကာကာနံ-ကျီးတို့၏၊ မဇ္ဈေ- အလယ်၌၊ န သောဘတေ- မတင့်တယ်၊သီဟော-ခြင်္သေ့သည်၊ ဂုန္နံ-နွားတို့၏၊ မဇ္ဈေ- အလယ်၌၊ န သောဘတေ-မတင့်တယ်၊ တုရင်္ဂေါ-မြင်းသည်၊ ဂဒြဘမဇ္ဈေ-မြည်းတို့၏အလယ်၌၊ န သောဘတေ-မတင့်တယ်၊ ပဏ္ဍိတော-ပညာရှိသည်၊ ဗာလမဇ္ဈေ စ- သူမိုက်တို့၏ အလယ်၌လည်း၊ န သောဘတေ-မတင့်တယ်။

၂၃။ ဗာလော-လူမိုက်သည်၊ ယာဝဇီဝမ္ပိ-အသက်ထက်ဆုံးလည်း၊ ပဏ္ဍိတံ-ပညာရှိကို၊ စေ ပယိရုပါသတိ-အကယ်၍ ဆည်းကပ်ငြားအံ့၊ သော ဗာလော- ထိုလူမိုက်တို့သည်၊ ဓမ္မံ-တရားကို၊

www.dhammadownload.com

န ဝိဇာနာတိ-မသိ၊ ကိမိဝ-အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဒဗ္ဗိ-ယောက်မသည်၊ သူပရသံ-ဟင်း၏အရသာကို၊ န ဝိဇာနာတိ ယထာ- မသိသကဲ့သို့တည်း။

၂၄။ ဝိညူ- ပညာရှိသည်၊ မုဟုတ္တမပိ- တခဏ မျှလည်း၊ ပဏ္ဍိတံ-ပညာရှိကို၊ စေ ပယိရုပါသတိ- အကယ်၍ ဆည်းကပ်ငြားအံ့၊ ခိပ္ပံ-လျင်စွာ၊ ဓမ္မံ-တရားကို၊ ဝိဇာနာတိ-သိ၏၊ ကိမိဝ-အဘယ်ကဲ့သို့နည်းဟူမူကား၊ ဇိဝှာ-လျှာသည်၊ သူပရသံ-ဟင်း၏အရသာကို၊ ဝိဇာနာတိ ယထာ-သိသကဲ့သို့တည်း။

၂၅။ သူရော- ရဲရင့်သော သူသည်၊ သတ္ထံ- လက်နက်ကို၊ ဝိနာ-ကြဉ်၍၊ သင်္ဂါမ ဘူမိယံ-စစ်မြေပြင်အရပ်သို့၊ န ဂစ္ဆေယျ-မသွားရာ၊ တထာ-ထို့အတူ၊ ပဏ္ဍိတော-ပညာရှိသည်၊ သတ္ထံ-ကျမ်းဂန်ကို၊ ဝိနာ-ကြဉ်၍၊ န ဘာသေယျ-စကားမဆိုရာ၊ အဒ္ဓဂူ-အစွန့်ရှည်သောခရီးသို့ သွားသော၊ ဝါဏိဇော-ကုန်သည်သည်၊ သတ္ထံ- အဖေါ်ကို၊ ဝိနာ- ကြဉ်၍၊ န ဂစ္ဆေယျ- မသွားရာ၊ ဝိဝေသဂမနော- အရပ်တပါးသို့ သွားသောသူသည်၊ သတ္ထံ- အဖေါ်ကို၊ ဝိနာ-ကြဉ်၍၊ န ဂစ္ဆေယျ-မသွားရာ။

၂၆။ လောကေ-လောက၌၊ ဓနနာသဉ္စ- ဥစ္စာပျက်ခြင်းကို လည်းကောင်း၊ မနောတာပဉ္စ-နှလုံးပူပန်ခြင်းကိုလည်းကောင်း၊ ဃရေ-အိမ်၌၊ ဒုစ္စရိတာနိ စ- မကောင်းပြုကျင့်ခြင်းကို လည်းကောင်း၊ ဝဉ္စနဉ္စ-လှည့်ပတ်ခံရခြင်းကိုလည်းကောင်း၊ အဝမာနဉ္စ- မထီမဲ့မြင် ပြုခြင်းကို လည်းကောင်း၊ ပဏ္ဍိတော- ပညာရှိသည်၊ န ပကာသယေ-ထင်ရှားမပြုရာ။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၂၇။ လောကေ– လောက၌၊ ပတ္တာနုရူပကံ– အရေးအခွင့် ရောက်သည်နှင့် လျော်သော၊ ဝါကျံ– စကားကိုလည်းကောင်း၊ သဘာဝရူပကံ–ကိုယ်အားလျော်ကပ်သော၊ပိယံ–ချစ်အပ်သော သူကိုလည်းကောင်း၊ အတ္တာနုရူပကံ– ကိုယ်နှင့် တန်ရုံသော၊ ကောမံ– အမျက်ကို လည်းကောင်း၊ ယော– အကြင် သူသည်၊ ဇာနာတိ–သိတတ်၏၊ သော– ထိုသူသည်၊ ပဏ္ဍိတော– ပညာရှိ မည်၏။

၂၈။ အဓနသာ– ဥစ္စာမရှိပဲလျက်၊ ရသံခါဒါ– အရသာ အစားကြူးသောသူ၊ အဗလသာ– ခွန်အားမရှိပဲလျက်၊ ဟတာ ရတာ– အသတ်အပုတ် ကြိုက်တတ်သောသူ၊ အပ္ပညသာ– ပညာ မရှိပဲလျက်၊ ဝါကျကထာ–စကားလိုလားသောသူ၊ ဣမေ–ဤသူ တို့ကား၊ ဥမ္မတ္တကသမာ–သူရူးနှင့် တူကုန်၏။

၂၉။ အနဝှာယံ–သူမခေါ်ပဲလျက်၊ ဂမယန္တော–သူ့အိမ်သို့ သွားဖန်များသောသူ၊အပုစ္ဆံ– သူမမေးပဲလျက်၊ဗဟုဘာသကော– များစွာ ပြောဟောတတ်သောသူ၊ အတ္တဂုဏံ– မိမိဂုဏ်ကျေးကို၊ ပကာသေန္တော ပလွှားတတ်သောသူ၊ ဣဒံ တိဝိဓံ–ဤသုံးပါး သည်၊ ဟီနလက္ခဏံ–သူယုတ်၏ လက္ခဏာတည်း။

၃၀။ အပ္ပရူပေါ–အဆင်းမလှသောသူသည်၊ ဗဟုံဘာသော– စကားများတတ်၏၊ အပ္ပပညော– ပညာနည်းသော သူသည်၊ ပကာသိတော– ထင်ရှားပြတတ်၏၊ အပ္ပပူရော– ရေမပြည့်သော၊ ဃဋော–အိုးသည်၊ခေါဘော–ချောက်ချားတတ်၏၊အပ္ပခီရာ–နို့ရည် မထွက်သော၊ ဂါဝီ–နွားမသည်၊ စလေ–ကျောက်ကန်တတ်၏။

www.dhammadownload.com

၃၁။ မဏ္ဍုကေပိ- ဖါး သူငယ် သည် လည်း၊ ဥကြေ-ဆေခင့်ကြောင့် ထိုင်တတ်ကာမျ၊ သီဟော-ငါခြင်္သေ့ဟု ထင်၏၊ ကာကဂ္ဂဟော- ကျီးတည်း ချီမူကား၊ ပိယေ ပိယေ- ချစ်ဆွေ ချစ်ဆွေဟု မည်တတ်၏၊ အ ပဏ္ဍိပိ-ပညာမရှိသော လူမိုက် သည် လည်း၊ ပဏ္ဍိဟုတွာ- မိမိကိုယ်ကို ပညာရှိဟု ထင်သောကြောင့်၊ ဓီရာ- ပညာရှိတို့သည်၊ ပုစ္ဆေ-မေးလတ်သော်၊ ငယေ ငယေ-ငါ့ရှင် ငါ့ရှင်ဟု ချစ်ဖွယ်သောစကားကို ဆိုတတ်၏။

၃၂။ မဏ္ဍုကေပိ- ဖါး သူ ငယ် သည် လည်း၊ ဥကြေ-ဆောင့်ကြောင့်ထိုင်တတ်ကာမျ၊ သီဟော- ငါခြင်္သေ့ဟူ ကောင်းအံ့လော၊ သူကရေပိ- ဝက်သည်လည်း၊ ဥဟော- အုတ်အုတ်မြည်တတ်ကာမျ၊ ဒီပေ- သစ်ဟူကောင်းအံ့လော၊ ဗိဋ္ဌာရေပိ-ကြောင်သည်လည်း၊ သဒိသေ-အဆင်းသဏ္ဌာန်တူကာမျ၊ ဗျဂ္ဃေ-ကျားဟူ ကောင်းအံ့လော၊ သဗ္ဗဓီရေ- ခပ်သိမ်းသော ပညာရှိတို့ သည်လည်း၊ သိပ္ပသမေ-အတတ်ဟူ ကောင်းအံ့လော။

၃၃။ ရာဇာ-မင်းသည်၊ ဓနမှိ-ဥစ္စာ၌၊ န တိတ္တိ-ရောင့်ရဲခြင်း မရှိ၊ ပဏ္ဍိတောပိ- ပညာရှိသည်လည်း၊ သုဘာသိတေ- စကား ကောင်း၌၊ န တိတ္တိ-ရောင့်ရဲခြင်းမရှိ၊ စက္ခုမှိ-မျက်စိသည်လည်း ပိယဒဿနေ-ချစ်သောသူကိုမြင်ခြင်း၌၊ န တိတ္တိ-ရောင့်ရဲခြင်းမရှိ၊ သာဂရော-သမုဒ္ဒရာသည်၊ ဇလေ-ရေ၌၊ န တိတ္တိ- ရောင့်ရဲခြင်းမရှိ။

၃၄။ ရူပယောဗ္ဗနသမ္ပန္နော-အဆင်းအရွယ်နှင့် ပြည့်စုံလျှင်း ကုန်မူလည်း၊ ဝိသာလကုလသမ္ဘဝါ- ပြန့်ပြော ကြွယ်ဝသော အမျိုး၌ ဖြစ်လျှင်းကုန်မူလည်း၊ ဝိဇ္ဇာဟီနာ- အတတ်ပညာမှ

www.dhammadownload.com

ယုတ်ခဲ့ကြပါကုန် မူကား၊ န သောဘန္တိ- မ တင့် တယ် ကုန်၊ နိဂန္ဒာ- အနံ့မှ ကင်းကုန်သော၊ ကိံသုကာဣဝ- ပေါက်ပန်းတို့ ကဲ့သို့တည်း။

၃၅။ လောကေ-လောက၌၊ ဟီနပုတ္တော-အမျိုးယုတ်သော သူ၏သားဖြစ်လျက်လည်း၊ ရာဇမစ္စော-မင်း၏အမတ်ဖြစ်တတ်၏၊ ဗာလပုတ္တော စ- သူမိုက်၏သား ဖြစ်လျက်လည်း၊ ပဏ္ဍိတော- ပညာရှိတတ်၏၊ အဓနဿ-ဥစ္စာမရှိသောသူ၏ သားဖြစ်လျက် လည်း၊ ဓနံ-ဥစ္စာသည်၊ ဗဟု-များတတ်၏၊ တသ္မာ-ထို့ကြောင့်၊ ပုရိသာနံ-ယောကျ်ားတို့ကို၊ န မညထ-မထီမဲ့မြင် မပြုကုန်ရာ။

၃၆။ ယော သိဿော-အကြင်တပည့်သည်၊ သိပ္ပလောဘေန- အတတ်ကို လိုချင်အားကြီးသဖြင့်၊ ဗဟုံ-အထူးထူး အပြားပြား များစွာ၊ ဂဏှာတိ-သင်ယူ၏၊ သော သိဿော-ထိုတပည့်သည်၊ တံ သိပ္ပံ-ထိုအတတ်ကို၊ သုပိနံ-အိပ်မက်ကို၊ ပဿန္တော- မြင်သော၊ မူဂေါဝ- သူအ,ကဲ့သို့၊ ကထေတုမ္ပိ- ပြန် ဆို ခြင်း ငှါ လည်း၊ န ဥဿဟေ- မစွမ်းနိုင်ရာ။

၃၇။ ကုမ္ဘကာရော- အိုးထိန်းသည်သည်၊ ကုမ္ဘံ- အိုးကို၊ ဘိဇ္ဇေတုံ-ကွဲစိမ့်သောငှါ၊ န ဃဋ္ဋတိ-မပုတ်ခတ်၊ သောဘေတုံ- တင့်တယ်စိမ့်သောငှါ၊ ဃဋ္ဋယ်- ပုတ်ခတ်၏၊ အာစရိယော- ဆရာသည်၊ သိဿာနံ- တပည့်တို့ကို၊ အပါယေသု- အပါယ် ဆင်းရဲတို့၌၊ ခိပေတုံ- ကျစေခြင်းငှါ၊ န ဃဋ္ဋတိ- မပုတ်ခတ်၊ ဝုဒ္ဓိတာရဏာ- အတတ်ပညာ အစီးအပွားဟူသော အကြောင်း ကြောင့်၊ ဃဋ္ဋတိ-ပုတ်ခတ်၏။

၃၀- ကြိမ်မြောက်

၃၈။ ယော နရော-အကြင်သူသည်၊ တဂရဥ္စ-တောင်ဇလပ် ပန်းကိုလည်း၊ ပလာသေန-ပေါက်ဖက်ဖြင့်၊ ဥပနယှတိ-ထုပ်၏၊ တဿ-ထိုသူ၏၊ ပတ္တာပိ- ပေါက်ဖက်တို့သည်လည်း၊ သုရဘီ- ကောင်းသောအနံ့ ရှိကုန်သည်ဖြစ်၍၊ ဝါယန္တိ- လှိုင်ပျံ့ကုန်၏၊ ဧဝံ တထာ- ထို့အတူ၊ ဓီရူပသေဝနာ- ပညာရှိကို ပေါင်းဖက် မှီဝဲခြင်းကို၊ ဒဋ္ဌဗ္ဗာ- မှတ်အပ်၏။

ပဏ္ဍိတကဏ္ဍ-ပညာရှိကိုဆိုရာ အပိုင်းသည်၊
နိဋ္ဌိတံ-ပြီးပြီ။

၂။ သုဇနကဏ္ဍ

၁။ သဗ္ဘိရေဝ- သူတော်ကောင်းတို့နှင့် သာလျှင်၊ သမာသေထ-ပေါင်းဖက်ရာ၏၊ သဗ္ဘိ-သူတော်ကောင်းတို့နှင့်၊ သန္ထဝံ- ပေါင်းဖက်ခြင်းကို၊ ကုဗ္ဗေထ-ပြုရာ၏၊ သတံ-သူတော်ကောင်း တို့၏၊ သဒ္ဓမ္မံ- သူတော်ကောင်းတရားကို၊ အညာယ- သိ၍၊ သေယျော-မြတ်သည်၊ ဟောတိ- ဖြစ်၏၊ ပါပိယော- ယုတ်မာ သည်၊ န ဟောတိ-မဖြစ်။

၂။ ဒုဇ္ဇနသံသဂ္ဂံ- သူယုတ်မာတို့နှင့် ပေါင်း သင်း ခြင်း ကို၊ စဇ စဇာဟိ-စွန့်လော့၊ သာဓုသမာဂမံ- ပေါင်းဖက်အပ်သော သူတော်ကောင်းကို၊ ဘဇ ဘဇာဟိ-ဆည်းကပ်လော့၊ အဟော

ရတ္တိံ- နေ့ညဉ့်ပတ်လုံး၊ ပုညံ- ကောင်းမှုကို၊ ကရ ကရောဟိ- ပြုလော့၊ အနိစ္စတံ- သင်္ခါရတရားတို့၏ မမြဲသော အဖြစ်ကို၊ နိစ္စံ-အမြဲ၊ သရ သရာဟိ-အောက်မေ့လော့။

၃။ ဥဒုမ္ဗရပက္ကာ- ရေသဖန်းသီးမှည့်တို့သည်၊ ဗဟိ-အဝဉ်၊ ရတ္တကမေဝ- နီသည်သာလျှင်တည်း၊ အန္တော- အတွင်း၌ကား၊ ကိမိဟိ သမ္ပုဏ္ဏာ-ပိုး,ရှ တို့ဖြင့် ပြည့်ကုန်သည်၊ ယောနိသော- ဖြစ်ကုန်သကဲ့သို့၊ ဧဝံ တထာ-ထို့အတူ၊ ဒုဇ္ဇနပာဒယာ-သူယုတ် တို့၏ နှလုံးတို့သည်၊ ယောနိသော-ဖြစ်ကုန်၏။

၄။ ပနသ ပက္ကာ- ပိန္နဲသီး မှည့်တို့သည်၊ ဗဟိ- အပဉ်၊ ကဏ္ဍကမေဝ စ-ဆူးသာလျှင်တင်ကုန်၏၊အန္တော-အတွင်း၌ကား၊ အမတ သမ္ပုဏ္ဏာ- အမြိန်အရသာနှင့် ပြည့်စုံကုန်သည်၊ ယောနိ ယသာပိ-ဖြစ်ကုန်သကဲ့သို့လည်း၊ ဧဝံ တထာ-ထို့အတူ၊ သုဇန ပာဒယာ- သူ တော်ကောင်း တို့၏ နှလုံးတို့သည်၊ ယောနိ- ဖြစ်ကုန်၏။

၅။ လောကေ- လောက၌၊ စန္ဒနတရု- စန္ဒကူးပင်သည်၊ သုက္ခောပိ-ခြောက်သွေ့သော်လည်း၊ ပန္ဓံ=အနံ့ကို၊ န ဇဟာတိ- မစွန့်၊ နာဂေါ- ဆင်ပြောင်သည်၊ ဂတောပိ- စစ်မြေပြင်သို့ ရောက်သော်လည်း၊ နရမုခေ- လူတို့၏မျက်မှောက်၌၊ လီလံ- တင့်တယ်ခြင်းကို၊ န ဇဟာတိ-မစွန့်၊ ဥစ္ဆု-ကြံသည်၊ ယန္တ ဂတောပိ- ယန္တရားစက်၏ အဝသို့ ရောက်သော်လည်း၊ မဓုရသံ-

www.dhammadownload.com

ချီသောအရာသာကို၊ နဗ္ဗဟာတိ– မစွန့်၊ ပဏ္ဍိတဇနော– ပညာရှိသော သူတော်ကောင်းသည်၊ ဒုက္ခောပိ– ဆင်းရဲခြင်း သို့ ရောက်သော်လည်း၊ ဓမ္မံ–သူတော်ကောင်းတရားကို၊ နဗ္ဗဟာတိ– မစွန့်သလျှင်ကတည်း။

(သက္ကဆန်း ၁၄-လုံးဘွဲ့၊ ဝသန္တတိလက ဂါထာအနက်)

၆။ သီဟောနာမ–ခြင်္သေ့မည်သည်၊ ဇိဃစ္ဆောပိ– မွတ်သိပ်သော်လည်း၊ ပဏ္ဏာဒီနိ–သစ်ရွက်စသည်တို့ကို၊ န ခါဒတိ–မစား၊ သီဟောနာမ–ခြင်္သေ့မည်သည်၊ ကိသောစာပိ– ကြုံလှီ ပိန်းချုံး သော်လည်း၊ နာဂမံသံ–ဆင်သားကို၊ န ခါဒတိ–မစား။

၇။ ကုလဇာတော–မြတ်သောအမျိုး၌ဖြစ်ထသော၊ ကုလဝံသသုရက္ခကော–အမျိုးအနွယ်ကိုစောင့်တတ်ထသော၊ ကုလပုတ္တော–အမျိုးကောင်းသားသည်၊ အတ္တနာ–မိမိသည်၊ ဒုက္ခပတ္တောပိ–ဆင်းရဲခြင်းကိုရောက်သော်လည်း၊ ဟီနကမ္မံ– ယုတ်သောအမှုကို၊ န ကာရယေ– မပြုရာ။

၈။ လောကေ–လောက၌၊ စန္ဒနံ– စန္ဒကူးသည်၊ သီတလံ–ချမ်းမြေ့၏၊ တတော– ထိုစန္ဒကူး ချမ်းမြေ့သည်ထက်၊ စန္ဒိဝ–လ,သည်သာလျှင်၊ သီတလံ– ချမ်းမြေ့၏၊ စန္ဒ စန္ဒနသီတမှာ–လ,စန္ဒကူး ချမ်းမြေ့ သည်ထက်၊ သုဘာသိတံ– ကောင်းစွာဆိုအပ်သော၊ သာဓုဝါကျ– သူတော်ကောင်းတို့၏ စကားသည်၊ သီတလံ–ချမ်းမြေ့၏။

www.dhammadownload.com

၉။ ဘာဂုဏ်-ရောင်ခြည်တထောင်ဆောင်သောနေမင်းသည်၊ ပစ္ဆိမေ-အနောက်မျက်နှာ၌၊ ဥဒေတိ-တက်ရာ၏၊ မေရုရာဇာပိ-မြင်းမိုရ်တောင်မင်းသည်လည်း၊ နမတိ-ညွတ်ရာ၏၊ ယဒိ-အကယ်မလွဲ၊ နရဂ္ဂိ-ငရဲမီးသည်၊ သီတလံ-ချမ်းမြေ့ရာ၏၊ ပဗ္ဗတဂ္ဂေ စ-တောင်ထိပ်၌လည်း၊ ဥပ္ပလံ- ကြာသည်၊ ဝိကသေ- ပွင့်ရာ၏၊ သာဓုဝါစာ-သူတော်ကောင်းတို့၏ စကားသည်၊ ကုဒါစနံ-တရံတဆစ်မျှ၊ န ဝိပရိတာ-မဖေါက်ပြန်ရာ။

၁၀။ ရုက္ခသာ- သစ်ပင်၏၊ ဆာယာဝ- အရိပ်သည်လျှင်၊ သုခါ-ချမ်းသာ၏၊ တတော-ထိုသစ်ပင်ရိပ် ချမ်းသာသည်ထက်၊ ဉာတိ မာတာပိတု-ဆွေမျိုးမိဘ၏၊ ဆာယာ-အရိပ်သည်၊ သုခါ-ချမ်းသာ၏၊ တတော- ထို ဆွေမျိုးမိဘ၏အရိပ် ချမ်းသာသည်ထက်၊ အာစရိယော-ဆရာသမား၏၊ဆာယာ-အရိပ်သည်၊သုခါ-ချမ်းသာ၏၊ တတော- ထိုဆရာသမား၏အရိပ် ချမ်းသာသည်ထက်၊ ရညော-မင်း၏၊ ဆာယာ-အရိပ်သည်၊ သုခါ-ချမ်းသာ၏၊ တတော- ထိုမင်း၏အရိပ် ချမ်းသာသည်ထက်၊ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ ဆာယာ- အရိပ်ဟု ဆိုအပ်သော တရားတော်သည်၊ အနေကဓာ-များသောအပြားအားဖြင့်၊ သုခါ-ချမ်းသာ၏။

၁၁။ ဘမရာ-ပိတုန်းတို့သည်၊ ပုပ္ဖံ-ပန်းကို၊ ဣစ္ဆန္တိ-အလိုရှိကုန်၏၊ သဇ္ဇနာ-သူတော်ကောင်းတို့သည်၊ ဂုဏံ-ဂုဏ်ကျေးဇူးကို၊ ဣစ္ဆန္တိ-အလိုရှိကုန်၏၊ မက္ခိကာ-ယင်တို့သည်၊ ပုတိံ-အပုတ်ကို၊ ဣစ္ဆန္တိ-အလိုရှိကုန်၏၊ ဒုဇ္ဇနာ-သူယုတ်တို့သည်၊ ဒေါသံ-အပြစ်ကို ဣစ္ဆန္တိ- အလိုရှိကုန်၏။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၁၂။ မာတာဟီနဿ- အမိယုတ်သောသူအား၊ ဒုဗ္ဘာသာ- မကောင်းသော စကားရှိ၏၊ ပိတာဟီနဿ- အဖ ယုတ်သော သူအား၊ ဒုက္ကိရိယာ-မကောင်းသော အမူအကျင့်ရှိ၏၊ ဥဘော မာတာ ပိတာ ဟီနာ-မိဘနှစ်ပါးစုံ ယုတ်မူကား၊ ဒုဗ္ဘာသာ စ- မကောင်းသောစကားလည်းရှိ၏၊ ဒုက္ကိရိယာ စ-မကောင်းသော အမူအကျင့်လည်း ရှိ၏။

၁၃။ မာတာသေဋ္ဌဿ-အမိမြတ်သောသူအား၊ သုဘာသာ- ကောင်းသော စကား ရှိ၏၊ ပိတာ သေဋ္ဌဿ- အဖ မြတ်သော သူအား၊ သုကိရိယာ-ကောင်းသော အမူအကျင့်ရှိ၏၊ ဥဘော မာတာ ပိတာ သေဋ္ဌာ-မိဘနှစ်ပါးစုံ မြတ်မူကား၊ သုဘာသာ စ- ကောင်းသောစကားလည်းရှိ၏၊ သုကိရိယာ စ- ကောင်းသော အမူအကျင့်လည်း ရှိ၏။

၁၄။ သင်္ဂါမေ-စစ်မြေပြင်အရပ်၌၊ သူရံ- ရဲရင့်သောသူကို၊ ဣစ္ဆန္တိ- အလိုရှိကုန်၏၊ မန္တိသု- လျှို့ဝှက်သော တိုင်ပင်ရာတို့၌၊ အကုတူဟလံ- စကားစောင့်ချုပ် အုတ်အုတ်ကျက်ကျက် မပွက် တတ်သောသူကို၊ ဣစ္ဆန္တိ- အလိုရှိကုန်၏၊ အန္နပါနေသု- ထမင်း အဖျော်ကောင်း စားသောက်သော အခါတို့၌၊ ပိယံ- ချစ်အပ် သောသူကို၊ ဣစ္ဆန္တိ- အလိုရှိကုန်၏၊ အတ္ထေ- ခက်ခဲစွာသော အရေးအရာသည်၊ ဇာတေ- ဖြစ်လာသည်ရှိသော်၊ ပဏ္ဍိတံ- ပညာရှိသောသူကို၊ ဣစ္ဆန္တိ-အလိုရှိကုန်၏။

သမ္မတ(၈) အကြိမ်သုံးဆယ်မြောက်

၁၅။ သုနခေါ-ခွေးတကောင်သည်၊ သုနခံ-ခွေးတကောင်ကို၊ ဒိသွာ-မြင်၍၊ ရောသယံ-ချုပ်ချယ်လျက်၊ ဟိံသိတုံ-ညှဉ်းဆဲအံ့သောငှာ၊ ဒန္တံ-သွားကို၊ ဒဿေတိ-ပြ၏၊ ဒုဇ္ဇနော-သူယုတ်သည်၊ သုဇနံ-သူတော်ကောင်းကို၊ ဒိသွာ-မြင်၍၊ ရောသယံ-ချုပ်ချယ်လျက်၊ ဟိံသံ-ညှဉ်းဆဲခြင်းကို၊ ဣစ္ဆတိ-အလိုရှိ၏။

၁၆။ ဝေဂေန-လျင်စွာ၊ ကိစ္စာနိ-အမှုကိစ္စဟူသမျှတို့ကို၊ မာ စ ကရောဟိ ပါ-မိမိသည်းမပြုလင့်၊ မာ စ ကာရာပေဟိ ပါ-သူတပါးကိုသည်း မပြုစေလင့်၊ ကမ္မံ-အမှုကို၊ သဟသာ-အဆောတလျင်၊ ကာရိတံ-ပြုမိမှုကား၊ မန္ဒော-ပညာနည်းသောသူသည်၊ ပစ္ဆာ-နောက်မှ၊ အနုတပ္ပတိ-ပူပန်ရ၏။

၁၇။ လောကေ လောက၌၊ ကောဓံ-အမျက်ကို၊ ပဟန္တွာ-ဖျောက်နိုင်မှုကား၊ ကဒါစိ တရံတဆစ်မျှလျှင်၊ န သောစတိ-မစိုးရိမ်၊ မက္ခပ္ပဟာနံ- သူ၏ကျေးဇူး ဆိုခြင်းကို၊ ဣသယော-ဘုရားစသောသူတော်ကောင်းတို့သည်၊ ဝဏ္ဏယန္တိ-ချီးမွမ်းကုန်၏၊ သဗ္ဗေသံ-ခပ်သိမ်းသောသူတို့၏၊ ဖရုသဝါစံ-ကြမ်းကြုတ်သောစကားကို၊ ခမထ-သည်းခံရာ၏၊ ဧတံခန္တိံ-ဤသို့သော သည်းခံခြင်းကို၊ ဥတ္တမံ-မြတ်၏ဟူ၍ သန္တော- ဘုရားစသော သူတော်ကောင်း တို့သည်၊ အာဟု-ဆိုကုန်၏။

၁၈။ လောကေ- လောက၌၊ အသုစိသင်္ကေတေ-မစင်ဖြာတိ ပြည့်သော၊ သမ္ဗာဓေ- ကျဉ်းမြောင်းသော၊ ဌာနေ-အရပ်၌၊ နိဝါသော- နေရခြင်းသည်၊ ဒုက္ခော- ဆင်းရဲ၏၊ တတော-

www.dhammadownload.com

ထို့ထက်၊ အပ္ပိယေ–မချစ်မနှစ်သက်လိုသော၊ အရိမှိ–ရန်သူ့ထံ၌၊ နိဝါသော–နေရခြင်းသည်၊ ဒုက္ခော–ဆင်းရဲ၏၊ တတောပိ–ထို့ထက်လည်း၊ အကတညုနိ–သူ့ကျေးဇူးကို မသိတတ်သော သူတို့အထံ၌၊ နိဝါသော–နေရခြင်းသည်၊ ဒုက္ခော–ဆင်းရဲ၏။

၁၉။ ဩဝါဒေယျ– ဆုံးမရာ၏၊ အနုသာသေယျ– မပြတ် ဆုံးမရာ၏၊ ပါပကာ စ– ယုတ်မာသော အကျင့်မှလည်း၊ နိဝါရယေ– တားမြစ်ရာ၏၊ ဟိ– ထိုစကားသင့်ပေ၏၊ သော–ထို ဆုံးမတတ်သော သူကို၊ သတံ– သူတော်ကောင်း တို့သည်၊ ပိယော–ချစ်ခင်အပ်သည်၊ ဟောတိ–ဖြစ်၏၊ အသတံ–သူတော် မဟုတ် သူယုတ်တို့သည်၊ အပ္ပိယော–မချစ်ခင်အပ်သည်၊ ဟောတိ–ဖြစ်၏။

၂၀။ ဥတ္တမံ–ကိုယ့်ထက်မြတ်သောသူကို၊ အတ္တနိဝါတေန–ကိုယ်ကို နှိမ့်ချသဖြင့်၊ ဇိနေ့ယေ– အောင်ရာ၏၊ သူရံ– ရဲရင့်သော သူကို၊ ဘေဒေန–သင်းခွဲသဖြင့်၊ နိဇ္ဇယေ– အောင်ရာ၏၊ နီစံ–ကိုယ့်အောက်ယုတ်သောသူကို၊ အပ္ပကဒါနေန– တစိုးတစိ ပေး သဖြင့်၊ နိဇ္ဇယေ– အောင်ရာ၏၊ သမံ– ကိုယ်နှင့် တူသောသူကို၊ ဝီရိယေန–လုံ့လပြုသဖြင့်၊ ဇယေ–အောင်ရာ၏။

၂၁– လောကေ–လောက၌၊ ဝိသံ–အဆိပ်ကို၊ ဝိသံ္ဂတိ–အဆိပ်ဟူ၍၊ န အာဟု–မဆိုကုန်၊ သံဃဿ– သံဃာ၏၊ ဓနံ–ဥစ္စာကို၊ ဝိသံ္ဂတိ– အဆိပ်ဟူ၍၊ ဥစ္စတေ– ဆိုအပ်၏၊ ဝိသံ–

www.dhammadownload.com

အဆိပ်သည်၊ ဧကံဝ ဟနတိ- တကြိမ်သာလျှင် သတ်တတ်၏၊ သံဃဿ-သံဃာ၏၊ ဓနံ-ဥစ္စာသည်ကား၊ သဗ္ဗံ- ဘဝအလုံးစုံကို၊ ဟနတိ-သတ်တတ်၏။

၂၂။ ဇဝေန- လျင်မြန်ခြင်းဖြင့်၊ ဘဒြံ- မြင်းကောင်းကျေးဇူးကို၊ ဇာနန္တိ-သိကုန်၏၊ ဝါဟသာ- လေးသောဝန်ကို ရွက်ဆောင်ခြင်းဖြင့်၊ ဗလိဗဒ္ဒံ- နွားလားကျေးဇူးကို၊ ဇာနန္တိ-သိကုန်၏၊ ဒုဟေန-နို့ညှစ်ခြင်းဖြင့်၊ ဓေနုံ-နို့ထွက်သော နွားမ၏ကျေးဇူးကို၊ ဇာနန္တိ-သိကုန်၏၊ ဘာသမာနေန-ကြံစည်လျှို့ဝှက်ခက်ခဲသောစကားကို ဆိုခြင်းဖြင့်၊ ပဏ္ဍိတံ- ပညာရှိကျေးဇူးကို၊ ဇာနန္တိ-သိကုန်၏။

၂၃။ သာဓူနံ-သူတော်ကောင်းတို့၏၊ ဓနံ-ဥစ္စာသည်ကား၊ အပ္ပမ္ပိ-အနည်းငယ်သော်လည်း၊ ကူပေ-တွင်း၌၊ ဝါရိဝ-ရေကဲ့သို့၊ နိဿယော-သူတပါးတို့ မှီခိုရာ၏၊ အသာဓူနံ- သူတော်မဟုတ်သူယုတ်တို့၏၊ ဓနံ- ဥစ္စာသည်၊ ဗဟုံ အပိ- များသော်လည်း၊ အဏ္ဏဝေ-သမုဒ္ဒရာ၌၊ ဝါရိဝ-ရေကဲ့သို့၊ န စ နိဿယော- သူတပါးတို့ မှီခိုရာ မဖြစ်။

၂၄။ နဇ္ဇော- မြစ်တို့သည်၊ အာပ- ရေကို၊ နေဝ ပိဝန္တိ- မသောက်ကုန်၊ ရုက္ခာ- သစ်ပင်တို့သည်၊ ဖလံ- အသီးကို၊ နေဝ ခါဒန္တိ-မစားကုန်၊ မေဃာ-မိုးတို့သည်၊ ကွစိ- အချို့သောအရပ်၌၊ နေဝ ဝဿန္တိ-မရွာကုန်၊ သတံ-သူတော်ကောင်းတို့၏၊ ဓနံ-ဥစ္စာသည်ကား၊ ပရတ္ထာယ-သူတပါးတို့၏ အကျိုးငှါသာတည်း။

၃၀-ကြိမ်မြောက်

www.dhammadownload.com

၂၅။ အ ပတ္ထေယျံ- မတောင့်တအပ်သည်ကို၊ န ပတ္ထေယျ- မတောင့်တရာ၊ အ စိန္တေယျံ- မကြံအပ်သည်ကို၊ န စိန္တယေ- မကြံရာ၊ ဓမ္မမေဝ-တရားသဘောနှင့် စပ်ယှဉ်သည်ကိုသာလျှင်၊ သုစိန္တေယျ- ကောင်းစွာ ကြံရာ၏၊ မောဃံ- အချည်းနှီးသော၊ ကာလံ-ကာလကို၊ န အစ္စယေ-မလွန်စေရာ။

၂၆။ အ စိန္တိတမ္ပိ-မကြံပဲလျက်လည်း၊ ဘဝတိ-ဖြစ်တတ်၏၊ စိန္တိတမ္ပိ-ကြံသော်လည်း၊ ဝိနဿတိ-ပျက်တတ်၏၊ ဟိ-ထိုစကား သင့်စွ၊ ဣတ္ထိယာ ဝါ-မိန်းမအားလည်းကောင်း၊ ပုရိသဿ ဝါ- ယောကျ်ားအား လည်းကောင်း၊ ဘောဂါ- စည်းစိမ်တို့သည်၊ န စိန္တာမယာ-ကြံတိုင်းမပြီးကုန်။

၂၇။ ယော-အကြင်သူသည်၊ အသန္တဿ- သူတော် မဟုတ် သော သူယုတ်ကို၊ ပိယော- ချစ်အပ်သည်၊ ဟောတိ- ဖြစ်၏၊ သန္တံ-သူတော်ကောင်းကို၊ ပိယံ- ချစ်အပ်သည်ကို၊ န ကရုတေ- မပြု၊ အ သတံ- မသူတော် တို့၏၊ ဓမ္မံ- တရားကို သာလျှင်၊ ရောစေတိ-နှစ်သက်၏၊ တဿ-ထိုသူ၏၊ တံ-ထိုအမူအကျင့်သည်၊ ပရာဘဝတော-ပျက်စီးအံ့သည်၏၊ မုခံ-အကြောင်းတည်း။

သုဇနကဏ္ဍံ-သူတော်ကောင်းကို ဆိုရာအပိုင်းသည်။
နိဋ္ဌိတံ-ပြီးပြီ။

---

www.dhammadownload.com

၃။ ဗာလဒဏ္ဍနကဏ္ဍ

၁။ ခလော- သူယုတ်ကို၊ အတိပိယော- အလွန် ချစ်ခင်ခြင်းကို၊ န ကာတဗ္ဗော- မပြုအပ်၊ သိရသာ- ဦးခေါင်းဖြင့်၊ ဝယှမာနော ပိ- ရွက်ဆောင်အပ်သော်လည်း၊ အဆုပ္ပုရော- ရေမပြည့်သော၊ ဃဋော ယထာ- အိုးကဲ့သို့၊ ကောတူဟလံ- အုတ်အုတ်ကျက်ကျက်ကို၊ ကရော- ပြုတတ်၏။

၂။ သပ္ပေါ- မြွေသည်၊ ဒုဋ္ဌော- ကြမ်းကြုတ်၏၊ ခလော- သူယုတ်သည်လည်း၊ ဒုဋ္ဌော-ကြမ်းကြုတ်၏၊ သပ္ပါ-မြွေထက်၊ ခလော- သူယုတ်သည်ကား၊ ဒုဋ္ဌတရော- ကြမ်းကြုတ် လွန်၏၊ သော သပ္ပေါ-ထိုမြွေသည်၊ မန္တောသဓေဟိ- မန္တရား ဆေးဝါးတို့ဖြင့်၊ ဥပသမ္မတိ- ငြိမ်းနိုင်၏၊ ခလော- သူယုတ်သည်ကား၊ ကေန- အဘယ်မည်သောဆေးဖြင့်၊ ဥပသမ္မတိ-ငြိမ်းနိုင်အံ့နည်း။

၃။ ယော ဗာလော- အကြင် သူမိုက်သည်၊ ဗာလျံ- မိမိမိုက်သည်၏အဖြစ်ကို၊ မညတိ- သိ၏၊ တေန-ထိုသို့သိခြင်းကြောင့်၊ သော- ထိုသူမိုက်သည်၊ ပဏ္ဍိတော ဝါပိ- ပညာရှိ သော်လည်းမည်သေး၏၊ ယော ဗာလော- အကြင် သူ မိုက် သည် ကား၊ ဗာလော စ- မိုက်လျက် သာလျှင်၊ ပဏ္ဍိတမာနီ- မိမိကိုယ်ကို ပညာရှိဟုထင်၏၊ သော-ထိုသူမိုက်ကို၊ ဝေ-စင်စစ်၊ ဗာလောတိ- သူမိုက်ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

၄။ ဗာလော- သူမိုက်သည်၊ ယာဝ- အကြင်မျှလောက်၊ ပါပံ-မိမိပြုသောမကောင်းမှုသည်၊ န ပစ္စတိ-အကျိုးမပေးသေး၊ တာဝ-ထိုမျှလောက်၊ မဓုဝ-ပျားရည်ကဲ့သို့၊ မညတိ-အောက်မေ့တတ်၏၊ ယဒါ စ- အကြင်အခါ၌ကား၊ ပါပံ- မိမိပြုသော

www.dhammadownload.com

မကောင်းမှုသည်၊ ပစ္စတိ- အကျိုးပေး၏၊ အထ- ထိုအခါ၌၊ ဒုက္ခံ-ဆင်းရဲခြင်းသို့၊ နိဂစ္ဆတိ-ရောက်၏။

၅။ ဗာလော- သူမိုက်သည်၊ ဗလဝါ-အားရှိမူ၊ န သာဓု-မကောင်း၊ သဟာသာ-အနိုင်အထက်၊ ဓနံ-သူ၏ဥစ္စာကို၊ ဝိန္ဒတေ-ရအောင်ယူတတ်၏၊ ဒုပ္ပညော-ပညာနည်းသော၊ သောဗာလော-ထိုသူမိုက်သည်၊ ကာယဿ ကိုယ်ခန္ဓာ၏၊ ဘေဒါ-ပျက်သည်မှ၊ ပရံ-နောက်၌၊ နိရယံ-ငရဲသို့၊ ဥပပဇ္ဇတိ-ရောက်တတ်၏။

၆။ ဃရေ- အိမ်၌၊ ဒုဇ္ဇော စ- ဖျက်ဆီးတတ်သည်ကား၊ မူသိကော-ကြွက်တည်း၊ ဝနေ-တော၌၊ ဒုဇ္ဇော စ-ဖျက်ဆီးတတ်သည်ကား၊ ဝါနရော-မျောက်တည်း၊ သကုဏော-ငှက်၌၊ ဒုဇ္ဇော စ-ဖျက်ဆီးတတ်သည်ကား၊ ကာကော- ကျီးတည်း၊ နရေ- လူ၌၊ ဒုဇ္ဇော စ-ဖျက်ဆီးတတ်သည်ကား၊ ဗြာဟ္မဏော-ပုဏ္ဏားတည်း။

၇။ ဇာဂရတော- နိုးကြားသောသူအား၊ ရတ္တိ-ညဉ့်သည်၊ ဒီဃာ- ရှည်၏၊ သန္တဿ- ခရီးပန်းသောသူအား၊ ယောဇနံ-တယူဇနာခရီးသည်၊ ဒီဃံ- ရှည်၏၊ သဒ္ဓမ္မံ- သူတော်ကောင်းတရားကို၊ အဝိဇာနတံ-မသိကုန်သော၊ဗာလာနံ-သူမိုက်တို့အား၊ သံသာရော-သံသရာသည်၊ ဒီဃော-ရှည်၏။

၈။ ခလဇာတော-ယုတ်သောသဘောရှိသူသည်၊ ပရေသံဝ-သူတပါးတို့၏ သာလျှင်၊ တိလမတ္တံ- နှမ်းစေ့ခန့်မျှ ရှိသော၊ အပ္ပဒေါသဉ္စ- အနည်းငယ်သော အပြစ်ကိုလည်း၊ ပဿတိ- မြင်တတ်၏၊ နာဠိကေရမ္ပိ-အုန်းသီးလောက် ရှိသည်လည်းဖြစ်သော၊ သဒေါသံ-မိမိအပြစ်ကို၊ န ပဿတိ-မမြင်တတ်။

www.dhammadownload.com

၉။ ပဏ္ဍိတော- ပညာရှိသောသူသည်၊ အတ္တဒေါသံ- မိမိအပြစ်ကို၊ ပရေ-သူတပါးတို့ကို၊ န ဉာပေ-မသိစေရာ၊ ပရဿ-သူတပါး၏၊ ဒေါသံတု-အပြစ်ကိုကား၊ ဉာပေ-သိအောင်ပြုရာ၏၊ ကုမ္မော-လိပ်တို့သည်၊ အင်္ဂါနိ-လက်,ခြေ,ဦးခေါင်းတို့ကို၊ ဂုယှန္တိ-ဣဝ- လျှို့ဝှက်ကုန်သကဲ့သို့၊ အတ္တဒေါသံ-မိမိအပြစ်ကို၊ ဂုယှေ-လျှို့ဝှက်ရာ၏၊ ပရဒေါသဉ္စ- သူတပါးတို့ အပြစ်ကိုလည်း၊ လက္ခေ-မှတ်ရာ၏။

၁၀။ ဗာလေန- သူမိုက်သည်၊ ပဏ္ဍိတဿ- ပညာရှိအား ပသံသာယ- ချီးမွမ်းခြင်းဖြင့်၊ ဒဏ္ဍော- ဒဏ်ကို၊ ဒိယျတေ-ပေးသည်မည်၏၊ ပဏ္ဍိတော-ပညာရှိကို၊ ပဏ္ဍိတေနေဝ-ပညာရှိသည် သာလျှင်၊ ဝဏ္ဏိတောဝ-ချီးမွမ်းသည်သာ၊ သုဝဏ္ဏိတော-ကောင်းစွာ ချီးမွမ်းသည် မည်၏။

၁၁။ လုဒ္ဓံ-လိုချင်တပ်မက်မောခြင်းရှိသောသူကို၊ အတ္ထေန-တံစိုးလက်ဆောင်ပေးသဖြင့်၊ ဂဏှေယျ-သိမ်းပိုက်ရာ၏၊ ထဒ္ဓံ-မာန် ခက်ထန်သောသူကို၊ အဉ္ဇလိကမ္မေန- လက်အုပ်ချီသဖြင့်၊ ဂဏှေယျ-သိမ်းပိုက်ရာ၏၊ မူဠှံ-သူမိုက်ကိုကား၊ ဆန္ဒာနုဝတ္တိယာ-အလိုသို့ လိုက်သဖြင့်၊ ဂဏှေယျ- သိမ်းပိုက်ရာ၏၊ ပဏ္ဍိတံ-ပညာရှိကို၊ ယထာဘူတေန- ဟုတ်မှန်တိုင်းပြောသဖြင့်၊ ဂဏှေယျ-သိမ်းပိုက်ရာ၏။

ဗာလဒုဇ္ဇနကဏ္ဍ -သူမိုက်တို့ကို ဆိုသောအပိုင်းသည်၊
နိဋ္ဌိတံ-ပြီးပြီ။

၂၀–ကြိမ်မြောက်

www.dhammadownload.com

၄။ မိတ္တကဏ္ဍ

၁။ ဟိတကာရော-စီးပွားကိုဆောင်သည်ရှိသော်၊ ပရောပိ-ရန်သူသည်လည်း၊ ဗန္ဓု-အဆွေမည်၏၊ အဟိတော-စီးပွားကို မဆောင်မူ၊ ဗန္ဓုပိ-အဆွေသည်လည်း၊ ပရော-ရန်သူမည်၏၊ ဗျာဓိ-အနာသည်၊ ဒေဟဇော-ကိုယ်၌ဖြစ်လျက်၊ အဟိတော-စီးပွားကို မဆောင်လေ၊ ဩသဓံ-ဆေးကား၊ အာရညံ-တော၌ ဖြစ်လျက်၊ ဟိတံ-စီးပွားကို ဆောင်ခဲ့လေသတည်း။

၂။ ပရောက္ခေ-မျက်ကွယ်၌၊ ဂုဏဟန္တာရံ-ကျေးဇူးကို ချေဖျက်တတ်သော၊ ပစ္စက္ခေ-မျက်မှောက်၌၊ ပိယဝါဒိနံ-ချစ်ဖွယ်သော စကားကို ဆိုတတ်သော၊ တာဒိသံ-ထိုသို့သဘောရှိသော၊ မိတ္တံ-အဆွေခင်ပွန်းကို၊ ဝိသကုမ္ဘေ-အဆိပ်အိုး၌၊ မဓုံ-ပျားကို၊ ဝဇ္ဇေယျ ယထာ-ကြဉ်ရာသကဲ့သို့၊ ဝဇ္ဇေယျ-ကြဉ်ရာ၏။

၃။ မနုဟီနေ-ဥစ္စာတည်း ယုတ်မူကား၊ မိတ္တော-အဆွေခင်ပွန်းသည်၊ စဇေ-စွန့်တတ်၏၊ ပုတ္တဒါရာ-သားမယားတို့ သည်လည်းကောင်း၊ သဟောဒရာ-ညီသားအစ်ကိုတို့ သည်လည်းကောင်း၊ စဇန္တိ-စွန့်တတ်ကုန်၏၊ မနဝန္တံ-ဥစ္စာရှိသော သူကို သာလျှင်၊ သေဝန္တိ-မှီဝဲကုန်၏၊ တသ္မာ-ထို့ကြောင့်၊ မနံ-ဥစ္စာသည်၊ လောကေ-လောက၌၊ မဟာသခါ-ခင်ပွန်းကြီးတည်း။

၄။ လောကေ-လောက၌၊ ဘတ္တံ-ကျွန်သူခစား အကဲကို၊ ပေသနေ-စေပါး ခိုင်းခန့်သော အခါ၌၊ ဇာနေယျ-သိရာ၏၊ ဗန္ဓဝမ္ပိ-ဆွေမျိုးအကဲကိုလည်း၊ ဘယာဂတေ-ဘေးရောက်သော

၃၀ -ကြိမ်မြောက်၊

www.dhammadownload.com

အခါ၌၊ ဇာနေယျ-သိရာ၏၊ တထာ-ထိုမှို၊ မိတ္တံ-အဆွေခင်ပွန်း အကဲကို၊ အာပဒါသု-ဥစ္စာပျက်စီးသောအခါတို့၌၊ ဇာနေယျ- သိရာ၏၊ ဒါရဥ္စ- မယားအကဲကိုလည်း၊ ဝိဘဝက္ခယေ- စည်းစိမ် ကုန်မှု၊ ဇာနေယျ-သိရာ၏။

၅။ ယော- အကြင် သူသည်၊ ဟိတေ- အစီးအပွား၌၊ ယုတ္တော-ယှဉ်၏၊ သော-ထိုသူသည်၊ ဗန္ဓု-အဆွေခင်ပွန်းမည်၏၊ ယေ-အကြင်သူတို့သည်၊ ပေါသကာ- ကျွေးမွေးတတ်ကုန်သည်၊ ပေါသန္တိ-ဖြစ်ကုန်၏၊တေ-ထိုသူတို့သည် ပိတရော-မိဘမည်ကုန်၏၊ ယတ္ထ-အကြင်သူ၌၊ ဝိဿာသော-အကျွမ်းဝင်၏၊ တံ-ထိုသူသည်၊ မိတ္တံ- ခင်ပွန်းမည်၏၊ ယတ္ထ- အကြင်မိန်းမ၌၊ နိဗ္ဗုတိ- နှလုံး ငြိမ်းအေး၏၊သာ-ထိုငြိမ်းအေးရာဖြစ်သောမိန်းမသည်၊ဘရိယာ- မယားမည်၏။

၆။ အဝိဿဋ္ဌံ-ရန်သူကို၊ န ဝိဿသေ- အလျှင်း အကျွမ်း မဝင်ရာ၊ မိတ္တဥ္စာပိ-အဆွေခင်ပွန်းကိုလည်း၊ နဝိဿသေ-အလွန် အကျွမ်းမဝင်ရာ၊ကဒါစိ-တရံတခါ၊မိတ္တော-အဆွေခင်ပွန်းသည်၊ ကုပိတော-အမျက်ထွက်လတ်သော်၊ သဗ္ဗဒေါသံ- ခပ်သိမ်းသော အပြစ်ကို၊ ပကာသတိ-ထင်ရှားဖေါ်ပြတတ်၏။

၇။ ယော-အကြင်သူသည်၊ သကိံ-တကြိမ်၊ ဒုဋ္ဌံ-အမျက် ထွက်ဖူးသော၊ မိတ္တံ-မိတ်ဆွေကို၊ ပုန-တဖန်၊ သန္ဓာတုံ-စေ့စပ် ခြင်ငှါ၊ ဣစ္ဆတိ-အလိုရှိငြားအံ့၊ သော-ထိုသူသည်၊အဿတရီ- အဿတိုရ်မြင်းမသည်၊ ဂဗ္ဘံ- ကိုယ်ဝန်ကို၊ ယထာ-ယူသကဲ့သို့၊ မစ္စုံ-သေမင်းကို၊ ဥပဂဏှာတိ-ယူသည်မည်၏။

၃၀ - ကြိမ်မြောက်

၈။ ယာဝ– အကြင်မျှလောက်၊ ကာလံ– မိမိအကြံ ကာလသည်၊ အနာဂတံ– မရောက်သေး၊ တာဝ– ထိုရွေ့လောက်၊ အမိတ္တံ–ရန်သူကို၊ ခန္ဓေန– ပခုံးဖြင့်၊ ဝဟေ– ရွက်ဆောင်ရာ၏၊ ကာလေ– မိမိအကြံ ကာလသည်၊ အာဂတေ– ပြည့်စုံခြင်းသို့ ရောက်လေပြီးသော်၊ တမေဝ– ထိုရန်သူကိုလျှင်၊ သေလေ– ကျောက်၌၊ ဃဋံ–ရွက်ဆောင်သောအိုးကို၊ ဘိန္ဒေဣဝ–ခွဲသကဲ့သို့၊ ဘိန္ဒေ–ခွဲဖျက်ရာ၏။

၉။ ဣဏသေသော– မြီကြွင်း သည်လည်းကောင်း၊ အဂ္ဂိသေသော–မီးကြွင်းသည်လည်းကောင်း၊ တထာ စ– ထို့အတူ သာလျှင်၊ သတြုသေသော– ရန်ကြွင်း သည်လည်းကောင်း၊ ပုနပ္ပုနံ– အဖန်တလဲလဲ၊ ဝိဝဍ္ဎန္တိ– ပွားတက်ကုန်၏၊ တသ္မာ– ထို့ကြောင့်၊ သေသံ–အကြွင်းကို၊ န ကာရယေ–မပြုရာ။

၁၀။ ယဿ– အကြင်သူ၏၊ မုခံ– မျက်နှာသည်၊ ပဒုမံဝ– ပဒုမ္မာကြာကဲ့သို့ ရွှင်၏၊ ဝါစာ– ဆိုသောစကားသည်၊ စန္ဒန သီတလာ–စန္ဒကူးကဲ့သို့ ချမ်းအေး၏၊ ဟဒယေတု–နှလုံး၌ကား၊ ဟလာဟလံ– လျင်စွာ သေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏၊ တာဒိသံ– ထိုကဲ့သို့ သဘောရှိသောသူကို၊ နောပသေဝေယျ– မမှီဝဲရာ။

၁၁။ ဖရုသံ– ကြမ်းကြုတ်သော၊ သာမိံ– အရှင်ကို၊ န သေဝေ– မမှီဝဲရာ၊ တတော–ထို့ထက်၊ မစ္ဆရိံ–ဝန်တိုသော၊ သာမိံ–အရှင်ကို၊ န စ သေဝေယျ–မမှီဝဲရာ၊ တတော–ထို့ထက်၊

www.dhammadownload.com

အပ္ပဂ္ဃံ မချိးမြှင့်တတ်သော၊ သာမိ-အရှင်ကို၊ နစသေဝေယျ-မမှီဝဲရာ၊ တတော-ထို့ထက်၊ နိဂ္ဂဟိတံ-နှိပ်စက်တတ်သော၊ သာမိံ-အရှင်ကို၊ နေဝ သေဝေယျ-မမှီဝဲရာသလျှင်ကတည်း။

၁၂။ သိင်္ဂီ- ဦးချိုရှိသော သတ္တဝါကို၊ ပဉ္စသဟတ္ထေန-အတောင်ငါးဆယ်သော အရပ်မှ၊ ဝဇ္ဇေ-ကြဉ်ရာ၏၊ ဝါဇိနံ-မြင်းကို၊ သတေန-အတောင်တရာမှ၊ ဝဇ္ဇေ-ကြဉ်ရာ၏၊ ဟတ္ထိဒန္တိံ-အစွယ်ရှိသော ဆင်ကို၊ သတသဟဿေန-အတောင် တထောင်မှ၊ ဝဇ္ဇေ-ကြဉ်ရာ၏၊ ဒုဇ္ဇနံ-သူမကောင်းကိုမူကား၊ ဒေသစာဂေန-အရပ်ကို စွန့်သဖြင့်၊ ဝဇ္ဇေ-ကြဉ်ရာ၏။

၁၃။ ကုဒေသဉ္စ-မကောင်းသောအရပ်ကို လည်းကောင်း၊ ကုမိတ္တဉ္စ-မကောင်းသော အဆွေခင်ပွန်းကို လည်းကောင်း၊ ကုကုလဉ္စ-မကောင်းသော အမျိုးကိုလည်းကောင်း၊ ကုဗန္ဓဝဉ္စ-မကောင်းသော အဆွေကိုလည်းကောင်း၊ ကုဒါရဉ္စ-မကောင်းသော မယားကို လည်းကောင်း၊ ကုဒါသဉ္စ-မကောင်းသော ကျွန်ကိုလည်းကောင်း၊ ဒူရတော-ဝေးစွာ၊ ပရိဝဇ္ဇယေ-ကြဉ်ရာ၏။

၁၄။ ယေ သခါနော-အကြင်ပွန်တို့သည်၊ ရောဂါတုရေ စ-အနာနှိပ်စက်တတ်သောကာလ၌လည်းကောင်း၊ ဒုဗ္ဘိက္ခေ စ-ငတ်မွတ်ခေါင်းပါးသော အခါ၌လည်းကောင်း၊ ဗျသနေ စ-စည်းစိမ်ပျက်စီးသောကာလ၌ လည်းကောင်း၊ သတြုဂ္ဂဟေ စ-ရန်သူဖမ်းမိသောကာလ၌လည်းကောင်း၊ ရာဇဒွါရေ စ-မင်းအိမ်

www.dhammadownload.com

တံခါး၌ လည်းကောင်း၊ သုသာနေ စ- သုသာန် တစပြင်၌ လည်းကောင်း၊ တိဋ္ဌန္တိ- တည်ရပ်ပေကုန်၏၊ တေ သခါနေခ- ထိုခင်ပွန်းတို့သည် သာလျှင်၊ သုမိတ္တကာ- ခင် ပွန်း ကောင်း မည်ကုန်၏။

၁၅။ သီတဝါစော-နှုတ်ခွန်းချိုသောစကားရှိသောသူသည်၊ ဗဟုမိတ္တော-များစွာသော အဆွေခင်ပွန်းရှိ၏၊ ဖရုသော- ကြမ်းကြုတ်သော သူသည်၊ အပ္ပမိတ္တကော-နည်းသော အဆွေခင်ပွန်း ရှိ၏၊ စန္ဒသူရိယရာဇူနံ- လမင်း, နေမင်း တို့၏၊ ဥပမံ-ဥပမာကို၊ ဧတ္ထ-ဤအရာ၌၊ ဉာတဗ္ဗာ-သိအပ်၏။

မိတ္တကဏ္ဍ-ခင်ပွန်းကို ဆိုရာအပိုင်းသည်၊
နိဋ္ဌိတံ-ပြီးပြီ။

၅။ ဣတ္ထိကဏ္ဍ

၁။ ကောကိလာနံ-ဥဩတို့၏၊ ရူပံ-အဆင်းကား၊ သရော- အသံတည်း၊ နာရိရူပံ- မိန်းမတို့၏အဆင်းကား၊ ပတိဗ္ဗတံ-လင်ကို မြတ်နိုးခြင်းတည်း၊ အရူပါနံ-ရုပ်သဏ္ဌာန်မကောင်းသောသူတို့၏၊ ရူပံ-အဆင်းကား၊ ဝိဇ္ဇာ- အတတ်တည်း၊ တပဿီနံ- ရသေ့, ရဟန်းတို့၏၊ ရူပံ-အဆင်းကား၊ ခမာ-သည်းခံခြင်းတည်း။

၂။ ဣတ္ထီနံ-မိန်းမတို့၏၊ ဓနံ-ဥစ္စာကား၊ ရူပံ-အဆင်းတည်း၊ ပုရိသာနံ-ယောကျ်ားတို့၏၊ ဓနံ-ဥစ္စာကား၊ ဝိဇ္ဇာ-အတတ်တည်း၊ ဘိက္ခူနံ- ရဟန်းတို့၏၊ ဓနံ- ဥစ္စာကား၊ သီလံ- သီလတည်း၊ ရာဇာနံ-မင်းတို့၏၊ ဓနံ-ဥစ္စာကား၊ ဗလံ-ရဲမက်ဗိုလ်ပါတည်း။

၃။ တာပသာ- ရသေ့,ရဟန်းတို့ သည်ကား၊ ကိသာဝ- ကြုံမှသာလျှင်၊ သောဘာ- တင့်တယ်ကုန်၏၊ စတုပ္ပဒါ- အခြေ လေးခုရှိသော သတ္တဝါတို့သည်ကား၊ ထူလာဝ- ဆူမှသာလျှင်၊ သောဘာ-တင့်တယ်ကုန်၏၊ ပုရိသာ စ-ယောကျ်ားတို့သည်ကား၊ ဝိဇ္ဇာ- အတတ်ပညာရှိမှသာလျှင်၊ သောဘာ- တင့်တယ်ကုန်၏၊ ဣတ္ထီ စ-မိန်းမတို့သည်ကား၊ သ သာမိကာဝ-လင်ရှိမှသာလျှင်၊ သောဘာ-တင့်တယ်ကုန်၏။

၄။ သုဂန္ဓဗ္ဗာ- တတ်လှစွာသော စောင်းသမား တို့သည်၊ ပဉ္စရတ္တာ- ငါးရက်မျှ စောင်းနှင့်ကင်းမူ၊ မလာ- ပျက်ကုန်၏၊ ဓနုဂ္ဂဟာ-တတ်လှစွာသော လေးသမားတို့သည်၊ သတ္တရတ္တာ- ခုနစ်ရက်မျှ လေးနှင့်ကင်းမူ၊ မလာ- ပျက်ကုန်၏၊ သုဘရိယာ- ဘော်မှန်လှစွာသော မယားတို့ ဖြင်လျှင်မူလည်း၊ ဧကမာသာ- လင်နှင့် တလကင်းမူ၊ မလာ-ပျက်ကုန်၏၊ သိဿာ-တပည့်တို့သည်၊ အဍ္ဎမာသာ-တလခွဲမျှ ဆရာနှင့်ကင်းမူ၊ မလာ-ပျက်ကုန်၏။

၅။ ဟိံ- ကျွဲသည်၊ ပင်- ညွန့်၌၊ ရမတိ- မွေ့လျော်၏၊ ဟင်-ဟင်္သာငှက်သည်၊ ပေါက်-ရေကန်၌၊ ရမတိ-မွေ့လျော်၏၊ ထီ- မိန်းမသည်၊ ပု- ယောကျ်ား၌၊ ရမတိ- မွေ့လျော်၏၊ ခု-ရဟန်းသည်၊ မံ-တရား၌၊ ရမတိ-မွေ့လျော်၏။

www.dhammadownload.com

၆။ အန္နံ-ထမင်းကို၊ ဇိဏ္ဏံ-အစာကြေမှ၊ ပသံသေယျ-ချီးမွမ်းရာ၏၊ ဒါရဉ္စ- မယားကိုလည်း၊ ဂတယောဗ္ဗနံ- အရွယ်လွန်မှ၊ ပသံသေယျ- ချီးမွမ်းရာ၏၊ သူရံ- ရဲမက်၏၊ ရဏာ ပုနာဂတံ- စစ်အောင်၍ပြန်မှ၊ ပသံသေယျ-ချီးမွမ်းရာ၏၊ သဿံ-ကောက်ကို၊ ဂေဟမာဂတံ-အိမ်သို့ရောက်မှ၊ ပသံသေယျ-ချီးမွမ်းရာ၏။

၇။ ဒွတ္တိပတိကာ- နှစ်လင်,သုံးလင်ကွာပြီးသော၊ နာရီ စ- မိန်းမ သည်လည်းကောင်း၊ ဒွတ္တိဝိဟာရိကော- နှစ်ကျောင်း, သုံးကျောင်း ပြောင်းပြီးသော၊ ဘိက္ခု စ-ရဟန်း သည်လည်း ကောင်း၊ ဒွတ္တိပါသမုတ္တော- ကျော့ကွင်းမှ နှစ်ကြိမ်, သုံးကြိမ် လွတ်ပြီးသော၊ ပက္ခီ စ- ငှက်သည်လည်းကောင်း၊ ဗဟုတရံ- အလွန်များစွာ၊ ကတမာယာ-ပြုအပ်သော မာယာရှိကုန်၏။

၈။ ဒုဇ္ဇနံ- သူယုတ်ကို၊ ပဟာရ- ပုတ်ခတ်သဖြင့်၊ ဒန္တံ- ယဥ်ကျေးစေရာ၏၊ အမိတ္တံ- မကောင်းသော အဆွေခင်ပွန်းကို၊ အဘာဏိကာ- စကားဆိုမြဲ မဆိုသဖြင့်၊ ဒန္တံ- ယဥ်ကျေးစေရာ၏၊ ဣတ္ထိနံ- မကောင်းသော မိန်းမကို၊ ဗျာသနာ- စည်းစိမ်ကို မအပ်နှင်းသဖြင့်၊ ဒန္တံ- ယဥ်ကျေးစေရာ၏၊ ရောဂိနံ- အစာ၌ တပ်မက်မောတတ်သော သူကို၊ အပ္ပဘောဇနာ- အစာကို ယုတ်သဖြင့်၊ ဒန္တံ-ယဥ်ကျေးစေရာ၏။

၉။ စန္ဒိမာ- လမှ၊ ဝိနာ- ကင်းသော၊ ရတ္တိ- ညဥ့်သည်၊ န သောဘာ- မတင့်တယ်၊ ဝီစိဝိနာ- လှိုင်းတံပိုးမှ ကင်းသော၊ အဏ္ဏဝါ စ- သမုဒ္ဒရာသည်လည်း၊ န သောဘာ- မတင့်တယ်၊

www.dhammadownload.com

ဟံသ ဝိနာ– ဟသ်ာမှကင်းသော၊ ပေါက္ခရဏီ– ရေကန်သည်၊ န သောဘေ–မတင့်တယ်၊ ပတိဝိနာ–လင်မှကင်းသော၊ ကညာ– သတို့သမီးသည်၊ န သောဘေ–မတင့်တယ်။

၁၀။ ပတိနာ– လင်သည်၊ ဘောဂေ ါ– စည်းစိမ်ဥစ္စာကို၊ ဇနိတော– ဖြစ်စေအပ်၏၊ ဂတ္တိယာ– မိန်းမမူကား၊ သုဂေ ါပိ တော၀– လုံစေအပ်သည် သာတည်း၊ ဟိ– ထိုစကား သင့်စွ၊ ပုရိသော၀–ယောကျ်ားသည်သာလျှင်၊ ပမာနော–ပမာနတည်း၊ ဂတ္တိ–မိန်းမမူကား၊ သူစိယာ သုတ္တံဝ– အပ်ချည်နှင့်သာ တူပါ သတည်း။

၁၁။ သဗ္ဗနဒီ– ခပ်သိမ်းသော မြစ်တို့သည်၊ ဝင်္ကနဒီ– မြစ်ကောက်တို့ သာတည်း၊ သဗ္ဗေ ဝနာ–ခပ်သိမ်းသောတောတို့သည်၊ ကဋ္ဌမယာ- ထင်းဖြင့်ပြီးကုန်၏၊ သဗ္ဗိတ္ထိယော–ခပ်သိမ်းသောမိန်းမ တို့သည်၊နိဝါတေ–ဆိတ်ငြိမ်သောအရပ်ကို၊ လဘမာနေ–ရသည် ရှိသော်၊ ပါပံ–မကောင်းမှုကို၊ ကရေ ကရေယျုံ–ပြုကုန်မြဲတည်း။

၁၂။ ဝိဝါဒသီလိံ– ငြင်းခုံတတ်သော အလေ့ ရှိထသော၊ ဥဿူယ ဘာဏိနိံ– ငြူစူစောင်းမြောင်းသော စကားကို ဆိုလေ့ ရှိထသော၊ သမ္ပဿ တဏှိံ– မြင်တိုင်းကိုလည်း တပ်နှစ်သက် ထလော၊ ဗဟုပါကဘုတ္တိနိံ–များစွာလည်း ချက်ပြုတ်၍စားတတ် ထသော၊ အဂ္ဂန္တဘုတ္တိံ– လင်၏ အဦးကို စားတတ်ထသော၊ ပရဂေဟ ဝါသိနိံ–သူတပါးတို့အိမ်သို့ သွားတတ် နေတတ်သော အလေ့ရှိထသော၊ နာရိံ–မိန်းမကို၊ ပုတ္တာသတမ္ပိ– သားတရာပင် မြင်ငြားသော်လည်း၊ ပုမာ–ယောကျ်ားသည်၊စဇေ–စွန့်ပစ်ရာ၏။

www.dhammadownload.com

၁၃။ ယာ နာရီ-အကြင်မိန်းမသည်၊ ဘုတ္တေသု စ-စားသော အရာတို့၌လည်းကောင်း၊ မဏ္ဍေသု စ- အဝတ်တန်ဆာ ဆင်ယင်သော အရာတို့၌ လည်းကောင်း၊ ဇနီဝ- အမိကဲ့သို့၊ ကန္တိနီ-နှစ်သက်ဖွယ် ပြုပြင်တတ်၏၊ ဂုယှေ-လျှို့ဝှက်အပ်သော၊ဌာနေ စ-ကျစ်လစ်သောအရာ၌လည်း၊ ဘဂိနီဝ-နှမကဲ့သို့၊ ဟိရိနီ-လွန်စွာရှက်တတ်၏၊ ပတ္တေသု-အခါရောက်ကုန်သော၊ ကမ္မေသု-အမှုတို့၌၊ ဒါသီဝ- ကျွန်မကဲ့သို့၊ ကရောတိ-ရိုသေစွာ ပြုတတ်၏၊ ဘယေသု- ဘေးရှိသော အခါတို့၌၊ မန္တီ- တိုင်ပင်ဖက် ရ၏၊ သယနေသု-အိပ်သောအခါတို့၌၊ ရာမယေ-မွေ့လျော်စေတတ်၏၊ ရူပီသု- အရောင်အဆင်းကို ပြုပြင်ခြင်းတို့၌၊ သိက္ခီ- တင့်တယ်စွာ ပြုပြင်တတ်၏၊ ကုပ္ပနေသု-အမျက်ထွက်သောအခါတို့၌၊ ခန္တိနီ-သည်းခံတတ်၏၊ သာ နာရီ-ထိုမိန်းမကို၊ သေဋ္ဌတိ-မြတ်၏ဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဝဒန္တိ-ဆိုကုန်၏၊ သာ-ထိုမိန်းမသည်၊ ကာယဿ ဘေဒါ စ- သေသည်၏ အခြားမဲ့၌လည်း၊ ဒိဝေ-နတ်ပြည်၌၊ သဝေယျ-ဖြစ်ရာ၏။

(ဇဂတီဆန်း ၁၂-လုံးဘွဲ့၊ ဣန္ဒဝံသဂါထာအနက်)

၁၄။ ယာ ယုဝတိ-အကြင်မိန်းမပျိုသည်၊သာမာ-ရွှေသော အသားအရေလည်း ရှိ၏၊ မိဂက္ခီ- သမင်မျက်စိကဲ့သို့ ညိုသော မျက်စိလည်းရှိ၏၊ တနုမဇ္ဈဂတ္တာ- ခါးသေးတစ်ကျယ် ငယ်သော ဝမ်းလည်း ရှိ၏၊ သူရူ- ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသော ပေါင်လည်း ရှိ၏၊ သုကေသီ- ရှည်၍ အဖျားကော့တက်သော ဆံပင်လည်း ရှိ၏၊ သမပန္တိ ဒန္တီ-ကြီးငယ်မထင် ညီညွတ်သော

www.dhammadownload.com

သွားအစဉ်လည်းရှိ၏၊ ဂမ္ဘီရနာဘိ- နက်သော ချက်လည်း ရှိ၏၊ သုသိလိ-ကောင်းသော အလေ့အကျင့်လည်းရှိ၏၊ သာ ယုဝတီ- ထိုသို့သောမိန်းမပျိုသည်၊ ဟီနကုလေသု-ယုတ်သောအမျိုးတို့၌၊ ဇာတာပိ-ဖြစ်သော်လည်း၊ ဝိဝါဟေ-ဆက်ဆံထိမ်းမြားရာ၏။

၁၅။ ဥဘုကာလာနံ-ဥတုကာလတို့တွင်၊ သရဒံ-တန်ဆောင် မုန်း လသည်၊ပဓာနံ-မြတ်၏၊ ဘရိယာနံ-မယားတို့တွင်၊ရူပဝတီ- အဆင်းလှသောမိန်းမသည်၊ပဓာနံ-မြတ်၏၊ ပုတ္တာနံ-သားတို့တွင် ဇေဋ္ဌော- သားကြီးသည်၊ ပဓာနံ- မြတ်၏၊ ဒိသာနံ- အရပ် ရှစ်မျက်နှာတို့တွင်၊ ဥတ္တရာ ဒိသာ-မြောက်အရပ်သည်၊ ပဓာနံ- မြတ်၏။

၁၆။ ယာ နာရီ- အကြင် မိန်းမသည်၊ ဇာတိံ ဇာတိံ- ဖြစ်တိုင်း ဖြစ်တိုင်း၊ ပုနပ္ပုနံ- အဖန် တလဲလဲ၊ ပေါရိသံ- ယောကျ်ား၏ အဖြစ်ကို၊ ဣစ္ဆေ- အလိုရှိငြားအံ့၊ သာနာရီ- ထိုမိန်းမသည်၊ ပါရိစာရိကာ-သိကြားမင်း၏မယားသည်၊ ဣန္ဒံ- သိကြားမင်းကို၊အာပစာယတိ ဣဝ-အရိုအသေလုပ်ကျွေးသကဲ့သို့၊ သာမိကံ-လင်ကို၊ အပစာယေယျ-အရိုအသေ လုပ်ကျွေးရာ၏။

၁၇။ ယော ပေါသော-အကြင်ယောကျ်ားသည်၊ ဇာတိံ ဇာတိံ- ဖြစ်တိုင်းဖြစ်တိုင်း၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ ပေါ်ရိသံ- ယောကျ်ား၏အဖြစ်ကို၊ဣစ္ဆေ-အလိုရှိငြားအံ့၊သော ပေါသော- ထိုယောကျ်ားသည်၊ ပရဒါရံ- သူတပါး၏ မယားကို၊ ဓောတ ပါဒေါ-ခြေဆေးပြီးသော၊ပေါသော-ယောကျ်ားသည်၊ ကဒ္ဒမံ- ညွန်ကို၊ ဝိဝဇ္ဇေတိ ယထာ-ကြဉ်သကဲ့သို့၊ ဝိဝဇ္ဇေယျ-ကြဉ်ရာ၏။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၁၀။ အတိတယောဗ္ဗနော-အရွယ်လွန်ပြီးသော၊ ပေါ်သော-ယောကျ်ားသည်၊ တိမ္ဗရုတ္ထနိံ=တည်သီးမျှငယ်သော သားမြတ်ရှိသော၊ ယုဝတိံ-မိန်းမပျိုကို၊ အာနေတိ-ယူဆောင်သိမ်းဆည်း၏၊ တဿာ-ထိုမိန်းမပျိုအား၊ ဣဿာ- တပါးသူနှင့် ပျော်မွေ့မည်ကို မနာလိုခြင်းကြောင့်၊ န သုပတိ- မအိပ်နိုင်၊ တံ- ထိုငယ်သော မယားကို သိမ်းဆည်းခြင်းသည်၊ ပရာဘဝတော-ပျက်စီးအံ့သည်၏၊ မုခံ-အကြောင်းတည်း။

ဣတ္ထိကဏ္ဍ—မိန်းမကို ဆိုရာဖြစ်သော အပိုင်းသည်၊
နိဋ္ဌိတံ-ပြီးပြီ။

၆။ ရာဇ ကဏ္ဍ

၁။ ရာဇာ- မင်းကား၊ ဧကယာမံ- တယံသာ၊ သယေ-အိပ်ရာ၏၊ ပဏ္ဍိတော- ပညာရှိကား၊ ဒွိယာမဿေဝ- နှစ်ယံသာလျှင်၊ သယေ-အိပ်ရာ၏၊ ဃရာဝါသော-အိမ်ရာထောင်သောလူအပေါင်းကား၊ တိယာမံဝ-သုံးယံသာလျှင်၊ သယေ-အိပ်ရာ၏၊ ယာစကောတု-ဖုန်းတောင်းယာစကာကား၊ စတုယာမံ-လေးယံပတ်လုံး၊ သယေ-အိပ်ရာ၏။

၂။ ယတ္ထ ဒေသေ-အကြင်အရပ်၌၊ ဓနဝါ-ဥစ္စာရှိသောသူလည်းကောင်း၊ သုတဝါ- အကြားအမြင် များသော ပညာရှိလည်းကောင်း၊ ရာဇာ- မင်း လည်းကောင်း၊ နဒီ- မြစ် လည်း

www.dhammadownload.com

ကောင်း၊ ဝေဇ္ဇာ- ဆေးသမားလည်းကောင်း၊ ဣမေပဋ္ဌ-ဤ ငါးပါးတို့သည်၊ န ဝိဇ္ဇန္တိ-မရှိကုန်၊ တတ္ထ-ထိုအရပ်၌၊ ဒိဝသံ- တနေ့ တရက်မျှ၊ န ဝသေ-မနေရာ။

၃။ ယသ္မိံ ပဒေသေ-အကြင်အရပ်၌၊ န မာနော- မြတ်နိုး ခြင်းလည်း မရှိ၊ န ပေမံ-ချစ်ခြင်းလည်းမရှိ၊ န စ ဗန္ဓဝါ-အဆွေ ခင်ပွန်းလည်း မရှိကုန်၊ ကောစိ- တစုံတခုသော၊ ဝိဇ္ဇာဂမော- အတတ်ပညာ ရလာခြင်းသည်လည်း၊ န-မရှိ၊ တတြ ပဒေသေ- ထိုအရပ်၌၊ ဒိဝသံ-တနေ့တရက်မျှ၊ န ဝသေ-မနေရာ။

၄။ လောကေ-လောက၌၊ အ ပုတ္တကံ-သားသမီးမရှိသော၊ ဃရံ-အိမ်သည်၊ သုညံ-ဆိတ်၏၊ အ ရာဇကံ-မင်းမရှိသော၊ ရဋ္ဌံ- တိုင်းသည်၊ သုညံ-ဆိတ်၏၊ အ သိပ္ပဿ-အတတ်မရှိသောသူ၏၊ မုခံ-ခံတွင်းသည်၊ သုညံ- ဆိတ်၏၊ ဒလိဒ္ဒတာ- သူဆင်းရဲ၏ အဖြစ်ကား၊ သဗ္ဗသုညာ-အလုံးစုံဆိတ်၏။

၅။ လောကေ-လောက၌၊ ဓနံ-ဥစ္စာကို၊ ဣစ္ဆေယျ-အလိုရှိ ငြားအံ့၊ ဝါဏိဇ္ဇေ-ကုန်သည်လုပ်ရာ၏၊ ဝိဇ္ဇံ-အတတ်ကို၊ ဣစ္ဆေ- အလိုရှိမူကား၊ သုတံ-အကြားအမြင်ရှိသောပုဂ္ဂိုလ်ကို၊ ဘဇေ- ဆည်းကပ်ရာ၏၊ပုတ္တံ-သားကို၊ဣစ္ဆေ-အလိုရှိမူကား၊ တရုဏိတ္ထိံ- မိန်းမပျိုကို၊ ဝသေ- ပေါင်းနေရာ၏၊ ရာဇာမစ္စံ- မင်းအမတ် ဖြစ်ခြင်းကို၊ ဣစ္ဆေ-အလိုရှိမူကား၊ ဝသံ-မင်း၏အလိုသို့၊ ဂမေ- လိုက်ရာ၏။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၆။ ယတိ-ရဟန်းသည်၊ အသန္တုဋ္ဌော-မရောင့်ရဲမူ၊ နဋ္ဌော-ပျက်၏၊ မဟီပတိ စ-ဒေမြကြီးသေဌ်နင်း ပြည့်ရှင်မင်းသည်ကား၊ သန္တုဋ္ဌော- ရောင့်ရဲတတ်မူ၊ နဋ္ဌော- ပျက်၏၊ ဂဏိကာ စ-ပြည့်တန်ဆာမသည်လည်း၊ လဇ္ဇာ-ရှက်တတ်မူ၊ နဋ္ဌာ-ပျက်၏၊ ကုလဓိတာ စ-အမျိုးကောင်းသမီးသည်လည်း၊ နိလ္လဇ္ဇာ- မရှက်တတ်မူ၊ နဋ္ဌာ-ပျက်၏။

၇။ ပက္ခီနံ-ငှက်တို့၏၊ ဗလံ-အားကား၊ အာကာသော-ကောင်းကင်တည်း၊ မစ္ဆာနံ-ငါးတို့၏၊ ဗလံ-အားကား၊ ဥဒကံ-ရေတည်း၊ ဒုဗ္ဗလဿ- အားနည်းသောသူ၏၊ ဗလံ-အားကား၊ ရာဇာ-မင်းတည်း၊ ကုမာရာနံ- သူငယ်တို့၏၊ ဗလံ-အားကား၊ ရုဒံ-ငိုခြင်းတည်း။

၈။ ခမာ-သည်းခံခြင်းလည်းကောင်း၊ ဇာဂရိယံ-နိုးကြားခြင်း လည်းကောင်း၊ ဥဋ္ဌာနံ-ထကြွလုံ့လပြုခြင်းလည်းကောင်း၊ သံဝိဘာဂေါ-ဝေဖန်ပေးကမ်းခြင်းလည်းကောင်း၊ ဒယာ-သနားခြင်း လည်းကောင်း၊ ဣက္ခဏာ-မြော်မြင်ခြင်း လည်းကောင်း၊ ဧတေ-ဤခြောက်ပါးတို့သည်၊ နာယကဿ-မင်းစသော လူကြီးမိဘ၏၊ ဂုဏာ-ဂုဏ်ကျေးဇူးတို့တည်း၊ သတံ-သူတော်ကောင်းတို့သည်၊ ဣစ္ဆိတဗ္ဗာ-အလိုရှိအပ်ကုန်သော၊ ဂုဏာ-ဂုဏ်ကျေးဇူးတို့တည်း။

၉။ လောကေ-လောက၌၊ ရာဇာနော-မင်းတို့သည်၊ သကိံ-တကြိမ်သာ၊ ဝဒန္တိ-ဆိုကုန်၏၊ သမဏဗြာဟ္မဏာ-ရဟန်း ပုဏ္ဏားတို့သည်၊ သကိံ-တကြိမ်သာ၊ ဝဒန္တိ-ဆိုကုန်၏၊ သပ္ပုရိသာ-

www.dhammadownload.com

ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ သကိံ-တကြိမ်သော၊ ဝဒန္တိ- ဆိုကုန်၏၊ သေ ဧသော ဓမ္မော- ဤသို့သော သဘော တရားသည်၊ သန္တနော-ရှေးသူတော်ကောင်းတို့အကျင့်တည်း။

၁၀။ လောကေ- လောက၌၊ အလသော- ပျင်းသော၊ ကာမဘောဂီ-အိမ်ရာထောင်သော၊ ဂိဟိ- လူသည်၊ န သာဓု- မကောင်း၊ အသညတော- ကိုယ်,နှုတ် နှလုံး မစောင့်သုံးသော၊ ပဗ္ဗဇိတော-ရဟန်းသည်၊ န သာဓု-မကောင်း၊ အနိသမ္မကာရီ- မဆင်ခြင်ပြုလေ့ရှိသော၊ရာဇာ-မင်းသည်၊ န သာဓု-မကောင်း၊ ပဏ္ဍိတော-ပညာရှိဖြစ်လျက်၊ ကောဓနော-အမျက်ထွက်တတ်မူ၊ တံပိ-ထိုအမျက်ထွက်ခြင်းသည်၊ န သာဓု-မကောင်း။

၁၁။ ယတ္ထ-အကြင်အရပ်၌၊ နေတ္တာရော-ရှေ့ဆောင်အကြီး အကဲတို့သည်၊ ဗဟဝေါ-များကုန်၏၊ သဗ္ဗေ-ခပ်သိမ်းကုန်သော သူတို့သည်၊ ပဏ္ဍိတ မာနိနော- ငါ ပညာရှိဟု မှတ်ထင်ကုန်၏၊ သဗ္ဗေ-ခပ်သိမ်းကုန်သော သူတို့သည်၊ မဟတ္တံ- အကြီးအမြတ်၏ အဖြစ်ကို၊ ဣစ္ဆန္တိ- အလိုရှိကုန်၏၊ တေသံ- ထိုသူတို့၏၊ ကမ္မံ- အမှုသည်၊ ဝိနဿတိ-ပျက်တတ်၏။

၁၂။ ရာဇာ- မင်းသည်၊ အာယံ- အခွန်အတုတ်၏ ထွက်, မထွက်ကိုလည်းကောင်း၊ ဝယံ-မျိုးရိက္ခာ ကုန်,မကုန်ကို လည်း ကောင်း၊သယံ-ကိုယ်တိုင်၊ဇညာ-သိအောင်ပြုရာ၏၊ကတာကတံ- အမှုထမ်းသည်, မထမ်းသည်ကိုလည်း၊ သယံ-ကိုယ်တိုင်၊ ဇညာ-

www.dhammadownload.com

သိအောင်ပြုရာ၏၊ နိဂ္ဂဟေတဗ္ဗံ-နှိပ်စက်ခြင်းငှာထိုက်သောသူကို၊ နိဂ္ဂဟေ-နှိပ်စက်ရာ၏၊ပဂ္ဂဟာရဟံ-ချီးမြှောက်ခြင်းငှာထိုက်သော သူကို၊ ပဂ္ဂဟေ-ချီးမြှောက်ရာ၏။

၁၃။ လောကေ-လောက၌၊ အက္ကံ-နေစာကို၊ ပိဋ္ဌတော၀-ကျောက်ဖြင့်သာလျှင်၊ နိသေဝေယျ- လှူမှီရာ၏၊ ဟုတာသနံ-မီးကို၊ ကုစ္ဆိနာ၀- ဝမ်းဖြင့်သာလျှင်၊ နိသေဝေယျ- လှူမှီရာ၏၊ သာမိကံ- အရှင်ကို၊ သဗ္ဗဘာဝေန- အလုံးစုံသော အဖို့ဖြင့်၊ နိသေဝေယျ- ကပ်မှီရာ၏၊ ပရလောကံ- တမလွန်ဘဝကို၊ အမောဟာဝ၊-မမိုက်သဖြင့်၊ နိသေဝေယျ-ကပ်မှီရာ၏။

၁၄။ လောကေ- လောက၌၊ အဂ္ဂိ- မီးကို လည်းကောင်း၊ အာပေါ- ရေကိုလည်းကောင်း၊ ဣတ္ထိ-မိန်းမကိုလည်းကောင်း၊ မူဠှော-သူမိုက်ကိုလည်းကောင်း၊ သပ္ပေါ-မြွေကိုလည်းကောင်း၊ ရာဇကုလာနိ စ- မင်းမျိုးတို့ကို လည်းကောင်း၊ အပယန္တေန-မထိမပါး ရှောင်ရှားသဖြင့်၊ ဂန္တဗ္ဗာ- ချဉ်းကပ်အပ် ကုန်၏၊ အစ္စေကပါဏဟာရကာ-လတ်တလော အသက်ကိုချတတ်ကုန်၏။

၁၅။ လောကေ- လောက၌၊ ဒုဋ္ဌဘရိယာ သံဝါသော-မကောင်းသော မယားနှင့် ပေါင်းဖက်သောသူ လည်းကောင်း၊ ဒေါသော စိတ္တရဒါသကော- ကြမ်းလှစွာသော စိတ်ရှိသော ကျွန်ကို စေသောသူလည်းကောင်း၊ သသပ္ပေ-မြွေရှိသော၊ဃရေ-အိမ်၌၊ ဝါသော စ-နေသောသူလည်းကောင်း၊ မစ္စု ဧဝ-သေအံ့ သည် သာလျှင် အမှန်တည်း၊ န သံသယော-ယုံမှားမရှိရာ။

၃၀-ကြိမ်မြှောက်၊

www.dhammadownload.com

၁၆။ လောကေ- လောက၌၊ မူဠ္ဌသိသော ပဒေသေန- မိုက်သော တပည့်ကို အတတ်ပညာ ပို့ချသဖြင့် လည်းကောင်း၊ ကုနာရီဘရဏေန စ-ယုတ်မာသောမိန်းမကို အိမ်ထောင်ဖက် ပြုရသဖြင့် လည်းကောင်း၊ အသတ် သမ္ပယောဂေန- မသူတော်နှင့် ပေါင်းဖက်သဖြင့်လည်းကောင်း၊ပဏ္ဍိတောပိ-ပညာရှိသောသူပင် ဖြစ်သော်လည်း၊ အဝသီဒတိ-နှစ်တတ်ချေ သလျှင်ကတည်း။

၁၇။ လောကေ-လောက၌၊ ပါပံ- ယုတ်မာသော အမှုကို၊ ပုတ္တကရံ- သားတည်း ပြုမှုကား၊ မာတာ- အမိပြုသည်မည်၏၊ တထာ-ထို့အတူ၊သိဿပါပံ-တပည့်တည်း မကောင်းမှုပြုမှုကား၊ ဂုရုကတာ-ဆရာပြုသည်မည်၏၊ ပါပံ-မကောင်းမှုကို၊ ရဋ္ဌကရံ- တိုင်းသူပြည်သားတည်း ပြုမှုကား၊ ရာဇာ- မင်းပြုသည် မည်၏၊ ရာဇပါပံ- မင်းတည်း မကောင်းမှု ပြုမှုကား၊ ပုရောဟိတော- ပုရောဟိတ် ပြုသည် မည်၏။

၁၈။ ရာဇာနာမ-မင်းသည်၊ ကောခံ- အမျက် မာန်စောင် ကြီးလှသောသူကို၊ အကောဓေန- အမျက်နည်းသဖြင့်၊ ဇိနေ- အောင်ရာ၏၊ အ သာဓုံ- မတော်မမှန်သော သူကို၊ သာဓုနာ- တော်မှန် ကောင်းမွန် သဖြင့်၊ ဇိနေ-အောင်ရာ၏၊ ကဒရိယံ- ဝန်တိုသောသူကို၊ ဒါနေန-ပေးကမ်းသဖြင့်၊ ဇိနေ-အောင်ရာ၏၊ အလိက ဝါဒိနံ-စကားမမှန်သောသူကို၊ သစ္စေန-အမှန်ဆိုသဖြင့်၊ ဇိနေ-အောင်ရာ၏။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

၁၉။ လောကေ- လောက၌၊ ဒါနံ- ပေးကမ်းခြင်းသည်၊ အဒန္တဒမနံ-မယဉ်ကျေးသောသူကို ယဉ်ကျေးစေတတ်၏၊ ဒါနံ- ပေးကမ်းခြင်းသည်၊ သဗ္ဗတ္ထသာဓကံ- ခပ်သိမ်းသော အကျိုးကို ပြီးစေတတ်၏၊ ဒါနေန-ပေးကမ်းခြင်းကြောင့် လည်းကောင်း၊ ပိယဝါစာယ- ချစ်ဖွယ်သော စကားကြောင့် လည်းကောင်း၊ လောကာ-လူတို့သည်၊ဥန္နမန္တိ စ-မိမိကလည်းမြင့်မောက်ရကုန်၏၊ နမန္တိ စ-မိမိသို့လည်း သူတပါးတို့ ညွတ်လာရကုန်၏။

၂၀။ လောကေ- လောက၌၊ ဒါနံ- ပေးကမ်းခြင်းသည်၊ သိနေဟ ဘေသဇ္ဇံ- ချစ်ဆေးတည်း၊ မစ္ဆေရံ- ဝန်တိုခြင်းသည်၊ ဒေါသနေ့ာသဓံ- မုန်းဆေးတည်း၊ ဒါနံ- ပေးကမ်းခြင်းသည်၊ ယသဿိ ဘေသဇ္ဇံ-အခြံအရံ အကျော်အစော များဆေးတည်း၊ မစ္ဆေရံ- ဝန်တိုခြင်းကား၊ ကပဏောသဓံ- အထီး ကျန်သော ဆင်းရဲဆေးတည်း။

၂၁။ လောကေ- လောက၌၊ ဗဟူနံ- များစွာကုန်သော၊ အပ္ပသာရာနံ- ဂုဏ်ကျေးဇူး အနှစ်ကင်းကုန်သော သူတို့၏၊ သာမဂ္ဂိယာ-ညီညွတ်သည်ရှိသော်၊ ဇယံ-အောင်အပ်သောရန်ကို၊ ဇယေ- အောင်ရာ၏၊ တိဏေန- မြက်ဖြင့်၊ ယောတ္တံ- လွန်ကို၊ ဝဋ္ဋတေ-ကျစ်အပ်၏၊ တေန-ထိုလွန်ဖြင့်၊ နာဂေါပိ-ဆင်ပြောင် ကိုလည်း၊ ဗန္ဓတိ- ဖွဲ့နိုင်သလျှင်ကတည်း။

၂၂။ သဟာယောပိ- ဗိုလ်ပါသူရဲ အပေါင်းပြည့်စုံ ညီညွတ် သော်လည်း၊ အသမတ္ထော- ရန်သူကို မအောင်စွမ်းနိုင်သော မင်းသည်၊ တေဇသာ- တန်ခိုးဖြင့်၊ ကိံကရိဿတိ- အဘယ်

www.dhammadownload.com

ပြုအံ့နည်း၊ နိဝါတေ- လေဆိတ်သောအရပ်၌၊ ဇလိတော-
ညှိအပ်သော၊ အဂ္ဂိ- မီးသည်၊ သယမေဝ- အလိုလို သာလျှင်၊
ဥပသမ္မတိ- ငြိမ်းချေသတည်း။

၂၃။ ကာမဘောဂံ- ကာမစည်းစိမ်ကို၊ ရညာ- မင်းနှင့်၊
သမကံ-အတူ၊ ကုဒါစနံ-တရံတဆစ်မျှ၊ န ဘုဉ္ဇေ-မခံစားရာ၊
အာကပ္ပံ ဝါ- အသွင်အပြင်ကို လည်းကောင်း၊ ရသဘုတ္တိံ ဝါ-
အရသာ စားခြင်းကို လည်းကောင်း၊ မာလာဂန္ဓ ဝိလေပနံ ဝါ-
ပန်းပန်ခြင်း,နံ့သာလိမ်းထုံခြင်းကိုလည်းကောင်း၊ဝတ္ထံ ဝါ-ပုဆိုး
အဝတ်ကို လည်းကောင်း၊ သဗ္ဗံ-အလုံးစုံသော၊ အလင်္ကာရံ ဝါ-
တန်းဆာဆင်ခြင်းကိုလည်းကောင်း၊ ရညာ-မင်းနှင့်၊ သဒိသံ-
အတူ၊ န ကရေ-မပြုရာ။

၂၄။ ရာဇာ-မင်းကား၊ မေ-ငါ၏၊ သခါ-ခင်ပွန်းသည်၊
န ဟောတိ-မဖြစ်၊ရာဇာ-မင်းကား၊မေထုနော-ဂုဏ်ရည်တူသော
အပေါင်းအဖော်သည်၊ န ဟောတိ-မဖြစ်၊သော-ထိုမင်းကား၊
မယံ-ငါ၏၊သာမိကော-အရှင်တည်း၊ ဣတိ-ဤသို့၊စိတ္တေ-စိတ်၌၊
နိဋ္ဌံ-အပြီး၊ သုဋ္ဌာပယေ-ကောင်းစွာထားရာ၏။

၂၅။ သေဝကော-မင်းခ,ယောကျာ်းသည်၊ရညော-မင်း၏၊
အတိဒူရေ- အလွန် ဝေးသော အရပ်၌၊ န ဘဇေ- မခစားရာ၊
အစ္စာသန္နေ-အလွန်နီးသည်၌၊န ဘဇေ-မခစားရာ ဥပဝါတကေ-
လေညာ၌၊ န ဘဇေ-မခစားရာ၊ ဥဇုကေ-ရှေးရှု၌ န ဘဇေ-
မခစားရာ၊ အတိနိန္နေ စ-အလွန်နိမ့်ရာအရပ်၌လည်း၊ န ဘဇေ-
မခစားရာ၊ ဥစ္စမာသနေ စ-မြင့်သောအရပ်၌လည်း၊ န ဘဇေ-

မခစားရာ၊ ဣတိ-ဤသို့၊ ဆ ဒေါသေ-ခြောက်ပါးသော အပြစ်တို့ကို၊ ဝဇ္ဇေ-ကြဉ်ရာ၏၊ အဂ္ဂိ၀-မီးကဲ့သို့၊ သံယတော- စောင့်စည်းလျက်၊ တိဋ္ဌေ-တည်ရာ၏။

၂၆။ သဗ္ဗညုတုလျော- သဗ္ဗညု မြတ်စွာဘုရားနှင့် တူသော၊ ဂုဏောပိ- ကျေးဇူးရှိသောသူ ဖြစ်လင့်ကစား၊ အ နိဿယော- မှီခိုရာမရှိမူ၊ န သောဘတိ- မတင့်တယ်၊ မဏိနာမ- ပတ္တမြားမည်သည်၊ အနဂ္ဃောပိ- အဖိုး အတိုင်းမသိ ထိုက်သော်လည်း၊ ဟေမံ-ရွှေကို၊ နိဿာယ-မှီ၍သာလျှင်၊ သောဘတိ-တင့်တယ်၏။

ရာဇကဏ္ဍ-မင်းကို ဆိုရာဖြစ်သော အပိုင်းသည်၊
နိဋ္ဌိတံ-ပြီးပြီ။

၇။ ပကိဏ္ဏက ကဏ္ဍ

၁။ ဣတ္ထိမိဿော- မိန်းမနှင့် နှီးနှော၍ရှိသော ရဟန်း၌၊ ကုတောသီလံ- အဘယ်မှာ သီလရှိအံ့နည်း၊ မံသဘက္ခေ-အသားစားကြူးသောသူ၌၊ ကုတောဒယာ-အဘယ်မှာ သနားခြင်း ရှိအံ့နည်း၊ သုရာပါနေ-သေသောက်ကြူးသောသူ၌၊ ကုတောသစ္စံ- အဘယ်မှာ စကားမှန်အံ့နည်း၊ မဟာလောဘေ- အလို ရမ္မက်ကြီးသောသူ၌၊ ကုတောလဇ္ဇာ- အဘယ်မှာ အရှက် ရှိအံ့နည်း၊ မဟာတန္ဒေ- အပျင်းကြီးသောသူ၌၊ ကုတောသိပ္ပံ- အဘယ်မှာ အတတ် တတ်အံ့နည်း၊ မဟာကောဓေ- အမျက်ကြီးသော သူ၌၊ ကုတောဓနံ- အဘယ်မှာ ဥစ္စာရအံ့နည်း။

www.dhammadownload.com

၂။ သုရာယောဂေါ စ- သေသောက်ကြူးခြင်း၌ အားထုတ်ခြင်းလည်းကောင်း၊ ဝိကာလေ စ-အခါမဟုတ်သည်၌သွားလေ့ရှိခြင်း လည်းကောင်း၊ သမဇ္ဇစရဏာဂ်တော စ- သဘင် အသွားများခြင်း လည်းကောင်း၊ ခိဍ္ဍမုတ္တော စ- ကြွေအန် အစရှိသော လောင်းတမ်း ကစားကြူးခြင်း လည်းကောင်း၊ ပါပမိတ္တော စ- မကောင်းသော အဆွေခင်ပွန်းရှိခြင်းလည်းကောင်း၊ အလသံ-ပျင်းရိဖင့်နွဲ့ခြင်း လည်းကောင်း၊ ဣမေ- ဤသည် တို့ကား၊ ဘောဂါနံ- စည်းစိမ်တို့၏၊ မုခံ- ပျက်စီးအံ့သော အကြောင်းတည်း။

၃။ ဒိဝါ-နေ့၌၊ အဒိက္ခာ- မရှုဦးပဲ၊ န ဝတ္တဗ္ဗံ- မဆိုအပ်၊ ရတ္တော စ- ညဉ့်၌လည်း၊ အ ဝစနေန-မမေးဦးပဲ၊ န ဝတ္တဗ္ဗံ-မဆိုအပ်၊ ဘယာ-ဘေးမှ၊ ဘီတော-ကြောက်သော၊ ဝနစရီ-တောမုဆိုးသည်၊ ဝနေ-တော၌၊ သဋ္ဌရတိယထာ-ရှေ့နောက်ရှု၍သွားသကဲ့သို့၊ သဋ္ဌရေယျ-ကောင်းစွာပြုကျင့်ရာ၏။

၄။ ဇီဝန္တေဘပိ-အသက်ရှင်ကုန်လျက်လည်း၊ မတာ-သေသူတို့ ဟူ၍၊ ပဉ္စ-ငါးယောက်သောသူတို့ကို၊ ဗျာသေန-ဗျာသ ဆရာသည်၊ ပရိကိတ္တိတာ-ဆိုအပ်ကုန်၏၊ ဒုက္ခိတော- ဆင်းရဲသောသူ၊ ဗျာဓိတော- အနာ နှိပ် စက် သော သူ၊ မူဠ္ဍော- မိုက်သောသူ၊ ဣဏဝါ-မြီများသောသူ၊ နိစ္စသေဝကော- မင်းဝယ် ကိုယ်ကြပ်, ခစားသောသူ၊ ဣမေ-ဤငါးယောက်တို့တည်း။

၅။ ပဏ္ဍိတော-ပညာရှိမည်သည်၊ အနာဂတံ-မရောက်သေးသော၊ ဘယံ-ဘေးကို၊ ဒိသွာ- မြင်သည်ရှိသော်၊ ဒူရတော-

၁၀ - ကြိမ်မြောက်၊

www.dhammadownload.com

အဝေးက၊ ပရိဝဇ္ဇယေ-ရှောင်ကွင်းရာ၏၊ အာဂတံ-ရောက်လာသော၊ ဘယံ-ဘေးကို၊ဒိသွာ-မြင်မူကား၊ အဘီတော-မကြောက်မရွံ့ စွန့်စားပယ်ဖျောက်သည်၊ ဟောတိ-ဖြစ်၏။

၆။ လောကေ-လောက၌၊နိဒ္ဒါလုကော စ-အအိပ်ကြူးသောသူလည်းကောင်း၊ ပမတ္တော စ-မေ့လျော့သောသူလည်းကောင်း၊ သုခိတော-ချမ်းသာကြိုက်တတ်သောသူလည်းကောင်း၊ ရောဂဝါ စ-အနာရှိသောသူလည်းကောင်း၊ အလသော စ-ပျင်းသောသူလည်းကောင်း၊ မဟိစ္ဆော စ-အလိုကြီးသောသူ လည်းကောင်း၊ ကမ္မာရာမော စ- အမှုသစ်၌ မွေ့လျော်သောသူ လည်းကောင်း၊ ဧတေ သတ္တ- ဤခုနစ်ယောက်သောသူတို့သည်၊ သတ္ထဝဇ္ဇိတာ-ကျမ်းဂန်မှ ကင်းကုန်၏။

၇။ ယေ လာဘာ-အိုလာဘ်၊ ဒုဂ္ဂတံ-သူဆင်းရဲထံသို့၊ ဂစ္ဆ-သွားပါလေ၊ လာဘီ- လာဘ်များသောသူသည်၊ လာဘေန-လာဘ်ဖြင့်၊ ပူရတိ-ပြည့်၏၊ ယေ ပဇ္ဇုန္န-အို မိုးနတ်၊ ထလေ-ကြည်းကုန်း၌၊ ဝဿထ- ရွာပါလေ၊ သိန္ဓု- သဒ္ဒရာသည်၊ အာပေန-ရေဖြင့်၊ ပူရတိ-ပြည့်၏၊ ဣဒံ ဓမ္မဇာတံ-ဤသို့ တောင့်တ၍ ရသော သဘောတရားသည်၊ နတ္ထိ-မရှိ၊ ဣဒံ ဓမ္မဇာတံ-ဤသို့သော သဘောတရားသည်၊ ကမ္မပ္ပဓာနံ-ကံသာလျှင် ပဓာနသည်၊ ဟောတိ-ဖြစ်၏။

၈။ လောကေ-လောက၌၊ ကိစ္စေ-ပြုဖွယ်သည်၊ ကတေ-ပြုပြီးသည်ရှိသော်၊ ကတ္တာရံ-ပြုတတ်သောသူကို၊ ကောစိ-တစုံတယောက်သောသူသည်၊ န ဟိ သမုပေက္ခတေ-ပြန်၍ မကြည့်ရှု

www.dhammadownload.com

တတ်၊ တသ္မာ-ထို့ကြောင့်၊သဗ္ဗာနိ-ခပ်သိမ်းကုန်သော၊ကိစ္စာနိ-အမှုတို့ကို၊ သာဝသေသေန- အကြွင်းထားသဖြင့်၊ ကာရယေ-ပြုရာ၏။

၉။ လောကေ-လောက၌၊ တူလံ-လဲဝါသည်၊ သလ္လဟုကံ-ပေါ့၏၊ တတော-ထို့ထက်၊ စာပလ္လဇာတိကော-လျှပ်ပေါ်သော သဘောရှိသော သူသည်၊ သလ္လဟုကော- ပေါ့၏၊ တတော-ထို့ထက်၊ ဝုဍ္ဍမနောဝါဒေါ- ဆရာ့မိဘတို့၏ အဆုံးအမကို မခံသော သူသည်၊ သလ္လဟုကော-ပေါ့၏၊ တတော-ထို့ထက်၊ ဗုဒ္ဓသာသနေ- မြတ်စွာဘုရား သာသနာတော်၌၊ ပမတ္တော-မေ့လျော့သောသူသည်၊ သလ္လဟုကော-ပေါ့၏။

၁၀။ လောကေ-လောက၌၊ ပါသာဏဆတ္တံ-ကျောက်ထီးသည်၊ ဂရုကံ-ခလေး၏၊ တတော-ထို့ထက်၊ ဒေဝါနံ-နတ်တို့၏၊ အာစိက္ခဏံ-ပြောဆိုသောစကားသည်၊ဂရုကံ-လေး၏၊ တတော-ထို့ထက်၊ ဝုဍ္ဍာနံ-ဆရာ့မိဘတို့၏၊ ဩဝါဒေါ- အဆုံးအမသည်၊ ဂရုကော-လေး၏၊ တတော-ထို့ထက်၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ သာသနံ-ဆုံးမသောစကားတော်သည်၊ ဂရုကံ-လေး၏။

၁၁။ လောကေ- လောက၌၊ ဒက္ခိဏဟတ္ထော- လက်ျာလက်ကား၊ ကာယဿ-ကိုယ်၏၊ ဒါသော-ကျွန်မည်၏၊ ဇွေ-ဤလက်ျာလက်၌၊ ကနိဋ္ဌကော-လက်သန်းကား၊ ကဏ္ဏဃာနနာနံ-နား, နှာခေါင်း တို့၏ လည်းကောင်း၊ အက္ခီနံ- မျက်စိတို့၏ လည်းကောင်း၊ ဒါသော-ကျွန်မည်၏၊ ဝါမောတု-လက်ဝဲလက်သည်ကား၊ ပါဒေါသကော-ခြေတို့၏ ကျွန်မည်၏။

www.dhammadownload.com

၁၂။ တမ္ဗုလဿ-ကွမ်း၏၊ မဇ္ဈေ-အလယ်ဖြစ်သော၊ ပတ္တေ-အရွက်၌၊ ကုဝေရော- ကုဝေရနတ်သည်၊ သဒါ- အခါခပ်သိမ်း၊ ရက္ခတိ-စောင့်၏၊ မူလမှိ- အရင်း၌၊ ယက္ခော- ဘီလူးသည်၊ ရက္ခတိ-စောင့်၏၊ အဂ္ဂမှိ စ-အဖျား၌လည်း၊ ကာဠကဏ္ဏိကာ- ဒေဝမိစ္ဆာ နတ်ယုတ်မာသည်၊ ရက္ခတိ-စောင့်၏၊ တသ္မာ- ထို့ကြောင့်၊ တာနိ-ထိုအရင်းအဖျားတို့ကို၊ ဆိန္ဒိတွာ-ဖြတ်၍၊ ဘုဉ္ဇေယျ- စားရာ၏၊ ဧဝံ- ဤကို စားသည်ရှိသော်၊ သိရီ- ဘုန်းကျက်သရေသည်၊ ပဝဍ္ဎတိ-တိုးပွား၏။

၁၃။ ဗြဟ္မာဝ- ဗြဟ္မာသည် သာလျှင်၊ သမ္ဗုဏ္ဏရက္ခော- သင်ပုန်းကိုစောင့်၏၊ ဗိဿဏော စ- ဗိဿကြိုးနှင့် သည်လည်း၊ အစ္စုရက္ခော- ကမ္ပလွှေကိုစောင့်၏၊ တသ္မာ ဟိ တသ္မာ ဧဝ- ထို့ကြောင့်သာလျှင်၊ သိပ္ပါရမ္ဘာ-အတတ်သင်ကုန်သော သူတို့ သည်၊ တေ- ထိုဗြဟ္မာ ဗိဿကြိုးတို့ကို၊ ပူဇယန္တု-ပူဇော်စေကုန် သတည်း၊ သဒါ-အခါခပ်သိမ်း၊ တံ နရံ- ထိုပူဇော်တတ်သော သူကို၊ မာနေန္တိ-မြတ်နိုးတတ်ကုန်၏။

၁၄။ ဂေါဏာ- နွားတို့သည်၊ သဗ္ဗဂိဟီနံ- ခပ်သိမ်းသော သူတို့ကို၊ ဟိ ယသ္မာ- အကြင်ကြောင့်၊ ပေါသကာ- ကျွေးမွေး တတ်ကုန်၏၊ ဘောဂဒါယကာ- စည်းစိမ်ကို ပေးတတ်ကုန်၏၊ တသ္မာ ဟိ တသ္မာ ဧဝ-ထို့ကြောင့်သာလျှင်၊ မာတာပိတုဝ- အမိအဖတို့ကဲ့သို့၊ တေ- ထိုနွားတို့ကို၊ မာနယေ- မြတ်နိုးရာ၏၊ သက္ကရေယျ စ-အရိုအသေလည်း ပြုရာ၏။

၁၅။ ယေ စ-အကြွင်သူတို့သည်လည်း၊ ဂေါမံသံ-နွားတို့၏
အသားကို၊ ခါဒန္တိ-စားကုန်၏၊ တေ-ထိုသူတို့သည်၊ မာတုမံသံ-
အမိ၏အသားကို သာလျှင်၊ ခါဒယေ-စားသည် မည်ကုန်ရာ၏၊
တေသု-ထိုနွားတို့သည်၊ မတေသု-သေကုန်သည်ရှိသော်၊ ဂိဇ္ဈာနံ-
လင်းတတို့အား၊ ဒဒေ-ပေးရာ၏၊ သောတေ စ-ရေအလျဉ်၌
သော်လည်း၊ ဝါဟယေ-မျှောရာ၏။

၁၆။ ဂုရု-ကြာသပတေးနေ့၌၊ သိပ္ပါရမ္ဘော-အတတ်ပညာ
စ၍သင်မှု၊ သိဒ္ဓေါ-ပြီးစီး၏၊ ရဝိ သောကြာ စ- တနင်္ဂနွေနေ့
သောကြာနေ့၌သင်မှု၊ မဇ္ဈိမော- လျစ်လျူရှု၏၊ ဗုဒ္ဓ စန္ဒရော-
ဗုဒ္ဓဟူးနေ့, တနင်္လာနေ့၌သင်မှု၊ န သိပ္ပေါ-အတတ်မတတ်ရာ၊
သောရိ အင်္ဂါ စ- စနေနေ့, အင်္ဂါနေ့တည်း သင်မှုကား၊ မရဏံ-
သေရာ၏။

၁၇။ အဋ္ဌမိယံ-လဆန်းရှစ်ရက်,လဆုတ်ရှစ်ရက်နေ့၌ အတတ်
ပညာ သင်မှု၊ ဂရုံဟန္တိ- ဆရာကို သတ်သည်မည်၏၊ စာတုဒ္ဒသိံ-
လဆန်းတဆယ့်လေးရက်, လဆုတ်တဆယ့်လေးရက်နေ့၌ အတတ်
ပညာသင်မှု၊ သိဿံဟန္တိ- တပည့်ကို သတ်သည်မည်၏၊ ဒသမိယံ-
လဆန်းဆယ်ရက်, လဆုတ်ဆယ်ရက်နေ့၌ အတတ်ပညာ သင်မှု၊
သိပ္ပံဟန္တိ- အတတ်ကို သတ်သည်မည်၏၊ ပုဏ္ဏမိံ- လပြည့်နေ့၌
အတတ်ပညာသင်မှု၊ မာတုံ ပိတုံ ဟန္တိ- အမိ,အဖကို သတ်သည်
မည်၏။

၁၈။ လောကေ- လောက၌၊ သိပ္ပါရမ္ဘော- အတတ်ပညာ
သင်သောသူသည်၊ သတ္တ-လဆန်းခုနစ်ရက်, လဆုတ်ခုနစ်ရက်၌၊

www.dhammadownload.com

နာဠိကံ-အုန်းသီးကို၊ န ဘုဥ္ဇေ-မစားရာ၊ နဝမံ-ကိုးရက်မြောက်၌၊ လာဗုံ-အိမ်ဖူးကို၊ တထာ-ထို့အတူ၊ န ဘုဥ္ဇေ-မစားရာ၊ ဒွါဒသ-တဆယ့်နှစ်ရက်မြောက်၌၊ ပြိန္ဒ-ကင်းပိန်ကို၊ န ဘုဥ္ဇေ-မစားရာ၊ တြိ-သုံးရက်မြောက်၌၊ မိန္ဒု-ဟင်းမျိုးကို၊ န ဘုဥ္ဇေ-မစားရာ၊ ဘုဥ္ဇေ-စားမိငြားအံ့၊ သိပ္ပံ-အတတ်သည်၊ ဝိနဿတိ-ပျောက်၏။

၁၉။ လောကေ-လောက၌၊ ကုလအတ္ထံ-အမျိုး၏အကျိုးငှာ၊ ဧကံ-တယောက်သောသူကို၊ စဇေ-စွန့်ရာ၏၊ ဂါမအတ္ထံ-ရွာ၏ အကျိုးငှာ၊ ကုလံ-အမျိုးကို၊ စဇေ-စွန့်ရာ၏၊ ဇနပဒတ္ထံ-ဇနပုဒ်၏ အကျိုးငှာ၊ ဂါမံ-ရွာကို၊ စဇေ-စွန့်ရာ၏၊ အတ္တတ္ထံ-မိမိအကျိုးငှာ၊ ပထဝိံ-မြေအလုံးကို၊ စဇေ-စွန့်ရာ၏။

၂၀။ လောကေ-လောက၌၊ သီဟော-ခြင်္သေ့ သည်လည်း ကောင်း၊ သပ္ပုရိသော-သူတော်ကောင်း သည်လည်းကောင်း၊ ဂဇော-ဆင်သည်လည်းကောင်း၊ ဣမေ-ဤသူတို့သည်၊ ဒေသံ-အကျိုးမရှိသော အရပ်ကို၊ ဩဿဇ္ဇ-စွန့်၍၊ ဂစ္ဆန္တိ-သွားကုန်၏၊ ကာကော-ကျီးသည်လည်းကောင်း၊ ကာပုရိသော-ယုတ်သော ယောကျ်ား သည်လည်းကောင်း၊ မိဂေါ-သမင် သည်လည်း ကောင်း၊ ဣမေ-ဤသတ္တဝါတို့သည်၊ တတ္ထေဝ-ထိုမိမိကျင်လည်ရာ အရပ်၌သာလျှင်၊ နိဓနံ-ပျက်စီးခြင်းသို့၊ ယန္တိ-ရောက်ကုန်၏။

၂၁။ ယသ္မိံ ပဒေသေ-အကြင်အရပ်၌၊ န မာနနာ-မြတ်နိုး ခြင်းလည်း မရှိ၊ န ပေမံ-ချစ်ခြင်းလည်းမရှိ၊ န စ ဗန္ဓဝါ-အဆွေ

www.dhammadownload.com

ခင်ပွန်းလည်း မရှိ၊ ကောစိ-တစုံတခုသော၊ နှ စ ဝိဇ္ဇာဂါဟော-အတတ်ပညာသင်စိမ့်သော်သူလည်းမရှိ၊ တဿ-ထိုအရပ်၌၊ ဝသန်-နေခြင်းကို၊ နှ ကရေ-မပြုရာ။

၂၂။ ပဏ္ဍိတော-ပညာရှိသဘောကား၊ ယေကေန ပါဒေန-လှမ်းသောခြေတဘက်နှင့်တူသော အရပ်သစ်ကို မျှော်တင်းသော စိတ်ဖြင့်၊ ဧရတိ-သွား၏၊ ယေကေန ပါဒေန-ရပ်သော ခြေကဘက်နှင့်တူသော အရပ်ဟောင်းကို ခွာသောစိတ်ဖြင့်၊ တိဋ္ဌတိ-ရပ်၏၊ ပရံဋ္ဌာနံ- အရပ်သစ်ကို၊ အနိသမ္မ- မစူးစမ်းပဲ၊ ပုဗ္ဗမာလယံ-နေရပ်ဟောင်းကို၊ နှ ဇဟေ-မစွန့်တည့်ရာ။

၂၃။ လောကေ- လောက၌၊ ဓန ဓည ပယောဂေသု စ-ဥဏ္ဍာ စပါး ရောင်းဝယ်သော အခါတို့၌လည်းကောင်း၊ တထာ-ထိုမှတပါး၊ ဝိဇ္ဇာဂမေသု စ- အတတ်သင်သော အခါတို့၌ လည်းကောင်း၊ ဒူတေသု စ- တမန် အစေအပါး ခံသော အခါတို့၌ လည်းကောင်း၊ အပစာရေသု စ- မေထုန်မှီဝဲသော အခါတို့၌ လည်းကောင်း၊ တဒါ တေသု ကာလေသု-ထိုအခါတို့၌၊ လဇ္ဇာ-အရှက်အကြောက်ကို၊ စဇ္ဇာ-စွန့်အပ်သည်၊ ဘဝေ-ဖြစ်၏။

၂၄။ ထိနံ-မိန်းမတို့၏၊ အာဟာရော-အစာစားခြင်းကား၊ ပုရိသာနံ-ယောကျ်ားတို့ထက်၊ ဒိဂုဏော-နှစ်ဆလွန်သည်၊ ဘဝေ-ဖြစ်၏၊ ဗုဒ္ဓိစာပိ-ပညာသည်သည်း၊ စတုဂ္ဂုဏော-လေးဆလွန်၏၊ ဝါယာမော- လုံ့လကား၊ ဆဂ္ဂုဏော- ခြောက်ဆ လွန်သည်၊ ဟောတိ- ဖြစ်၏၊ ကာမောတု- ကာမဂုဏ်ကို တပ်မက်မောခြင်းကား၊ အဋ္ဌဂုဏော- ရှစ်ဆလွန်သည်၊ ဘဝေ-ဖြစ်၏။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၂၅။ လောကေ-လောက၌၊ ဥစ္စု-ကြံသည်၊ အဂ္ဂတော-အဖျားမှ၊ ကမေန- အစဉ်သဖြင့်၊ ပဗ္ဗေ ပဗ္ဗေ- အဆစ်တိုင်း အဆစ်တိုင်း၊ ဝိသေသ ရသဝါ- လွန်ထူးသော အရသာရှိသည်၊ ဟောတိ- ဖြစ်၏၊ သုမေတ္တိကော- ခင်ပွန်းကောင်း ဖြစ်သော၊ သာဓု-သူတော်သူမြတ်သည်လည်း၊ တထာ- ထို ကြံ၏ အဖျားမှ အရင်းတိုင်အောင် လွန်၍ ချိုသည်နှင့်တူ၏၊ ဒုဇ္ဇနော- ယုတ်မာသော အဆွေခင်ပွန်းကား၊ ဝိပရိတော ဝ- အရင်းစသာ ချို၍ အဖျားတိုင်လတ်သော် မချိုသောကြံ၏ သဘောတည်း။

၂၆။ ကာဃကော- လယ်လုပ်သော သူ လည်းကောင်း၊ ဝါဏိဇော- ကုန်သည်လည်းကောင်း၊ အမစ္စော- အမတ် လည်းကောင်း၊ သုတ သီလဝါ-အကြားအမြင် သီတင်းသီလနှင့် ပြည့်စုံသော၊ သမဏော-ရဟန်းလည်းကောင်း၊ ဧတေသု- ထို့လေးပါးတို့သည်၊ ဝိပုလ ဇာတေသု- ပြန့်ပြောစွာ ဖြစ်ကုန်လတ်သော်၊ ရဋ္ဌပိ- တိုင်းနိုင်ငံသည်လည်း၊ ဝိပုလံ- ပြန့်ပြောသည်၊ သိယာ- ဖြစ်ရာ၏။

၂၇။ မန္တာ-အာတတ်ပညာသည်၊ အသဇ္ဈာယမလာ- ရွတ်အံ သရဇ္ဈာယ်ခြင်း မရှိလျှင် ပျောက်ပျက်၏၊ ဃရာ- အိမ်ထောင် စီးပွားတို့သည်၊ အနုဋ္ဌာန မလာ- ထကြွလုံ့လမရှိ ပျင်းရိလျှင် ပျက်စီးကုန်၏၊ ကောသဇ္ဇံ- ပျင်းရိခြင်းသည်၊ ဝဏ္ဏဿ- အဆင်း လှသောသူ၏၊ မလံ-အညစ်အကြေးတည်း၊ ပမာဒေါ-မေ့လျော့ခြင်းသည်၊ ရက္ခတော- ဥစ္စာကို စောင့်ရှောက်သော ရဟန်း၏၊ မလံ-အညစ်အကြေးတည်း။

www.dhammadownload.com

၂၈။ လောကေ-လောက၌၊ ဟီနာနံ-ချို့သောလုံ့လ ရှိကုန်သော၊ ဇနာနံ-လူတို့၏၊ ဝိတ္တံ-ဥစ္စာသည်၊ ဝီရာနံ-ကြီးမားသောလုံ့လ ရှိကုန်သော သူတို့၏၊ အန္တကတ္တာနံ- ဥစ္စာ၏ အဖြစ်သို့၊ ဂစ္ဆတေ-ရောက်တတ်၏၊ ဟီနာ ဇနာ-ယုတ်မာသော သူတို့သည်၊ ပုဗ္ဗ ကမ္မပ္ပမာနတံ-ရှေးကံသာ ပမာဏဟူ၍၊ ဝဒန္တိ-ဆိုကုန်သလျှင် ကတည်း။

၂၉။ ဓီရော- ပညာရှိကား၊ ဧဝံ-ဤသို့၊ န ဝဒန္တိ-မဆိုကုန်၊ သဗ္ဗကမ္မ- ခပ်သိမ်းသော အမှုကိစ္စတို့ကို၊ ဝါယမိံသု- လုံ့လ ပြုကုန်သည်သာလျှင်တည်း၊ စေ-အကယ်၍၊ တံ ကမ္မံ-ထိုအမှုသည်၊ န သိဇ္ဈတိ-မပြီးခဲ့အံ့၊ အ ဖလံ ဧဝ-ရည်တိုင်း အကျိုးမဖြစ်သည် သာလျှင်တည်း၊ ကိံ ဒေါသော-အဘယ်အပြစ်ရှိအံ့နည်း။

၃၀။ ယော နရော- အကြင် ယောကျ်ား, မိန်းမသည်၊ နီစကုလံ-ယုတ်နိမ့်သောအမျိုး၌လည်း ဖြစ်၏၊ နိပ္ပညံ ဝါ-နှုတ်မှုပညာ, လက်မှုပညာ အတတ်လည်းမရှိ၊ နိရူပံ-အရုပ်အရည်လည်း မတင့်တယ်၊ နိဗ္ဗလံ အပိ-အစွမ်းခွန်အားလည်းမရှိ၊ တထာပိ-ထိုသို့ အဖြစ်ထင်သော်လည်း၊ ဣမံ ကာလံ- ဤကာလကား၊ ဆုတ္တကာလော- ကာလဆုတ်တည်း၊ ဓနမေဝ-ဥစ္စာသည် သာလျှင်၊ ဝိသေသံ-အထူးပြုသော ကာလတည်း။

ပကိဏ္ဏကကဏ္ဍ —ပြိုးပြွမ်းသည်ကို ဆိုရာဖြစ်သော အပိုင်းသည်၊
နိဋ္ဌိတံ—ပြီးပြီ။

နိဂုံး

က။ ပဏ္ဍိတော ကဏ္ဍော- ပညာရှိကို ဆိုရာ အပိုင်း လည်းကောင်း၊ သုဇနော ကဏ္ဍော-သူတော်ကောင်းကို ဆိုရာ အပိုင်း လည်းကောင်း၊ ဒုဇ္ဇနော-သူယုတ်ကိုဆိုရာအပိုင်း လည်းကောင်း၊ မိတ္တ ဣတ္ထိ စ-အဆွေခင်ပွန်းကိုဆိုရာအပိုင်း,မိန်းမကိုဆိုရာအပိုင်း လည်းကောင်း၊ ရာဇာ ပကိဏ္ဏကော စ- မင်းကို ဆိုရာအပိုင်း, ပြိုးပြွမ်းသောစကားကို ဆိုရာဖြစ်သော အပိုင်း လည်းကောင်း၊ ဣတိ- ဤသို့၊ သတ္တကဏ္ဍဝိဘူသိတေ- ခုနစ်ပိုင်းတို့ဖြင့် တန်ဆာဆင်အပ်သော လောကနီတိ ကျမ်း၏၊ "စက္ကိန္ဒာဘိ သိရိနာ- စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" အမည်တော် ရှိသော မဟာအောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်သည်၊ သောဓိတော-သုတ်သင်အပ်သော၊အယံ လောကနီတိနိဿယော- ဤလောကနီတိ နိဿယသည်၊ ကာသိကေ သတေဆနောတျ- ၁၁၉၆-ခု၊ ဒုတိယာသာဠှေ- ဒုတိယဝါဆိုလ၌၊ ကာဠေ သတ္တမ အာဒိဗော- လပြည့်ကျော် ခုနစ်ရက် တနင်္ဂနွေနေ့၌၊ နိဋ္ဌိတော- ပြီးခြင်းသို့ ရောက်ပြီ။

လောကနီတိအနက်—ပြီး၏။

ပရိတ်ကြီးပါဠိ
ပရိတ္တနိဒါန

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ,
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ,။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ,။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာ
သမ္ဗုဒ္ဓဿ,။

၄။ ယေ သန္တာ သန္တစိတ္တာ,
တိသရဏ သရဏာ,
ဧတ္ထ လောကန္တရေဝါ,။
ဘုမ္မာ ဘုမ္မာ စ ဒေဝါ
ဂုဏ ဂဏ ဂဟဏ,
ဗျာဝဋာ သဗ္ဗကာလံ,။
ဧတေ အာယန္တု ဒေဝါ,
ဝရ ကနက မယေ,
မေရုရာဇေ ဝသန္တော,။
သန္တော သန္တောသဟေတုံ,
မုနိဝရ ဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ,။

ဝတ်အသင်းသူ ဝတ်အသင်းသားများ ဖြတ်၍ဖြတ်၍ ရွတ်ဖတ်နိုင်ကြစေရန် (,) ဤကဲ့သို့ ကော်မာ အမှတ်ဖြင့် ပြထားပါသည်။

www.dhammadownload.com

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော,။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ,။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ,။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော,။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ,။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ,။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော,။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ,။

၉။ ရာဇတော ဝါ စောရတော ဝါ,
မနုဿတော ဝါ အမနုဿတော ဝါ,
အဂ္ဂိတော ဝါ ဥဒကတော ဝါ,
ပိသာစတော ဝါ ခါဏုကတော ဝါ,
ကဏ္ဋကတော ဝါ နက္ခတ္တတော ဝါ,
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ,
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ,
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ,
အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ,
သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ,
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

၁-မင်္ဂလသုတ်

မင်္ဂလ နိဒါန

က။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။
ခ။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။
ဂ။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထ ခေါ
အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ
ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊
ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ
သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဒေဝတာ ယာစနံ

၄။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

ဗုဒ္ဓဒေသိတ

၅။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၆။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇၀-ကြိမ်မြောက်၊

www.dhammadownload.com

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၄။ မာတာ ပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။
၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။
၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

အာနိသံသ

၁၁။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

ဆိုလတ္တံ့သောဝစကားကို၊ အဝေါ စ-မိန့်တော်မူ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ ဘူတပုဗ္ဗံ- ရှေး၌ ဖြစ်ဖူးသည်ကား၊ ဒေဝါသုရသင်္ဂါမော- တာဝတိံသာနတ်, အသူရာနတ်တို့၏ စစ်ပွဲသည်၊ သမုပဗျူဠှော- ကောင်းစွာ စုရုံး စည်းဝေးသည်၊ အဟောသိ-ဖြစ်ဖူးပြီ၊ ဘိက္ခဝေ-ရဟန်းတို့၊ အထခေါ-ထိုအခါ၌၊ ဒေဝါနံ-စတုမဟာရာဇ်, တာဝတိံသာနတ်တို့ကို၊ ဣန္ဒော- အစိုးရသော၊ သက္ကော-သိကြားမင်းသည်၊ တာဝတိံသေ- တာဝတိံသာ နတ်ပြည်၌ နေကုန်သော၊ ဒေဝေ-နတ်တို့ကို၊ အာမန္တေသိ-မိန့်ဆို၏၊ မာရိသာ- အချင်း နတ် များ တို့၊ သင်္ဂါမေ ဂတာနံ- စစ်ပွဲသို့ရောက်ကြကုန်သော၊ ဝေါ ဒေဝါနံ- သင် နတ် များ တို့ အား၊ ယံ ဘယံ ဝါ-အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ- အကြင် ကိုယ်ခက်တရော်ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ- အကြင် ကြက်သီးမွေးညင်း ထခြင်းသည်လည်းကောင်း၊ သစေ ဥပ္ပဇ္ဇေယျ- အကယ်၍ ဖြစ်ငြားအံ့၊ တသ္မိံ သမယေ-ထိုအခါ၌၊ မမေဝ-ငါသိကြားမင်း၏ သာလျှင်၊ ဓဇဂ္ဂံ- တံခွန်ဖျားကို၊ ဥလ္လောကေယျာထ- ကြည့်ကြကုန်လော့၊ ဟိ သစ္စံ-မှန်၏၊ မမ-ငါသိကြားမင်း၏၊ ဓဇဂ္ဂံ တံခွန်ဖျားကို၊ ဥလ္လောကယတံ-ကြည့်ကြကုန်သော၊ဝေါ တုမှာကံ-သင်နတ်များတို့အား၊ ယံ ဘယံ ဝါ-အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ- အကြင် ကိုယ်ခက်တရော်ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ-အကြင်ကြက်သီးမွေးညင်း ထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ သော-

www.dhammadownload.com

ထိုကြောက်ခြင်း, ကိုယ်ခက်တရော်ရှိခြင်း, ကြက်သီးမွေးညင်း ထခြင်းသည်၊ ပဟီယိဿတိ-ပျောက်လတ္တံ့။

၂။ မေ-ငါသိကြားမင်း၏၊ ဓဇဂ္ဂံ-တံခွန်ဖျားကို၊ နော စေ ဥလ္လောကေယျာထ- အကယ်၍ မကြည့်မိကုန်ငြားအံ့၊ အထ- ထိုသို့ မကြည့်မိကုန်သည်ရှိသော်၊ ပဇာပတိဿ- ပဇာပတိ အမည်ရှိသော၊ ဒေဝရာဇဿ-နတ်မင်း၏ ဓဇဂ္ဂံ-တံခွန်ဖျားကို၊ ဥလ္လောကေယျာထ-ကြည့်ကြကုန်လော့၊ ဟိ သစ္စံ-မှန်၏၊ ပဇာပတိဿ- ပဇာပတိ အမည်ရှိသော၊ ဒေဝရာဇဿ-နတ်မင်း၏၊ ဓဇဂ္ဂံ-တံခွန်ဖျားကို၊ ဥလ္လောကယတံ-ကြည့်ကြကုန်သော၊ ဝေါ တုမှာကံ-သင်နတ်များတို့အား၊ ယံ ဘယံ ဝါ-အကြင် ကြောက်ခြင်း သည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-အကြင် ကိုယ်ခက်တရော်ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ-အကြင်ကြက်သီး မွေးညင်း ထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ သော- ထို ကြောက်ခြင်း, ကိုယ်ခက်တရော်ရှိခြင်း, ကြက်သီး မွေးညင်း ထခြင်းသည်၊ ပဟီယိဿတိ-ပျောက်လတ္တံ့။

၃။ ပဇာပတိဿ- ပဇာပတိအမည်ရှိသော၊ ဒေဝရာဇဿ- နတ်မင်း၏၊ ဓဇဂ္ဂံ-တံခွန်ဖျားကို၊ နော စေ ဥလ္လောကေယျာထ- အကယ်၍ မကြည့်မိကုန်ငြားအံ့၊ အထ- တို့သို့ မကြည့်မိကုန်သည်ရှိသော်၊ ဝရုဏဿ-ဝရုဏအမည်ရှိသော၊ ဒေဝရာဇဿ-နတ်မင်း၏၊ ဓဇဂ္ဂံ- တံခွန်ဖျားကို၊ ဥလ္လောကေယျာထ- ကြည့်ကြကုန်လော့၊ ဟိ သစ္စံ-မှန်၏၊ ဝရုဏဿ-ဝရုဏအမည်ရှိသော၊ ဒေဝရာဇဿ- နတ်မင်း၏၊ ဓဇဂ္ဂံ- တံခွန်ဖျားကို၊ ဥလ္လောကယတံ- ကြည့်ကြ

www.dhammadownload.com

ကုန်သော၊ ဝေါ တုမှာကံ-သင်နတ်များတို့အား၊ ယံ ဘယံ ဝါ-အကြင် ကြောက်ခြင်း သည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-အကြင် ကိုယ်ခက်တရော် ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ- အကြင် ကြက်သီးမွေးညင်းထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ သော-ထို ကြောက်ခြင်း, ကိုယ်ခက်တရော် ရှိခြင်း, ကြက် သီး မွေး ညင်း ထ ခြင်း သည်၊ ပဟီယိဿတိ-ပျောက်လတ္တံ့။

၄။ ဝရုဏဿ-ဝရုဏအမည်ရှိသော၊ ဒေဝရာဇဿ- နတ်မင်း၏၊ ဓဇဂ္ဂံ-တံခွန်ဖျားကို၊ နော စေ ဥလ္လောကေယျာထ-အကယ် ၍ မကြည့်မိကုန်ငြားအံ့၊ အထ- ထိုသို့ မကြည့်မိကုန်သည် ရှိသော်၊ ဤသာနဿ-ဤသာန အမည်ရှိသော၊ ဒေဝရာဇဿ-နတ်မင်း၏၊ ဓဇဂ္ဂံ- တံခွန်ဖျားကို၊ ဥလ္လောကေယျာထ- ကြည့်ကြကုန်လော့၊ ဟိ သစ္စံ- မှန်၏၊ ဤသာနဿ- ဤသာန အမည်ရှိသော၊ ဒေဝ ရာဇဿ- နတ်မင်း၏၊ ဓဇဂ္ဂံ- တံခွန်ဖျားကို၊ ဥလ္လောကယတံ- ကြည့်ကြကုန်သော၊ ဝေါ တုမှာကံ- သင်နတ်များ တို့အား၊ ယံ ဘယံ ဝါ- အ ကြင် ကြောက် ခြင်း သည် လည်း ကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ- အကြင် ကိုယ်ခက်တရော်ရှိခြင်း သည်လည်း ကောင်း၊ ယော လောမဟံသော ဝါ-အကြင် ကြက်သီးမွေးညင်း ထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ သော- ထိုကြောက်ခြင်း, ကိုယ်ခက်တရော်ရှိခြင်း, ကြက်သီးမွေးညင်း ထခြင်းသည်၊ ပဟီယိဿတိ- ပျောက်လတ္တံ့၊ ဣတိ- ဤသို့၊ အာမန္တေသိ-မိန့်ဆို၏။

www.dhammadownload.com

၅။ ဘိက္ခဝေ-ရဟန်းတို့၊ ဒေဝါနံ- နတ်တို့ကို၊ ဣန္ဒဿ- အစိုးရသော၊ သက္ကဿ- သိကြားမင်း၏၊ တံ ခေါ ပန ဓဇဂ္ဂံ- ထိုတံခွန်ဖျားကို၊ ဥလ္လောကယတံ ဝါ-ကြည့်ကြကုန်သော နတ်တို့ အားလည်းကောင်း၊ ပဇာပတိဿ- ပဇာပတိ အမည်ရှိသော၊ ဒေဝရာဇဿ-နတ်မင်း၏၊ တံ ခေါ ပန ဓဇဂ္ဂံ-ထိုတံခွန်ဖျားကို၊ ဥလ္လောကယတံ ဝါ- ကြည့်ကုန်သော နတ်တို့အားလည်းကောင်း၊ ဝရုဏဿ- ဝရုဏ အမည်ရှိသော၊ ဒေဝရာဇဿ- နတ်မင်း၏၊ တံ ခေါ ပန ဓဇဂ္ဂံ- ထို တံခွန်ဖျားကို၊ ဥလ္လောကယတံ ဝါ- ကြည့်ကြကုန်သော နတ်တို့အား လည်းကောင်း၊ ဤသာနဿ- ဤသာန အမည်ရှိသော၊ ဒေဝရာဇဿ-နတ်မင်း၏၊ တံ ခေါ ပန ဓဇဂ္ဂံ-ထို တံခွန်ဖျားကို၊ ဥလ္လောကယတံ ဝါ-ကြည့်ကြကုန်သော နတ်တို့အားလည်းကောင်း၊ ယံ ဘယံ ဝါ-အကြင် ကြောက်ခြင်း သည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-အကြင် ကိုယ်ခက်တရော် ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ- အကြင် ကြက်သီးမွေးညင်းထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ-ဖြစ် လတ္တံ့၊ သော-ထိုကြောက်ခြင်း, ကိုယ်ခက်တရော်ရှိခြင်း,ကြက်သီး မွေးညင်း ထခြင်းသည်၊ ပဟီယေထာပိ- ပျောက်မူလည်း ပျောက် ရာ၏၊ နော ပဟီယေထာပိ- မပျောက်မူလည်း မပျောက်ရာ။

၆။ တံ-ထိုပျောက်ခြင်း,မပျောက်ခြင်းသည်၊ ကိဿဟေတု- အဘယ်ကြောင့်နည်းဟူမူကား၊ ဘိက္ခဝေ-ရဟန်းတို့၊ ဟိ ယသ္မာ- အကြင်ကြောင့်၊ ဒေဝါနံ- နတ်တို့ကို၊ ဣန္ဒော- အစိုးရသော၊ သက္ကော- သိကြားမင်းသည်၊ အ ဝီတရာဂေါ- မကင်းသော

www.dhammadownload.com

ရာဂရှိ၏၊ အ ဝီတဒေါသော–မကင်းသော ဒေါသရှိ၏၊ အ ဝီတမောဟော– မကင်းသောမောဟရှိ၏၊ ဘီရု– ကြောက်တတ်၏၊ ဆမ္ဘီ– ကိုယ်ခက်တရော်ရတတ်၏၊ ဥတြာသီ– ထိတ်လန့်တတ်၏၊ ပလာယီ–ပြေးတတ်၏၊ဣတိတသ္မာ–ထို့ကြောင့်၊ ပဟီယေထာပိ– ပျောက်မှုလည်း ပျောက်ရာ၏၊ နေ၁ ပဟီယေထာပိ– မပျောက်မှုလည်း မပျောက်ရာ။

၇။ ဘိက္ခဝေ–ရဟန်းတို့၊ အဟဉ္စ ခေါ–ငါဘုရားသည်ကား၊ ဧဝံ–ဤသို့၊ ဝဒါမိ–ဟောတော်မူ၏၊ ဘိက္ခဝေ–ရဟန်းတို့၊ အရည ဂတာနံ ဝါ–တောသို့ ကပ်သည်မှုလည်း ဖြစ်ကုန်သော၊ ရုက္ခမူလ ဂတာနံ ဝါ– သစ်ပင်ရင်းသို့ ကပ်သည်မှုလည်း ဖြစ်ကုန်သော၊ သုညာဂါရ ဂတာနံ ဝါ– ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်မှုလည်း ဖြစ်ကုန်သော၊ တုမှာကံ–သင်တို့အား၊ ဘယံ ဝါ–ကြောက်ခြင်း သည်လည်းကောင်း၊ ဆမ္ဘိတတ္တံ ဝါ–ကိုယ်ခက်တရော်ရှိခြင်းသည် လည်းကောင်း၊ လောမဟံသော ဝါ–ကြက်သီးမွေးညင်းထခြင်း သည်လည်းကောင်း၊ သစေ ဥပ္ပဇ္ဇေယျ– အကယ်၍ ဖြစ်ငြားအံ့၊ တသ္မိံ သမယေ–ထိုအခါ၌၊ မမေဝ– ငါဘုရားကိုသာလျှင်၊ အနုဿရေယျာထ–အဖန်တလဲလဲအောက်မေ့ကြကုန်လော့။

၈။ သော ဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ ၁ စ ကာရဏေန–ဤသို့ ခပ်သိမ်းကုန်သော ကိလေသာတို့မှ ဝေးတော် မူသော အကြောင်းကြောင့်လည်း၊ အရဟံ– အရဟ မည်တော် မူ၏၊ သော ဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ ခပ်သိမ်းသော ဉေယျဓံတရား ငါးပါးတို့ကို

၃၀ –ကြိမ်မြှောက်၊

မဖောက်မပြန် သယမ္ဘူညာဏ်ဖြင့် အလိုလို ကိုယ်တော်တိုင် သိတော်မူသော အကြောင်း ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ– သမ္မာသမ္ဗုဒ္ဓ မည်တော်၏၊ သော ဘဂဝါ– ထို မြတ်စွာဘုရား သည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော–ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ သော ဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ ကောင်းသောစကားကို ဆိုတော် မူတတ်သော အကြောင်းကြောင့်လည်း၊ သုဂတော– သုဂတ မည်တော်မူ၏၊ သော ဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ လောကသုံးပါးတို့ကို အကြွင်းမရှိ သိတော်မူသော အကြောင်း ကြောင့် လည်း၊ လောကဝိဒူ– လောကဝိဒူ မည်တော်မူ၏၊ သော ဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ လူယောကျ်ား, နတ် ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို အတုမရှိ ဆုံးမတော် မူတတ်သော အကြောင်း ကြောင့် လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ– အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ သော ဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရ ဏေန– ဤသို့ လူ,နတ်တို့၏ဆရာ ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း၊ သတ္ထာ ဒေဝမနုဿာနံ– သတ္ထာ ဒေဝမနုဿာန မည်တော်မူ၏၊ သော ဘဂဝါ– ထို မြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ သစ္စာလေးပါးတရားတို့ကို ကိုယ်

www.dhammadownload.com

တော်လည်းသိ, ဝေနေယျတို့ကိုလည်း သိစေတော် မူတတ်သော အကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ– ဗုဒ္ဓ မည်တော်မူ၏၊ သော ဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန– ဤသို့ ဘုန်းတော်ခြောက်ပါး ရှိတော်မူသော အကြောင်း ကြောင့်လည်း၊ ဘဂဝါ– ဘဂဝါ မည်တော်မူ၏၊ ဣတိ–ဤသို့၊ အနုဿရေယျာထ–အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၉။ ဟိ သစ္စံ–မှန်၏၊ ဘိက္ခဝေ–ရဟန်းတို့၊ မမံ– ငါဘုရား ဂုဏ်တော်ကို၊ အနုဿရတံ– အဖန်တလဲလဲ အောက်မေ့ကုန်သော၊ ဝေါ တုမှာကံ– သင်ချစ်သားတို့အား၊ ယံ ဘယံ ဝါ– အကြင် ကြောက်ခြင်း သည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ– အကြင် ကိုယ်ခက်တရော် ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံ သော ဝါ–အကြင်ကြက်သီးမွေးညင်းထခြင်းသည်လည်းကောင်း၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ သော–ထိုကြောက်ခြင်း, ကိုယ်ခက်တရော် ရှိခြင်း, ကြက်သီးမွေးညင်း ထခြင်းသည်၊ ပဟီယိဿတိ–ပျောက် လတ္တံ့။

၁၀။ မံ–ငါဘုရား၏ ဂုဏ်တော်ကို၊ နော စေ အနုဿရေ ယျာထ– အကယ်၍ မအောက်မေ့မိကုန်ငြားအံ့၊ အထ– ထိုသို့ မအောက်မေ့မိကုန်သည် ရှိသော်၊ ဓမ္မံ– တရားတော် ဂုဏ်ကို၊ အနုဿရေယျာထ–အောက်မေ့ကြကုန်လော့။

၁၁။ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဓမ္မော– တရားတော် မြတ်ကို၊ သွာက္ခာတော–ကောင်းစွာဟောတော်မူအပ်၏၊ ဓမ္မော– တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော– မျက်မှောက်၌ အကျိုးပေး

ခြင်းငှာ ထိုက်၏၊ ဓမ္မော- မဂ်လေးပါး တရားတော်သည်၊ အကာလိကော-မိမိအခြားမဲ့၌ အကျိုးကို ပေးတတ်၏၊ ဓမ္မော- တရားတော်သည်၊ ဧဟိပဿိကော- လာလှည့် ရှုလှည့် ဟူသော အစီရင်ကို ခံထိုက်၏၊ ဓမ္မော-တရားတော်သည်၊ ဩပနေယျိကော- နိဗ္ဗာန်သို့ ဆောင်ခြင်းငှာ ထိုက်၏၊ ဓမ္မော- တရားတော်ကို၊ ပစ္စတ္တံ-အသီးသီး၊ ဝိညူဟိ-ပညာရှိတို့သည်၊ ဝေဒိတဗ္ဗော- သိအပ် ခံစားအပ်၏၊ ဣတိ- ဤသို့၊ အနုဿရေယျာထ- အောက်မေ့ကြ ကုန်လော့။

၁၂။ ဟိဿစံ- မှန်၏၊ ဘိက္ခဝေ- ရဟန်းတို့၊ ဓမ္မံ- တရား ဂုဏ်တော်ကို၊ အနုဿရတံ- အဖန်တလဲလဲ အောက်မေ့ကုန်သော၊ ဝေါ တုမှာကံ-သင်တို့အား၊ ယံ ဘယံ ဝါ-အကြင် ကြောက်ခြင်း သည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-အကြင်ကိုယ်ခက်တရော် ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ-အကြင် ကြက်သီးမွေးညင်း ထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ သော- ထိုကြောက်ခြင်း, ကိုယ်ခက်တရော် ရှိခြင်း, ကြက်သီးမွေးညင်းထခြင်းသည်၊ ပဟီယိဿတိ-ပျောက်လတ္တံ့။

၁၃။ ဓမ္မံ-တရားတော်ဂုဏ်ကို၊ နော စေ အနုဿရေယျာထ- အကယ်၍မအောက်မေ့မိကုန်အံ့၊ အထ-ထိုသို့ မအောက်မေ့မိကုန် သည် ရှိသော်၊ သံဃံ-သံဃာတော်၏ဂုဏ်ကို၊ အနုဿရေယျာထ- အောက်မေ့ကြကုန်ရာလော့။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၁၄။ ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်ဖြစ်သော သံဃာတော်သည်၊ သုပ္ပဋိပန္နော- ကောင်းစွာကျင့်တတ်၏၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်ဖြစ်သော သံဃာတော်သည်၊ ဥဇုပ္ပဋိပန္နော- ဖြောင့်ဖြောင့်ကျင့်တတ်၏၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်ဖြစ်သော သံဃာတော်သည်၊ ဉာယပ္ပဋိပန္နော- အသင့်အားဖြင့် ကျင့်တတ်၏၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်ဖြစ်သော သံဃာတော်သည်၊ သာမိစိပ္ပဋိပန္နော-အရိုအသေပြုခြင်းကို ခံထိုက်အောင် ကျင့်တတ်၏၊ စတ္တာရိ-လေး ပါး ကုန်သော၊ ယဒိဒံ ယာနိ ပုရိသယုဂါနိ- အကြင်ယောကျ်ားတို့၏အစုံတို့သည်၊သန္တိ-ရှိကုန်၏၊ ဧတ ပုရိသပုဂ္ဂလာ-ထို လေးပါးစုံဖြစ်သော ယောကျ်ားမြတ်တို့ သည်ကား၊ အဋ္ဌ-ရှစ်ယောက်တို့တည်း၊ ဘဂဝတော-မြတ်စွာဘုရား၏၊ ဧသ ဧသော သာဝက သံဃော- ထို တပည့်ဖြစ်သော သံဃာတော်သည်ကား၊ အာဟုနေယျော- အဝေးမှဆောင်၍ ပူဇော်ခြင်းကို ခံထိုက်၏၊ ပါဟုနေယျော-ဧည့်သည်တို့အား ရည်မှတ်၍ထားသော ပစ္စည်းအထူးကို ပူဇော်ခြင်းငှာ ထိုက်၏၊ ဒက္ခိဏေယျော- မြတ်သောအလှူကို ခံထိုက်၏၊ အဉ္ဇလိကရဏီယော- လက်အုပ်ချီခြင်းကိုခံထိုက်၏၊ လောကဿ-လူအများ၏၊ အနုတ္တရံ- အတုမရှိသောပုညက္ခေတ္တံ-ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်၏၊ ဣတိ-ဤသို့၊ သံဃံ-သံဃာတော်၏ဂုဏ်ကို၊ အနုဿရေယျာထ-အောက်မေ့ကြကုန်လော့။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

၁၅။ ဟိ-သင့်စွ၊ ဘိက္ခဝေ-ရဟန်းတို့၊ သံဃံ-သံဃာတော်၏ ဂုဏ်ကို၊ အနုဿရတံ-အောက်မေ့ကုန်သော၊ ဝေါ-သင်တို့အား၊ ယံ ဘယံ ဝါ-အကြင်ကြောက်ခြင်းသည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-အကြင် ကိုယ်ခက်တရော်ရှိခြင်း သည်လည်းကောင်း၊ ယော လောမဟံသော ဝါ- အကြင် ကြက်သီးမွေးညင်းထခြင်း သည်လည်းကောင်း၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ သော-ထို ဘယ,ဆမ္ဘိတတ္တ,လောမဟံသသည်၊ ပဟီယိဿတိ- ပျောက်လတ္တံ့ သတည်း။

၁၆။ တံ- ထို ဘယ,ဆမ္ဘိတတ္တ, လောမဟံသ ပျောက်ခြင်း သည်၊ ကိဿဟေတု-အဘယ်ကြောင့်နည်း၊ ဘိက္ခဝေ- ရဟန်းတို့၊ တထာဂတော-ဝိပဿီ အစရှိသော ရှေးဘုရားတို့၏ လာခြင်းကဲ့သို့ ကောင်းသော လာခြင်းရှိသော သင်တို့ဆရာ ငါဘုရားသည်၊ အရဟံ-ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုခြင်းငှါ မထိုက်၊ သမ္မာသမ္ဗုဒ္ဓေါ-ကောင်းသောအကျင့်ဖြင့် သစ္စာလေးပါး တရားကို သိတော်မူတတ်၏၊ ဝီတရာဂေါ- ကင်းသော ရာဂရှိ၏၊ ဝီတဒေါသော- ကင်းသော ဒေါသ ရှိ၏၊ ဝီတမောဟော-ကင်းသော မောဟရှိ၏၊ အ ဘီရူ-မကြောက်တတ်၊ အ ဆမ္ဘီ-ကိုယ်ခက်တရော် မရှိတတ်၊ အ နုတြာသီ- မလန့်တတ်၊ အ ပလာယီ-မပြေးတတ်၊ ဣတိတသ္မာ-ထို့ကြောင့်၊ ပဟီယိဿတိ-ပျောက်လတ္တံ့သတည်း၊ ဣတိ-ဤသို့၊ အဝေါစ-မိန့်တော်မူ၏။

၁၇။ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဣဒံ-ဤ သစေ တုမှာကံ ဘိက္ခဝေ စသော စကားကို၊ အဝေါစ- မိန့်တော်မူ၏၊ သုဂတော- မြတ်စွာဘုရားသည်၊ ဣဒံ-ဤသို့သောစကားကို၊ ဝတွာန-ဆို၍၊

www.dhammadownload.com

အထ-ထိုနောက်မှ၊ အ ပရံ-တပါးသော၊ တေံ- ထို အရညေ ရုက္ခမူလေ ဝါ စသော စကားကို၊ သတ္ထာ- မြတ်စွာဘုရားသည်၊ အဝေါစ-မိန့်တော်မူ၏။

၁၈။ ဘိက္ခဝေါ- ရဟန်းတို့၊ အရညေ ဝါ- တော၌ လည်း ကောင်း၊ ရုက္ခမူလေ ဝါ-သစ်ပင်ရင်း၌လည်းကောင်း၊ သုညာ ဂါရေ ဝါ-ဆိတ်ကွယ်ရာအရပ်၌လည်းကောင်း၊ သမ္ဗုဒ္ဓံ-မြတ်စွာ ဘုရား၏ဂုဏ်ကို၊ တုမှေ- သင်တို့သည်၊ အနုဿရေယျာထ- အောက်မေ့ကြကုန်လော့၊ တုမှာကံ-သင်တို့အား၊ ဘယံ-ကြောက် ခြင်းလည်း၊ နေဝ သိယာ-မဖြစ်ရာ။

၁၉။ လောကဇေဋ္ဌံ-လူတို့ထက်ကြီးတော်မူသော၊နရာသဘံ-လူတို့ထက် မြတ်တော်မူသော၊ ဗုဒ္ဓံ-ငါဘုရားကို၊ နေဝ စေ သရေယျာထ- အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ အထ- ထိုသို့ မအောက်မေ့မိကုန်သည် ရှိသော်၊ နိယျာနိကံ- သံသရာမှ လွတ်မြောက်ကြောင်း ဖြစ်သော၊ သုဒေသိတံ- ငါဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော၊ ဓမ္မံ- တရားတော်ဂုဏ်ကို၊ သရေယျာထ-အောက်မေ့ကြကုန်လော့။

၂၀။ နိယျာနိကံ-သံသရာမှထွက်မြောက်ကြောင်းဖြစ်သော၊ သုဒေသိတံ-ငါဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော၊ ဓမ္မံ- တရားတော်ဂုဏ်ကို၊ နေဝ စေ သရေယျာထ- အကယ်၍ မအောက်မေ့မိကုန်သည် ဖြစ်အံ့၊ အထ- ထိုသို့ မအောက်မေ့မိ ကုန်သည် ရှိသော်၊ ပုညက္ခေတ္တံ- ကောင်းမှု တည်းဟူသော

www.dhammadownload.com

မျိုးစေ့၏စိုက်ပျိုးရာ လယ် ယာ မြေကောင်း သ ဖွယ် ဖြစ်သော၊ အနုတ္တရံ-အတုမရှိသော၊ သံဃံ- သံဃာတော်၏ဂုဏ်ကို၊ သရေယျာထ-အောက်မေ့ကြကုန်လော့။

၂၁။ ဘိက္ခဝေါ-ရဟန်းတို့၊ ဧဝံ- ဤသို့သော အပြားအားဖြင့်၊ ဗုဒ္ဓဉ္စ-ငါဘုရားဂုဏ်တော်ကို လည်းကောင်း၊ ဓမ္မဉ္စ-တရားဂုဏ်တော်ကို လည်းကောင်း၊ သံဃဉ္စ-သံဃာဂုဏ်တော်ကို လည်းကောင်း၊ သရန္တာနံ-အောက်မေ့ကုန်သောသင်တို့အား၊ ဘယံ ဝါ-ကြောက်ခြင်း သည်လည်းကောင်း၊ ဆမ္ဘိတတ္တံ ဝါ- ကိုယ်ခက်တရော်ရှိခြင်းသည်လည်းကောင်း၊ လောမဟံသော ဝါ-ကြက်သီးမွေးညင်းထခြင်းသည်လည်းကောင်း၊ န ဟေဿတိ-မဖြစ်လတ္တံ့။

ဓဇဂ္ဂပရိတ္တံ-ဓဇဂ္ဂသုတ် ပရိတ်တော်သည်၊
နိဋ္ဌိတံ-ပြီးပြီ။

ဂ-အာဋာနာဋိယသုတ်အနက်
နိဒါန်း

က-၁။ နာထဿ-မြတ်စွာဘုရား၏၊ သာဓုသမ္မတေ-သူတော်ကောင်းတို့သည် "ကောင်း၏"ဟု သမုတ်အပ်သော၊ သာသနေ-သာသနာတော်၌၊ အပ္ပသန္နေဟိ-မကြည်ညိုကုန်သော၊ စဏ္ဍေဟိ-ကြမ်းကြုတ်ကုန်သော၊ သဒါ-အခါခပ်သိမ်း၊ ကိဗ္ဗိသ ကာရိဘိ-မကောင်းမှုကို ပြုလေ့ရှိကုန်သော၊ အမနုဿေဟိ-ဘီလူးတို့သည်၊ စတဿန္နံ- လေး ပါး ကုန် သော၊ ပရိသာနံ- ပရိသတ် တို့ကို၊ အဟိံသာယ စ-မညှဉ်းဆဲစေခြင်းငှာလည်းကောင်း၊ ဂုတ္တိယာ စ-

www.dhammadownload.com

စောင့်ရှောက်ခြင်းငှာ လည်းကောင်း၊ မဟာပိရော- မြတ်စွာဘုရားသည်၊ ယံ ပရိတ္တံ-အကြင်အာဋာနာဋိယသုတ်ပရိတ်တော်ကို၊ ဒေသေသိ-ဟောတော်မူပြီ၊ တံ ပရိတ္တံ- ထို အာဋာနာဋိယသုတ်ပရိတ်တော်ကို၊ ဟော- အို သူတော်ကောင်းတို့၊ မယံ-ငါတို့သည်၊ ဘဏာမ-ရွတ်ကြကုန်အံ့။

၁။ စက္ခုမန္တဿ- စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော၊ သိရိမတော- ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော၊ ဝိပဿိဿ စ-ဝိပဿီမြတ်စွာဘုရားအားလည်း၊ မေ-အကျွန်ုပ်၏၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်စေသတည်း၊ သဗ္ဗဘူတာနုကမ္ပိနော အလုံးစုံသောသတ္တဝါတို့ကို သနားတော်မူတတ်သော၊ သိခိဿာပိ စ-သိခီမြတ်စွာဘုရားအားလည်း၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း။

၂။ နှာတကဿ- ဆေးကြော်အပ်ပြီးသော ကိလေသာရှိတော်မူသော၊ တပဿိနော-မြိုးခြံသောအကျင့် ရှိတော်မူသော၊ ဝေဿဘုဿ စ-ဝေဿဘူမြတ်စွာဘုရားအားလည်း၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း၊ မာရသေနာပမဒ္ဒိနော- မာရ်စစ်သည်ကို ဖျက်ဆီးပြီးသော၊ ကကုသန္ဓဿ-ကကုသန် မြတ်စွာဘုရားအားလည်း၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း။

၃။ ဗြာဟ္မဏဿ- မကောင်းမှုကို မျှောပြီးထသော၊ ဝုသိမတော- သုံးပြီးသောအကျင့် ရှိတော်မူထသော၊ ကောဏာဂမနဿ စ- ကောဏာဂုံမြတ်စွာဘုရားအားလည်း၊ မေ- အကျွန်ုပ်၏၊

www.dhammadownload.com

နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း၊ သဗ္ဗဓိ-ခပ်သိမ်းသော အာရုံတို့၌၊ ဝိပ္ပမုတ္တဿ- ကိလေသာတို့မှ ကင်းလွတ်တော်မူပြီးသော၊ ကဿပဿ စ- ကဿပ မြတ်စွာဘုရားအားလည်း၊ မေ- အကျွန်ုပ်၏၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်စေသတည်း။

၄။ ယော- အကြင်ဂေါတမမြတ်စွာဘုရားသည်၊ သဗ္ဗဒုက္ခာပနူဒနံ- အလုံးစုံသော ဆင်းရဲကို ပယ် ဖျောက် တတ် သော၊ ဣမံ ဓမ္မံ-ဤတရားကို၊ ဒေသေတိ-ဟောတော်မူပြီ၊ အင်္ဂီရသဿ-ကိုယ်တော်မှထွက်သော အရောင်ရှိတော်မူထသော၊ သိရိမတော-ဘုန်းကြက်သရေနှင့် ပြည့်စုံတော် မူထသော၊ သကျပုတ္တဿ-သာကီဝင်မင်းသား ဖြစ်တော်မူထသော၊ တဿ စ- ထို ဂေါတမမြတ်စွာဘုရားအားလည်း၊ မေ- အကျွန်ုပ်၏၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း။

၅။ လောကေ-လောက၌၊ နိဗ္ဗုတာ-ငြိမ်းလေကုန်ပြီးသော၊ ယေ စာပိ ဇနာ- အကြင် မြတ်စွာဘုရားတို့သည်လည်း၊ ယထာဘူတံ-ဟုတ်မှန်သောအလျောက်၊ဝိပဿိသုံ-မြင်ကုန်ပြီ၊တေဇနာ-ထိုမြတ်စွာဘုရားတို့သည်၊ အပိသုဏာ- ချောပစ်သော စကားကို မဆိုကုန်၊ အထ-ထိုမှ၊ မဟန္တာ- မြတ်ကုန်၏၊ ဝီတသာရဒါ-ကြောက်ရွံ့ခြင်း ကင်းကုန်၏။

၆။ ဝိဇ္ဇာစရဏသမ္ပန္နံ- ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော် မူထသော၊ မဟန္တံ- မြတ်စွာ

www.dhammadownload.com

ထသော၊ ဝီတသာရဒံ– ကြောက်ရွံ့ခြင်း ကင်းတော်မူထသော၊ ဒေဝမနုဿာနံ–နတ်လူတို့၏၊ ဟိတံ–အစီးအပွားကို ဆောင်တော်မူတတ်ထသော၊ ယံ ဂေါတမံ– အကြင်ဂေါတမ မြတ်စွာဘုရားကို၊ ဒေဝမနုဿာ–နတ်လူတို့သည်၊ နမဿန္တိ–ရှိခိုးကုန်၏။

၇။ တေ သမ္ဗုဒ္ဓါ စ– ဆိုအပ်ခဲ့ပြီးသော မြတ်စွာဘုရားတို့သည်လည်းကောင်း၊ အညေ– တပါးကုန်သော၊ အနေကသတကောဋိယော–ကုဋေအရာမက များလှစွာကုန်သော၊ သမ္ဗုဒ္ဓါ စ– မြတ်စွာဘုရားတို့သည်လည်းကောင်း၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ–မြတ်စွာဘုရားတို့သည်၊ အသမ သမာ–အတုမရှိသော ဘုရားနှင့်သာ တူတော်မူကုန်၏၊ သဗ္ဗေ– ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ– မြတ်စွာဘုရားတို့သည်၊ မဟိဒ္ဓိကာ– ကြီးသောတန်ခိုး ရှိတော်မူကုန်၏။

၈။ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ–မြတ်စွာဘုရားတို့သည်၊ ဒသဗလူပေတာ– ကိုယ်တော်အား ဆယ်ပါး, ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူကုန်၏၊ ဝေသာရဇ္ဇေဟိ– လေးပါးသော ဝေသာရဇ္ဇ ဉာဏ်တော်တို့နှင့်၊ ဥပါဂတာ– ပြည့်စုံတော်မူကုန်၏၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ တေ ဗုဒ္ဓါ– ထို မြတ်စွာဘုရားတို့သည်၊ ဥတ္တမံ– မြတ်သော၊ အာသဘံ– ပုရိသ ဥသဘဖြစ်ကြောင်းဖြစ်သော၊ ဌာနံ–သဗ္ဗညုတဉာဏ်တော်ကို၊ ပဋိဇာနန္တိ–ဝန်ခံတော်မူကုန်၏။

၉။ ပရိသာသု– ပရိသတ် လေးပါး, ပရိသတ် ရှစ်ပါးတို့၌၊ ဝိသာရဒါ–ရွံ့ရှာခြင်းကင်းတော်မူကုန်သည်ဖြစ်၍၊ တေ ဗုဒ္ဓါ–

www.dhammadownload.com

ထိုမြတ်စွာဘုရားတို့သည်၊သီဟနာဒံ-ခြင်္သေ့မင်း ကဲ့သို့ရဲတင်းသော စကားကို၊ နဒန္တိ-မြွက်ဆိုတော်မူကုန်၏၊ လောကေ-လောက၌၊ အပ္ပဋိဝတ္တိယံ- တစုံတယောက်သောသူသည် ပယ်ခြင်းငှာ မတတ်နိုင်သော၊ ဗြဟ္မစက္ကံ-မြတ်သော ဓမ္မစကြာ တရားတော်ကို၊ ပဝတ္တေန္တိ-ဟောတော်မူကုန်၏။

၁၀။ အဋ္ဌာရသဟိ-တဆယ့်ရှစ်ပါးကုန်သော၊ ဗုဒ္ဓဓမ္မေဟိ-ဘုရားကျေးဇူးတော်တို့နှင့်၊ ဥပေတာ- ပြည့်စုံတော် မူကုန်၏၊ နာယကာ- နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ကုန်၏၊ ဗာတ္တိံသ လက္ခဏူပေတာ- သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် တို့၏ လက္ခဏာတော်နှင့် ပြည့်စုံတော်မူပေ၏၊ အသီတာနုဗျဥ္ဇနာဓရာ-ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကို ဆောင်တော်မူကုန်၏။

၁၁။ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ တေဗုဒ္ဓါ- ထို မြတ်စွာဘုရားတို့သည်၊ ဗျာမပ္ပဘာယ-တလံမျှလောက်သော ရောင်ခြည်တော်ဖြင့်၊ သုပ္ပဘာ- ကောင်းစွာ ထွန်းတောက်ပတော် မူကုန်၏၊ မုနိကုဉ္ဇရာ- ရဟန်းတို့ထက် မြတ်တော်မူကုန်၏၊ သဗ္ဗညုနော-ခပ်သိမ်းသော ဉေယျဓမ္မတရား ငါးပါးတို့ကို သိတော်မူကုန်၏၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဗုဒ္ဓါ-ထိုမြတ်စွာဘုရားတို့သည်၊ ခီဏာသဝါ- ကုန်ပြီးသော အာသဝေါတရား လေးပါး ရှိတော်မူကုန်၏၊ ဇိနာ-မာရ်ငါးပါးကို အောင်တော်မူကုန်၏။

၁၂။ မဟပ္ပဘာ- ကြီး မြတ် သော ကိုယ် တော် ရောင်, ဉာဏ်တော်ရောင် ရှိတော်မူကုန်၏၊ မဟာတေဇာ-ကြီးမြတ်သော

တန်ခိုးရှိတော်မူကုန်၏၊ မဟာပညာ–ကြီးမြတ်သောပညာ ရှိတော် မူကုန်၏၊ မဟာဗလာ– ကြီးမြတ်သော ကိုယ်တော်အား ဆယ်ပါး, ဉာဏ်တော်အားဆယ်ပါး ရှိတော်မူကုန်၏၊ မဟာကာရုဏိကာ– ကြီးမြတ်သော ကရုဏာတော် ရှိတော်မူကုန်၏၊ ဓီရာ– ပညာ သမာဓိ ရှိတော်မူကုန်၏၊ သဗ္ဗေသာနံ–ခပ်သိမ်းသောသတ္တဝါတို့၏၊ သုခါဝဟာ–ချမ်းသာကို ဆောင်တတ်ကုန်၏။

၁၃။ ပါဏီနံ–သတ္တဝါတို့၏၊ ဒီပါ စ–မှီရာကျွန်းသဖွယ်လည်း ဖြစ်တော်မူကုန်၏၊ နာထာ စ– ကိုးကွယ်ရာလည်း ဖြစ်တော်မူ ကုန်၏၊ ပတိဋ္ဌာ စ-တည်ရာလည်းဖြစ်တော်မူကုန်၏၊ တာဏာ စ– သံသရာ ဝဋ် ဆင်း ရဲ မှ လည်း စောင့်ရှောက်တော် မူကုန်၏၊ လေဏာ စ– ပုန်းအောင်းရာလည်း ဖြစ်တော်မူကုန်၏၊ ဂတီ စ– လားရာလည်း ဖြစ်တော်မူကုန်၏၊ ဗန္ဓူ စ– အဆွေအမျိုးလည်း ဖြစ်တော်မူကုန်၏၊ မဟဿာသာ စ–လေးသမားကြီးတို့နှင့်လည်း တူတော်မူကုန်၏၊ သရဏာ စ–သတ္တဝါတို့၏ ဆင်းရဲကိုလည်း ညှဉ်းဆဲ ဖျက်ဆီးတော် မူတတ်ကုန်၏၊ ဟိတေသိနော စ–စီးပွား ကိုလည်း ရှာတော်မူတတ်ကုန်၏။

၁၄။ သဒေဝ–ခပ်သိမ်းကုန်သော၊ ဧတေ ဗုဒ္ဓါ– ထို မြတ်စွာ ဘုရားတို့သည်၊ သဒေဝကဿ–နတ်နှင့်တကွသော၊ လောကဿ– လူ၏၊ ပရာယဏာ စ– မှီခို လည်းလျောင်းရာလည်း ဖြစ်တော် မူကုန်၏၊ ပုရိသုတ္တမေ ပုရိသုတ္တမာနံ– ယောကျ်ားမြတ် ဖြစ်တော် မူကုန်သော၊ တေသံ– ထိုမြတ်စွာဘုရားတို့၏၊ ပါဒေ– ခြေတော် တို့ကို၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ–ဦးဖြင့်၊ ဝန္ဒာမိ–ရှိခိုးပါ၏၊

www.dhammadownload.com

၁၅။ အဟ–အကျွန်ုပ်သည်၊ ဧတေ တထာဂတေ–ထိုမြတ်စွာဘုရားတို့ကို၊ ဝစသာ စ– နှုတ်ဖြင့်လည်းကောင်း၊ မနသာ စေဝ– စိတ်ဖြင့်လည်းကောင်း၊ သယာနေ စ– အိပ်သောအခါ၌ လည်းကောင်း၊ အာသနေ စ– ထိုင်သောအခါ၌ လည်းကောင်း၊ ဌာနေ စ–ရပ်သောအခါ၌ လည်းကောင်း၊ ဂမနေ စာပိ–သွားသောအခါ၌ လည်းကောင်း၊ သဗ္ဗဒါ–ခပ်သိမ်းသော အခါ၌၊ ဝန္ဒာမိ– ရှိခိုးပါ၏။

၁၆။ သန္တိကာရာ– ငြိမ်းချမ်းခြင်းကိုပြုတတ်ကုန်သော၊ ဗုဒ္ဓါ– မြတ်စွာဘုရားတို့သည်၊ သဒါ–အခါခပ်သိမ်း၊ သုခေန–ချမ်းသာသဖြင့်၊ တုဝံ သင့်ကို၊ ရက္ခန္တု– စောင့်ရှောက်တော်မူစေကုန်သတည်း၊ တေဟိ–ထိုမြတ်စွာဘုရားတို့သည်၊ ရက္ခိတော– စောင့်ရှောက်တော်မူအပ်သည်ဖြစ်၍၊ ဝါ–စောင့်အပ်သော၊ တွံ–သင်သည်၊ သန္တော စ– ငြိမ်းချမ်းသည်လည်း၊ ဘဝ– ဖြစ်စေသတည်း၊ သဗ္ဗဘယေဟိ– ခပ်သိမ်းသောဘေးတို့မှ၊ မုတ္တော စ– လွတ်သည်လည်း၊ ဘဝ– ဖြစ်စေသတည်း။

၁၇။ တုဝံ–သင်သည်၊ သဗ္ဗရောဂါ– ခပ်သိမ်းသော အနာရောဂါမှ၊ ဝိနိမုတ္တော စ– ကင်းလွတ်သည်လည်းကောင်း၊ သဗ္ဗသန္တာပ ဝဇ္ဇိတော စ–ခပ်သိမ်းသော ပူပန်ခြင်းမှ ကင်းလွတ်သည်လည်းကောင်း၊ သဗ္ဗဝေရံ– ခပ်သိမ်းသော အတွင်း,အပဘေးရန်ကို၊ အတိက္ကန္တော စ– လွန်မြောက်သည်လည်းကောင်း၊ နိဗ္ဗုတော– ကိုယ်,စိတ် ချမ်းသာခြင်းသည်လည်းကောင်း၊ ဘဝ– ဖြစ်စေသတည်း။

၃၀– ကြိမ်မြောက်၊

www.dhammadownload.com

၁၈။ ဟေသံ- ထိုမြတ်စွာဘုရားတို့၏၊ သစ္စေန စ- သစ္စာအာနုဘော်ကြောင့်လည်းကောင်း၊ သီလေန စ-သီလအာနုဘော်ကြောင့် လည်းကောင်း၊ ခန္တိမေတ္တာ ဗလေန စ- ခန္တိမေတ္တာအာနုဘော်ကြောင့် လည်းကောင်း၊ တေပိ-ကို မြတ်စွာဘုရားတို့သည်လည်း၊ အမှေ-ငါတို့ကို၊ အရောဂေန စ- အနာမရှိသဖြင့် လည်းကောင်း၊ သုခေန စ- ချမ်းသာသဖြင့် လည်းကောင်း၊ အနုရက္ခန္တု-အစဉ်စောင့်ရှောက်တော် မူစေကုန်သတည်း။

၁၉။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ- အရှေ့မျက်နှာ အရပ်အဖို့၌၊ မဟိဒ္ဓိကာ-ကြီးသောတန်ခိုးရှိကုန်သော၊ ဘူတာ- ဂန္ဓဗ္ဗ နတ်တို့သည်၊ သန္တိ-ရှိကုန်၏၊ တေပိ-ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း၊ အမှေ-ငါတို့ကို၊ အရောဂေန စ- အနာမရှိသဖြင့် လည်းကောင်း၊ သုခေန စ-ချမ်းသာသဖြင့် လည်းကောင်း၊ အနုရက္ခန္တု- အစဉ်စောင့်ရှောက်စေကုန်သတည်း။

၂၀။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ-တောင်မျက်နှာအရပ်အဖို့၌၊ မဟိဒ္ဓိကာ- ကြီးသောတန်ခိုးရှိကုန်သော၊ ဒေဝါ- ကုမ္ဘဏ်နတ်တို့သည်၊ သန္တိ-ရှိကုန်၏၊ တေပိ- ထို ကုမ္ဘဏ်နတ်တို့ သည်လည်း၊ ကမှေ-ငါတို့ကို၊ အရောဂေန စ-အနာမရှိသဖြင့် လည်းကောင်း၊ သုခေန စ-ချမ်းသာသဖြင့် လည်းကောင်း၊ အနုရက္ခန္တု- အစဉ်စောင့်ရှောက်စေကုန်သတည်း။

၂၁။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ-အနောက်မျက်နှာအရပ်အဖို့၌၊ မဟိဒ္ဓိကာ-ကြီးသောတန်ခိုးရှိကုန်သော၊ နာဂါ- နဂါးတို့သည်၊ သန္တိ-ရှိကုန်၏၊ တေပိ-ထိုနဂါးတို့သည်လည်း၊ အမှေ- ငါတို့ကို၊

အရောဂေန စ- အနာ မရှိသဖြင့် လည်းကောင်း၊ သုခေန စ- ချမ်းသာသဖြင့်လည်းကောင်း၊ အနုရက္ခန္တု-အစဉ်စောင့်ရှောက် စေကုန်သတည်း။

၂၂။ ဥတ္တရသ္မိံ ဒိသာဘာဂေ- မြောက်မျက်နှာအရပ်အဖို့၌၊ မဟိဒ္ဓိကာ-ကြီးသောတန်ခိုးရှိကုန်သော၊ ယက္ခာ-ဘီလူးတို့သည်၊ သန္တိ-ရှိကုန်၏၊ တေပိ-ထိုဘီလူးတို့သည်လည်း၊ အမှေ-ငါတို့ကို၊ အရောဂေန စ- အနာမရှိသဖြင့် လည်းကောင်း၊ သုခေန စ- ချမ်းသာသဖြင့်လည်းကောင်း၊ အနုရက္ခန္တု-အစဉ် စောင့်ရှောက် စေကုန်သတည်း။

၂၃။ ပုရတ္ထိမေန- မြင်းမိုရ်တောင်မှ အရှေ့မျက်နှာ အရပ်၌၊ ဓတရဋ္ဌော-ဓတရဋ္ဌ နတ်မင်းသည်၊ ဝသတိ-နေ၏၊ ဒက္ခိဏေန- မြင်းမိုရ်တောင်မှ တောင်မျက်နှာ၌၊ ဝိရူဠှကော-ဝိရူဠှက နတ်မင်းသည်၊ ဝသတိ-နေ၏၊ ပစ္ဆိမေန- မြင်းမိုရ်တောင်မှ အနောက်မျက်နှာ၌၊ ဝိရူပက္ခော- ဝိရူပက္ခ နတ်မင်းသည်၊ ဝသတိ-နေ၏၊ ဥတ္တရံဒိသံ- မြင်းမိုရ်တောင်မှ မြောက်မျက်နှာ၌၊ ကုဝေရော- ကုဝေရနတ်မင်းသည်၊ ဝသတိ-နေ၏။

၂၄။ စတ္တာရော-လေးယောက်ကုန်သော၊ တေ မဟာရာဇာ- ထို စတုမဟာရာဇ်နတ်မင်းကြီးတို့သည်၊ လောကပါလာ-လူတို့ကို စောင့်တတ်ကုန်၏၊ ယသဿိနော-များသောအခြံအရံရှိကုန်၏၊ တေပိ မဟာရာဇာ-ထို စတုမဟာရာဇ်နတ်မင်းကြီးတို့သည်လည်း၊

www.dhammadownload.com

အမှေ–ငါတို့ကို၊ အရောဂေန စ– အနာမရှိသဖြင့်လည်းကောင်း၊ သုခေန စ– ချမ်းသာသဖြင့်လည်းကောင်း၊ အနုရက္ခန္တု– အစဉ်စောင့်ရှောက်စေကုန်သတည်း။

၂၅။ မဟိဒ္ဓိကာ– ကြီးသော တန်ခိုးရှိကုန်သော၊ အာကာသဋ္ဌာ စ–ကောင်းကင်၌လည်း တည်ကုန်သော၊ ဘူမဋ္ဌာ စ–မြေ၌လည်း တည်ကုန်သော၊ ဒေဝါ စ– နတ်တို့ သည်လည်းကောင်း၊ နာဂါ စ–နဂါးတို့သည်လည်းကောင်း၊ သန္တိ–ရှိကုန်၏၊ တေပိ–ထိုနတ်နဂါးတို့သည်လည်း၊ အမှေ–ငါတို့ကို၊ အရောဂေန စ–အနာမရှိသဖြင့် လည်းကောင်း၊ သုခေန စ– ချမ်းသာသဖြင့် လည်းကောင်း၊ အနုရက္ခန္တု–အစဉ်စောင့်ရှောက်စေကုန်သတည်း။

၂၆။ ဣမ သာသနေ–ဤသာသနာတော်၌၊ ဝသန္တာ–နေကုန်သော၊ ဣဒ္ဓိမန္တော–ကြီးသောတန်ခိုးရှိကုန်သော၊ ယေ ဒေဝါ စ– အကြင်နတ်တို့သည်လည်း၊ သန္တိ– ရှိကုန်၏၊ တေပိ ဒေဝါ– ထိုနတ်တို့သည်လည်း၊ အမှေ–ငါတို့ကို၊ အရောဂေန စ– အနာမရှိသဖြင့် လည်းကောင်း၊ သုခေန စ–ချမ်းသာသဖြင့်လည်းကောင်း၊ အနုရက္ခန္တု–အစဉ်စောင့်ရှောက်စေကုန်သတည်း။

၂၇။ သဗ္ဗီတိယော– ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်၊ ဝိဝဇ္ဇန္တု– ဖဲကြဉ်စေကုန်သတည်း၊ သောကော စ– စိုးရိမ်ခြင်းသည်လည်းကောင်း၊ ရောဂေါ စ– အနာ သည်လည်းကောင်း၊ ဝိနဿတု-မပျောက်စေသတည်း၊ ဝေါ–သင့်အား၊ အန္တရာယာ– အန္တရာယ်တို့သည်၊ မာဘဝန္တု–မဖြစ်စေကုန်သတည်း၊ သုခီ စ–

၃၀ –ကြိမ်မြောက်၊

ချမ်းသာသော ကိုယ်,စိတ် ရှိသည်လည်းကောင်း၊ ဒီဃာယုကော စ- ရှည်သောအသက် ရှိသည်လည်းကောင်း၊ ဘဝ- ဖြစ်စေသတည်း။

၂၈။ နိစ္စံ- အမြဲ၊ ဝုဍ္ဎာပစာယိနော- အသက်ကြီးသောသူ, ဂုဏ်ကြီးသောသူတို့ကို အရိုအသေ ပြုလေ့ရှိသော၊ အဘိဝါဒနသီလိဿ-ရှိခိုးခြင်းအလေ့ရှိသောသူအား၊ အာယုံ စ-အသက်ရှည်ခြင်း လည်းကောင်း၊ ဝဏ္ဏော စ-အဆင်းလှခြင်းလည်းကောင်း၊ သုခဉ္စ- ချမ်းသာကြီးခြင်း လည်းကောင်း၊ ဗလဉ္စ- ကိုယ်အား, ဉာဏ်အား ကြီးခြင်းလည်းကောင်း၊ ဣတိ-ဤသို့၊ စတ္တာရော- လေးပါးကုန်သော၊ ဓမ္မာ-ကောင်းသော အကျိုးတရားတို့သည်၊ ဝဍ္ဎန္တိ-ပွားကုန်၏။

အာဠာနာဋိယသုတ္တံ-အာဠာနာဋိယသုတ်ပရိတ်တော်သည်၊
နိဋ္ဌိတံ-ပြီးပြီ။

၉-အင်္ဂုလိမာလသုတ်အနက်
နိဒါန်း

က-ခ။ ယံ ပရိတ္တံ- အကြင် အင်္ဂုလိမာလ ပရိတ်တော်ကို၊ ဘာဏန္တဿ- ရွတ် သော သူ၏၊ နိသိန္နဋ္ဌာန ဓောဝနံ- နေရာအင်းပျဉ်ကို ဆေးသော၊ ဥဒကမ္ပိ-ရေသည်လည်း၊ သဗ္ဗမေဝ- အလုံးစုံသာလျှင်ဖြစ်သော၊ ပရိဿယံ-ဘေးရန်ကို၊ ဝိနာသေတိ- ပျောက်စေတတ်၏၊ ယံ ပရိတ္တံ-အကြင်ပရိတ်တော်သည်၊ဓာန်ဆော-

www.dhammadownload.com

ထိုခဏ၌၊ သောတ္ထိနာ-ချမ်းသာသဖြင့်၊ ဂဗ္ဘဝုဋ္ဌာနဥ္စ-ကိုယ်ဝန်မှ ထခြင်းကိုလည်း၊ သာခေတိ ပြီးစေတတ်၏၊ အင်္ဂုလိမာလဿ- အင်္ဂုလိမာလ အမည်ရှိသော၊ ထေရဿ-မထေရ်အား၊ လောက နာထေန- မြတ်စွာဘုရားသည်၊ ဘာသိတံ- ဟောတော်မူအပ်သော၊ ကပ္ပဋ္ဌာယိံ-တကမ္ဘာပတ်လုံးတည်ထသော၊ မဟာတေဇံ- ကြီးသောအာနုဘော် ရှိထသော၊ တံ ပရိတ္တံ- ထို အင်္ဂုလိမာလ ပရိတ်တော်ကို၊ ဟေ- အို သူတော်ကောင်းတို့၊ မယံ-ငါတို့သည်၊ ဘဏာမ-ရွတ်ကြကုန်အံ့။

ဂ။ ဘဂိနိ-နှမ၊ အဟံ-ငါသည်၊ ယတော- အကြင်အခါမှ၊ ပဋ္ဌာယ-စ၍၊ အရိယာယ-မြတ်သော၊ဇာတိယာ-ဇာတ်အားဖြင့်၊ ဇာတော-ဖြစ်၏၊ တတော-ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ သဉ္စိစ္စ- သေစေလိုသော စေတနာဖြင့် အားထုတ်၍၊ ပါဏံ-သတ္တဝါကို၊ ဇီဝိတာ-ဇီဝိတိန္ဒြေမှ၊ ဝေါရောပေတာ- ချဘူးသည်ဟူ၍၊ နာဘိ ဇာနာမိ-ငါမသိ၊ တေန သစ္စေန- ထိုသို့ မှန်သော သစ္စာစကား ကြောင့်၊တေ သင့်အား၊ သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု- ဖြစ်စေသတည်း၊ ဂဗ္ဘဿ- ဝမ်း၌တည်သော သူငယ်အားလည်း၊ သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ-အင်္ဂုလိမာလသုတ် ပရိတ်တော်သည်၊
နိဋ္ဌိတံ--ပြီးပြီ။

၁၀-ဗောဇ္ဈင်္ဂသုတ်အနက် နိဒါန်း

က-ခ-ဂ။ သံသာရေ-သံသရာ၌၊ သံသရန္တာနံ- ကျင်လည်ကုန်သော သတ္တဝါတို့၏၊ သဗ္ဗဒုက္ခဝိနာသနေ- အလုံးစုံသောဆင်းရဲကို ဖျက်ဆီးတတ်ကုန်သော၊ မာရသေနာပမဒ္ဒနေ- မာရ်စစ်သည်ကို ဖျက်ဆီးတတ်ကုန်သော၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်ေ- ဗောဇ္ဈင်္ဂ အမည်ရှိကုန်သော၊ ယေ ဓမ္မေ-အကြင်တရားတို့ကို၊ ဗုဇ္ဈိတွာ- သိကုန်သောကြောင့်၊ ဥတ္တမာ- မြတ်ကုန်သော၊ ဣမေသတ္တာ-ဤသတ္တဝါတို့သည်၊ တိဘဝါ-ဘဝသုံးပါးမှ၊ မုတ္တကာ-လွတ်ကုန်သည်ဖြစ်၍၊ အဇာတိံ- ပဋိသန္ဓေ နေခြင်းမရှိသော၊ အဇရံ- အိုခြင်းမရှိသော၊ အဗျာဓိံ- ဖျားနာခြင်းမရှိသော၊ အမတံ- သေခြင်းကင်းသော၊ နိဗ္ဘယံ- ဘေးမရှိသော နိဗ္ဗာန်သို့၊ ဂတာ-ရောက်ကုန်၏၊ ဧဝမာဒိ ဂုဏူပေတံ-ဤသို့ အစရှိသော ဂုဏ်တို့နှင့်ပြည့်စုံသော၊ အနေက ဂုဏသင်္ဂဟံ-တပါးမက များလှစွာသော ဂုဏ်အပေါင်းတို့ဖြင့် ရေတွက်အပ်သော၊ ဩသဓဉ္စ- ဆေးသဖွယ်လည်း ဖြစ်ထသော၊ မန္တဉ္စ- မြတ်သော မန္တန်သဖွယ်လည်းဖြစ်ထသော၊ ဣမံ ဗောဇ္ဈင်္ဂံ-ဤဗောဇ္ဈင်သုတ်ပရိတ်တော်ကို၊ ဟော-အို သူတော်ကောင်းတို့၊ မယံ-ငါတို့သည်၊ ဘဏာမ-ရွတ်ကြကုန်အံ့။

၁-၂-၃။ သတိသမ္ဗောဇ္ဈင်္ဂေါ- သတိဟု ဆိုအပ်သော၊ ဗောဇ္ဈင်္ဂေါ စ- ဗောဇ္ဈင်လည်းကောင်း၊ ဓမ္မာနံ ဝိစယော စ-

www.dhammadownload.com

သစ္စာလေးပါး တရားတို့ကို အနိစ္စ အစရှိသော အခြင်းအရာဖြင့် ဆင်ခြင်တတ်သော ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း၊ တထာ-ထိုမှတပါး ဝီရိယံ-ဝီရိယသမ္ဗောဇ္ဈင်လည်းကောင်း၊ ပီတိပဿဒ္ဓိဗောဇ္ဈင်္ဂါ-ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်တို့ လည်းကောင်း၊ တထာပရေ-ထိုမှတပါးကုန်သော၊ သမာဓုပေက္ခာဗောဇ္ဈင်္ဂါ စ-သမာဓိသမ္ဗောဇ္ဈင်,ဥပေက္ခာသမ္ဗောဇ္ဈင်တို့လည်းကောင်း၊ ဣတိ-ဤသို့၊ သတ္တ-ခုနစ်ပါးကုန်သော၊ သဗ္ဗဒဿိနာ-အလုံးစုံသော တရားကို ဆင်ခြင်တော်မူပြီးသော၊ မုနိနာ-မြတ်စွာဘုရားသည်၊ သမ္မာ-ကောင်းစွာ၊ အက္ခာတာ-ဟောတော်မူအပ်ကုန်သော၊ ဧတေ-ထိုဗောဇ္ဈင်တရားတို့သည်၊ဘာဝိတာ-ပွားစေအပ်ကုန်သည် ရှိသော်၊ ဗဟုလီကတာ- အကြိမ်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော်၊ အဘိညာယ စ-ထူးသောဉာဏ်ဖြင့် သိခြင်းငှာ လည်းကောင်း၊ နိဗ္ဗာနာယ စ- နိဗ္ဗာန်အကျိုးငှာ လည်းကောင်း၊ ဗောဓိယာ စ- မဂ်ဉာဏ်, ဖိုလ်ဉာဏ် အကျိုးငှာ လည်းကောင်း၊ သံဝတ္တန္တိ- ဖြစ်ကုန်၏၊ ဧတေန သစ္စဝဇ္ဇေန- ဤ သစ္စာစကားကြောင့်၊ တေ-သင့်အား၊ သဗ္ဗဒါ-အခါခါပ်သိမ်း၊ သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၄-၅။ ဧကသ္မိံ သမယေ-တပါးသောအခါ၌၊ နာထော-မြတ်စွာဘုရားသည်၊ မောဂ္ဂလ္လာနဉ္စ-မောဂ္ဂလ္လာန်မထေရ်ကို လည်းကောင်း၊ ကဿပဉ္စ-ကဿပမထေရ်ကိုလည်းကောင်း၊ ဂိလာနေ-နာကုန်သော၊ ဒုက္ခိတေ-ဆင်းရဲကုန်သော၊ တေ-ထိုမထေရ်တို့ကို၊ ဒိသွာ-မြင်၍၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂေ-ဗောဇ္ဈင်

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

တို့ကို၊ အဒေသယိ-ဟောတော်မူပြီ၊ တေ စ- ထိုမထေရ်တို့ သည်လည်း၊ တံ-ထိုတရားတော်ကို၊ အဘိနန္ဒိတွာ- အလွန် နှစ်သက်ကုန်၍၊တခ်ဏေ-ထိုခဏ၌၊ ရောဂါ-အနာမှ မုစ္စိံသု-လွတ်ကုန်ပြီ၊ တေန သစ္စဝစ္စေန- ဤသစ္စာစကားကြောင့်၊ တေ-သင့်အား၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၆-၇။ ကေဒါ-တပါးသောအခါ၌၊ ဓမ္မရာဇာပိ-တရားမင်းဘုရားသည်လည်း၊ ဂေလညေန-အနာသည်၊ အဘိပိဠိတော-အ လွန် နှိပ် စက် အပ် သည် ဖြစ် ၍၊ စုန္ဒတ္ထေရန်- စုန္ဒထေရ်ကို၊ တံ ယေဝ-ထိုဗောဇ္ဈင်တရား ခုနစ်ပါးကိုပင်လျှင်၊ သာဒရံ-ရိုသေခြင်းနှင့်တကွ၊ဘဏာပေတွာန-ဟောစေလတ်၍၊ သမ္မောဒိတွာန-နှစ်လိုတော်မူ၍၊ဌာနသော-ဟောသောခဏ၌၊တမှာ အာဗာဓာ-ထိုအနာမှ၊ ဝုဋ္ဌာသိ-ထတော်မူ၏၊ တေန သစ္စဝစ္စေန- ဤသစ္စာစကားကြောင့်၊သဗ္ဗဒါ-အခါခပ်သိမ်း၊ တေ-သင့်အား၊သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၈။ တိဏ္ဏန္နမ္ပိ- သုံးပါးလည်း ဖြစ်ကုန်သော၊ မဟေသိနံ-သီလက္ခန္ဓ စသည်ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ကျက်ပြီးကုန်သော အရှင်မြတ် တို့အား၊ ပဟီနာ- ဗောဇ္ဈင်တရား ခုနစ်ပါး၏ အာနုဘော်ဖြင့် ပယ်အပ်ကုန်ပြီးသော၊ တေ စ အာဗာဓာ-ထိုအနာတို့သည်လည်း၊ မဂ္ဂါဟတာ-မဂ်ဖြင့် ပယ်အပ်ကုန်သော၊ ကိလေသာဝ- ကိလေသာတို့ကဲ့သို့၊ အနုပ္ပတ္တိဓမ္မတံ-

www.dhammadownload.com

တဖန မဖြစ်ပြန်ခြင်းသဘော ရှိသည်၏အဖြစ်သို့၊ ပတ္တာ- ရောက်ကုန်ပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသစ္စာစကားကြောင့်၊ တေ- သင့်အား၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

ပေါဠိဂ်သုတ္တံ-ပေါဠင်သုတ်ပရိတ်တော်သည်၊
နိဋ္ဌိတံ-ပြီးပြီ။

၁၁-ပုဗ္ဗဏှာသုတ် အနက်

၁။ ယံ ဒုန္နိမိတ္တဥ္စ-အကြင်ဥက္ကာကျခြင်း,လကြတ်ခြင်းစသော မကောင်းသော နိမိတ် သည်လည်းကောင်း၊ ယံ အဝမင်္ဂလဥ္စ- အကြင် အမြင်, အကြား, အတွေ့ အားဖြင့် မင်္ဂလာမရှိခြင်း သည်လည်းကောင်း၊ သကုဏဿ-ငှက်၏၊ အမနာပေါ- နှလုံးကို မပွားစေတတ်သော၊ ယော သဒ္ဒေါ စ-အကြင် အသံသည်လည်း ကောင်း၊ ယော ပါပဂ္ဂဟော စ-အကြင် တနင်္ဂနွေ, အင်္ဂါ, စနေ, ရာဟု တည်းဟူသော ပါပဂြိုဟ် သည်လည်းကောင်း၊ အကန္တ- နှစ်သက်ဖွယ်မရှိသော၊ ယံ ဒုဿုပိနဥ္စ- အကြင် ကြောက်မက်ဖွယ် ထင်သော မကောင်းသော အိပ်မက်သည်လည်းကောင်း၊ သန္တိ- ရှိကုန်၏၊ တေ ဒုန္နိမိတ္တာဒယော- ထို မကောင်းသော နိမိတ် အစရှိသည်တို့သည်၊ ဗုဒ္ဓါ နုဘာဝေန- ဘုရားရှင်တို့၏ ဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ ဝိနာသံ- ဝေးစွာစင်ကင်း လွင့်ပျောက်ခြင်းသို့၊ ဧန္တု- ရောက်စေကုန် သတည်း။

www.dhammadownload.com

၂။ ယံ ဒုန္နိမိတ္တဥ္စ-အကြင်ဥက္ကာကျခြင်း,လကြတ်ခြင်းစသော မကောင်းသော နိမိတ် သည့်လည်းကောင်း၊ ယံ အဝမင်္ဂလဥ္စ-အကြင် အမြင်. အကြား, အတွေ့ အားဖြင့် မင်္ဂလာ မရှိခြင်း သည်လည်းကောင်း၊ သကုဏဿ-ငှက်၏၊ အမနာပေ-နှလုံးကို မပွားစေတတ်သော၊ ယော သဒ္ဒေါ စ-အကြင် အသံသည်လည်း ကောင်း၊ ယော ပါပဂ္ဂဟော စ- အကြင် တနင်္ဂနွေ,အင်္ဂါ,စနေ, ရာဟု တည်းဟူသော ပါပဂြိုဟ် သည်လည်းကောင်း၊ အကန္တ- နှစ်သက်ဖွယ်မရှိသော၊ ယံ ဒုဿုပိနဥ္စ-အကြင် ကြောက်မက်ဖွယ် ထင်သော မကောင်းသော အိပ်မက် သည်လည်းကောင်း၊ သန္တိ- ရှိကုန်၏၊ တေ ဒုန္နိမိတ္တာဒယော-ထိုမကောင်းသောနိမိတ် အစရှိ သည့်တို့သည်၊ ဓမ္မာနုဘာဝေန- ဆယ်ပါးသော တရားတော်၏ ဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ ဝိနာသံ-ဝေးစွာစင်ကင်း လွင့်ပျောက်ခြင်းသို့၊ ဧန္တု- ရောက်စေ ကုန်သတည်း။

၃။ ယံ ဒုန္နိမိတ္တဥ္စ-အကြင်ဥက္ကာကျခြင်း,လကြတ်ခြင်းစသော မကောင်းသော နိမိတ် သည်လည်းကောင်း၊ ယံ အဝမင်္ဂလဥ္စ- အကြင် အမြင်, အကြား, အတွေ့ အားဖြင့် မင်္ဂလာ မရှိခြင်း သည်လည်းကောင်း၊ သကုဏဿ-ငှက်၏၊ အမနာပေ-နှလုံးကို မပွားစေတတ်သော၊ ယော သဒ္ဒေါစ-အကြင် အသံသည်လည်း ကောင်း၊ ယော ပါပဂ္ဂဟော စ- အကြင် တနင်္ဂနွေ,အင်္ဂါ,စနေ, ရာဟု တည်းဟူသော ပါပဂြိုဟ် သည်လည်းကောင်း၊ အကန္တ- နှစ်သက်ဖွယ်မရှိသော၊ ယံ ဒုဿုပိနဥ္စ-အကြင် ကြောက်မက်ဖွယ်

www.dhammadownload.com

ထင်သော မကောင်းသော အိပ်မက်သည်လည်းကောင်း၊ သန္တိ-ရှိကုန်၏၊ တေ ဒုန္နိမိတ္တာဒယော-ထိုမကောင်းသောနိမိတ် အစရှိသည် တို့သည်၊ သံဃာနုဘာဝေန- သံဃာတော်၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ ဝိနာသံ-ဝေးစွာ စင်ကင်း လွင့်ပျောက်ခြင်းသို့၊ ဧန္တု-ရောက်စေကုန်သတည်း။

၄။ ဒုက္ခပ္ပတ္တာ-ကိုယ်စိတ်၏ဆင်းရဲခြင်းသို့ ရောက်ကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော- သတ္တဝါတို့သည်၊ နိဒ္ဒုက္ခာ စ-ဆင်းရဲကင်းကုန်သည်လည်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊ ဘယပ္ပတ္တာ-ဘေးဥပဒ်နှိပ်စက်ခြင်းသို့ ရောက်ကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ပါဏိနော-သတ္တဝါတို့သည်၊ နိဗ္ဘယာ စ ဘေးဥပဒ်ကင်းကုန်သည်လည်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊ သောကပ္ပတ္တာ- ဆွေမျိုး ပျက်စီးခြင်း စသည်ဖြင့် စိုးရိမ်ခြင်းသို့ရောက်ကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော- သတ္တဝါတို့သည်၊ နိသ္သောကာ စ-စိုးရိမ်ခြင်း ကင်းကုန်သည်လည်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း။

၅။ ဧတ္တာဝတာ စ-ဤမျှ အတိုင်းအရှည်ရှိသော သဒ္ဒါအစဉ်အနက်အစဉ်ဖြင့်လျှင်၊ အမှေဟိ-ငါတို့သည်၊ သမ္ဘတံ-ဆည်းပူးအပ်သော၊ ပုညသမ္ပဒံ- ကောင်းမှု၏ ပြည့်စုံခြင်းကို၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဒေဝါ-နတ်တို့သည်၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ-ခပ်သိမ်းကုန်သော လောကီ,လောကုတ္တရာ စည်းစိမ်၏ ပြီးခြင်းအကျိုးငှာ၊ အနုမောဒန္တု-ဝမ်းမြောက်ကြစေကုန်သတည်း။

၃၀-ကြိမ်မြောက်၊

၆။ သဒ္ဒါယ–ကံ,ကံ၏အကျိုးကို ယုံကြည်သဖြင့်၊ ဒါန်-ဆွမ်း စသော ဒါနဝတ္ထုကို၊ ဒဒန္တု–ပေးလှူစေကုန်သတည်း၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ သီလံ-ပဉ္စသီလ စသည်ကို၊ ရက္ခန္တု– စောင့်စေကုန်သတည်း၊ ဘာဝနာဘိရတာ– ကမ္မဋ္ဌာန်းဘာဝနာ၌ လွန်စွာမွေ့လျော်ကုန်သည်၊ ဟောန္တု–ဖြစ်စေကုန်သတည်း၊ အာဂတာ–ပရိတ်တော်ကို နာအံ့သောငှာ လာကုန်သော၊ ဒေဝတာ–နတ်သည်၊ ဂစ္ဆန္တု–ပြန်သွားကြကုန်လော့။

၇။ ဗလပ္ပတ္တာ–ကိုယ်တော်အားဆယ်ပါး, ဉာဏ်တော်အားဆယ်ပါးသို့ ရောက်တော်မူကုန်သော၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဗုဒ္ဓါ စ–မြတ်စွာဘုရားတို့၏လည်းကောင်း၊ ပစ္စေကာနဉ္စ–ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း၊ ယံ ဗလံ– အကြင် အာနုဘော်သည်၊ အတ္ထိ–ရှိ၏၊ တေန ဗလေန စ-ထို တန်ခိုးတေဇော် အာနုဘော်အားဖြင့်လည်းကောင်း၊ အရဟန္တာနံ–ရဟန္တာတို့၏၊ တေဇေန စ–တန်ခိုးတေဇော် အာနုဘော်တော် အားဖြင့် လည်းကောင်း၊ သဗ္ဗသော–ခပ်သိမ်းသော အရပ်ဆယ်မျက်နှာမှ၊ ရက္ခံ– အစောင့်အရှောက်ကို၊ အဟံ- အကျွန်ုပ်သည်၊ ဗန္ဓာမိ–ဖွဲ့၏။

၈။ ဣဓ ဝါ–ဤလူ့ပြည်၌လည်းကောင်း၊ ဟုရံ ဝါ–နဂါးပြည်, ဂဠုန်ပြည်တို့၌ လည်းကောင်း၊ သဂ္ဂေသု ဝါ–နတ်ပြည်တို့၌ လည်းကောင်း၊ ယံ ကိဉ္စိ–အလုံးစုံသော၊ ဝိတ္တံ– နှစ်သက်ခြင်းကို ဖြစ်စေတတ်သော၊ ပဏီတံ–မွန်မြတ်သော၊ ယံ ရတနံ– အကြင် ရတနာသည်၊ အတ္ထိ–ရှိ၏၊ တထာဂတေန– မြတ်စွာဘုရားနှင့်၊

www.dhammadownload.com

သမံ-တူသော၊ နံ-ထိုရတနာသည်၊ နော အတ္ထိ-မရှိ၊ ဗုဒ္ဓေ-မြတ်စွာဘုရား၏၊ ဣဒမ္ပိ ရတနံ-ဤရတနာ၏ အဖြစ်သည်လည်း၊ ပဏီတံ-မြတ်၏၊ ဧတေန သစ္စေန-ဤ သစ္စာစကားကြောင့်၊ ပါဏီနံ-သတ္တဝါတို့အား၊ သုဝတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၉။ ဣဓ ဝါ-ဤလူ့ပြည်၌လည်းကောင်း၊ ဟုရံ ဝါ-နဂါးပြည်, ဂဠုန်ပြည်တို့၌လည်းကောင်း၊ သဂ္ဂေသု ဝါ-နတ်ပြည်တို့၌လည်းကောင်း၊ ယံ ကိဉ္စိ-အလုံးစုံသော၊ ဝိတ္တံ-နှစ်သက်ခြင်းကို ဖြစ်စေတတ်သော၊ ပဏီတံ-မွန်မြတ်သော၊ ယံ ရတနံ-အကြင် ရတနာသည်၊ အတ္ထိ-ရှိ၏၊ တထာဂတေန-မြတ်စွာဘုရား တရားတော်နှင့်၊ သမံ-တူသော၊ နံ-ထိုရတနာသည်၊ နော အတ္ထိ-မရှိ၊ ဓမ္မေ-တရားတော်၏၊ ဣဒမ္ပိရတနံ-ဤရတနာ၏အဖြစ်သည်လည်း၊ ပဏီတံ-မြတ်၏၊ ဧတေန သစ္စေန-ဤ သစ္စာစကားကြောင့်၊ ပါဏီနံ-သတ္တဝါတို့အား၊ သုဝတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၁၀။ ဣဓ ဝါ-ဤလူ့ပြည်၌လည်းကောင်း၊ ဟုရံ ဝါ-နဂါးပြည်, ဂဠုန်ပြည်တို့၌လည်းကောင်း၊ သဂ္ဂေသု ဝါ-နတ်ပြည်တို့၌လည်းကောင်း၊ ယံ ကိဉ္စိ-အလုံးစုံသော၊ ဝိတ္တံ-နှစ်သက်ခြင်းကို ဖြစ်စေတတ်သော၊ ပဏီတံ-မွန်မြတ်သော၊ ယံ ရတနံ-အကြင် ရတနာသည်၊ အတ္ထိ-ရှိ၏၊ တထာဂတေန-မြတ်စွာဘုရား တပည့်သား သံဃာတော်နှင့်၊ သမံ-တူသော၊ နံ-ထိုရတနာသည်၊ နော အတ္ထိ-မရှိ၊ သံဃေ-သံဃာတော်၏၊ ဣဒမ္ပိ ရတနံ-ဤရတနာ၏

www.dhammadownload.com

အဖြစ်သည်လည်း၊ ပဏီတံ-မြတ်၏၊ ဒေသနံ သစ္စေန-ဤသစ္စာစကားကြောင့်၊ ပါဏီနံ- သတ္တဝါတို့အား၊ သုဝတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၁၁။ သဗ္ဗမင်္ဂလံ-ခပ်သိမ်းသော ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွား များခြင်း၏အကြောင်း ကောင်းမြတ်သောမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း၊ သဗ္ဗဒေဝတာ- ခပ်သိမ်းသော နတ်တို့သည်၊ ရက္ခန္တု-စောင့်စေကုန်သတည်း၊ သဗ္ဗဗုဒ္ဓါနုဘာဝေန-ခပ်သိမ်းသော ဘုရားရှင်တို့၏ဂုဏ်ကို အာရုံပြု၍ ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ တေ- ထိုသတ္တဝါတို့သည်၊ သဒါ-အခါခပ်သိမ်း၊ သုခီ-ကိုယ်စိတ်၏ချမ်းသာခြင်းရှိကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။

၁၂။ သဗ္ဗမင်္ဂလံ- ခပ်သိမ်းသော ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွား များခြင်း၏အကြောင်း ကောင်းမြတ်သောမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း၊ သဗ္ဗဒေဝတာ- ခပ်သိမ်းသော နတ်တို့သည်၊ ရက္ခန္တု-စောင့်စေကုန်သတည်း၊ သဗ္ဗဓမ္မာနုဘာဝေန-ခပ်သိမ်းသော တရားတော်တို့၏ဂုဏ်ကို အာရုံပြု၍ ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ တေ-ထိုသတ္တဝါတို့သည်၊ သဒါ-အခါခပ်သိမ်း၊ သုခီ-ကိုယ်စိတ်၏ ချမ်းသာခြင်း ရှိကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။

၁၃။ သဗ္ဗမင်္ဂလံ- ခပ်သိမ်းသော ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွား များခြင်း၏အကြောင်း ကောင်းမြတ်သောမင်္ဂလာသည်၊

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

ဘာဝတု-ဖြစ်စေသတည်း၊ သဗ္ဗဒေဝတာ- ခပ်သိမ်းသော နတ်တို့သည်၊ ရက္ခန္တု-စောင့်စေကုန်သတည်း၊ သဗ္ဗသံဃာနုဘာဝေန- ခပ်သိမ်းသော သံဃာတော်၏ဂုဏ်ကို အာရုံပြု၍ ဖြစ်သော စေတနာ၏အာနုဘော်ကြောင့်၊ တေ-ထိုသတ္တဝါတို့သည်၊ သဒါ- အခါခပ်သိမ်း၊ သုခီ- ကိုယ်စိတ်၏ ချမ်းသာခြင်း ရှိကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။

၁၄။ မဟာကာရုဏိကော- ကြီးမြတ်သောကရုဏာ ရှိတော်မူသော၊ နာထော- မြတ်စွာဘုရားသည်၊ သဗ္ဗပါဏီနံ- ခပ်သိမ်းသော သတ္တဝါတို့၏၊ ဟိတာယ-အစီးအပွားအကျိုးငှါ၊ သဗ္ဗာ- ခပ်သိမ်းကုန်သော၊ ပါရမီ-ပါရမီတို့ကို၊ ပူရေတွာ-ဖြည့်တော်မူ၍၊ ဥတ္တမံ-မြတ်သော၊ သမ္ဗောဓိံ-အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့၊ ပတ္တော-ရောက်တော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့မှန်သောစကားကို ဆိုခြင်းတည်းဟူသော သစ္စာစကားကြောင့်၊ တေ-သင့်အား၊ သဗ္ဗဒါ- အခါခပ်သိမ်း၊ သောတ္ထိ- ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၁၅။ သကျာနံ- သာကီဝင် မင်းသားတို့၏၊ နန္ဒိဝဍ္ဎနော- နှစ်သက်ခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသည်၊ ဗောဓိယာ-ညောင်ဗုဒ္ဓေဟပင်၏၊ မူလေ-အနီးဖြစ်သော၊ အပရာဇိတ ပလ္လင်တော်၌၊ ဇယန္တော ယထာ- မာရ်ငါးပါးကို အောင်တော်မူသကဲ့သို့၊ ဧဝမေဝ- ဤအတူသာလျှင်၊ ဇယော-

www.dhammadownload.com

အောင်ခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း၊ ဇယ မင်္ဂလေ- ရန်ကိုအောင်ကြောင်း ကောင်းမှုမင်္ဂလာကြောင့်၊ တွံ-သင်သည်၊ ဇယဿု-အောင်စေသတည်း။

၁၆။ သမ္ဗုဒ္ဓါနံ- ခပ်သိမ်းသော ဘုရားသခင်တို့၏၊ အဘိ သေကေ- အဘိသိက် ခံတော်မူရာ ဖြစ်သော၊ ပုထုဝိပုက္ခလေ- မြေအပြင်၌ သန့်ရှင်းစင်ကြယ် တင့်တယ်သော၊ သီသေ-မြေတို့၏ အထွတ်အထိပ်ဖြစ်သော၊ အပရာဇိတပလ္လင်္ကေ-အပရာဇိတ ပလ္လင် တော်၌၊ အဂ္ဂပတ္တော- မြတ်သော ဘုရားအဖြစ်သို့ ရောက်တော် မူသည် ဖြစ်၍၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ ပမောဒတိ- ဝမ်းမြောက်တော်မူ၏၊ ဧဝမေဝ-ဤအတူသာလျှင်၊ အဂ္ဂပတ္တော- မြတ်သောအလိုသို့ရောက်သည်ဖြစ်၍၊တွံ-သင်သည်၊ ပမောဒဿု- ဝမ်းမြောက်စေသတည်း။

၁၇။ သုနက္ခတ္တံ- ကောင်းသောနက္ခတ် သည်လည်းကောင်း၊ သုမင်္ဂလံ-ကောင်းသောမင်္ဂလာသည်လည်းကောင်း၊ သုပ္ပဘာတံ- ကောင်းသော မိုးသောက်ခြင်း သည်လည်းကောင်း၊ သုဟုဋ္ဌိတံ- ကောင်းစွာ ထရခြင်း သည်လည်းကောင်း၊ ဟောတု- ဖြစ်စေ သတည်း၊ သုခဏော- ကောင်းသောခဏ သည်လည်းကောင်း၊ သုမုဟုတ္တော စ- ကောင်းသော မုဟုတ် သည်လည်းကောင်း၊ ဗြဟ္မစာရိသု-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့၌၊ သုယိဋ္ဌံ-ကောင်းစွာပူဇော်ခြင်း သည်လည်းကောင်း၊ ဟောတု- ဖြစ်စေသတည်း။

၁၈။ ပဒက္ခိဏံ-မြတ်သော၊ ကာယကမ္မံ- ကာယကံ သည် သည်းကောင်း၊ ပဒက္ခိဏံ-မြတ်သော၊ ဝါစာကမ္မံ- ဝစီကံ သည် သည်းကောင်း၊ ပဒက္ခိဏံ-မြတ်သော၊ မနောကမ္မံ-မနောကံ သည် သည်းကောင်း၊ ပဒက္ခိဏေ-မြတ်သောကံ၌၊ ပဏိဓိ-ဆောက်တည်ခြင်း သည်လည်းကောင်း၊ တေ-သင့်အား၊ ဟောတု- ဖြစ်ပါစေသတည်း။

၁၉။ ယေ သတ္တာ- အကြင်သတ္တဝါတို့သည်၊ ပဒက္ခိဏာနိ- မြတ်သော ကံတို့ကို၊ ကတွာန-ပြုကုန်၍၊ ပဒက္ခိဏေ- မြတ်ကုန်သော၊ အတ္ထေ-အကျိုးတို့ကို၊ လဘန္တိ-ရကုန်၏၊ တေ သတ္တာ- ထိုသတ္တဝါတို့သည်၊ အတ္ထလဒ္ဓါ- ကောင်းမြတ်သော အကျိုးကို ရကုန်သည်ဖြစ်၍၊ သုခိတာ- ချမ်းသာခြင်းသို့ ရောက်ကုန်သည် ဖြစ်၍၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရားသာသနာတော်၌၊ ဝိရူဠှာ- စည်ပင်ပြန့်ပွား များကုန်သည်ဖြစ်၍၊ သဗ္ဗေဟိ- ခပ်သိမ်းကုန်သော၊ ဉာတိဘိ-ဆွေမျိုးတို့နှင့်၊ သဟ-တကွ၊ အရောဂါ-အနာကင်းကုန်သည်၊ သုခိတာ- ချမ်းသာခြင်းသို့ ရောက်ကုန်သည်၊ ဟောန္တု-ဖြစ်စေကုန်သတည်း။

ပုဗ္ဗဏှသုတ္တံ-ပုဗ္ဗဏှသုတ်ပရိတ်တော်သည်၊
နိဋ္ဌိတံ-ပြီးပြီ။

ပရိတ်ကြီး ပါဠိတော် နိဿယ ပြီး၏။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

စကားကြီးဆယ်ခွန်းလင်္ကာ

၁-ရေကျူးညာတင် ပြောနည်း

ရေကျူးညာတင်၊ ထုံးပုံပြင်ကို၊ လင်္ကာကျဉ်းရုံး မိပွားယ်ကုံးသော်၊ အူထုံးလေငြား၊ သဋ္ဌေးသားကို၊ သမားဇီဝက၊ ရက်သတ္တဝယ်၊ ကုမည့်ရှယ်လည်း၊ မလွယ်လေဟန်၊ အကျယ်ဉာဏ်ဖြင့်၊ ကယ်မန် ခုနစ်လ၊ အိပ်စေသော်မှလျှင်၊ ကုမ,နိုင်မည်၊ သို့ဆိုသည်ကို၊ အလိမ္မာနှိမ့်ချ၊ လေး,ငါး လနှင့်၊ သုံးလ, နှစ်လ၊ တလတိုင်အောင်၊ မစွမ်းဆောင်မှ၊ ရက်သတ္တတွင်၊ မှုချမလွဲ၊ အိပ်ပျော်ဆဲဝယ်၊ ဝမ်းခွဲပြီးခါ၊ အူထုံးရာကို၊ လွယ်ကာဖြေရှင်း၊ သွင်းမြဲသွင်း၍၊ နေရင်းတိုင်းသာ၊ ပြီးစေရာသည်။ ညာတင်ရေကျူးစကားတည်း။

၂-ကောက်ပင်ရိတ်လှီး ပြောနည်း

ကောက်ပင်ရိတ်လှီး၊ ပုံတနည်းမှာ၊ ရှေးအခါတွင်၊ ဥစ္စာကြွယ်ငြား၊ သဋ္ဌေးသားသည်၊ မြားပစ်ရာဝယ်၊ ဗျိုင်းသူငယ်ကို၊ အလှယ်ဖြင့်သာ၊ ရခဲ့ပါသော်၊ အာသာရှိငြား၊ တဦးသားက၊ ငါ့ဗျိုင်းမှန်လျက်၊ သင့်လက်နက်ကြောင့်၊ အသက်ခန္ဓာ၊ ဆုံးရှာပြီ၊ သာမညဗျိုင်း၊ ဘောမပိုင်းနှင့်၊ နေ့တိုင်းရက်စဉ်၊ ရွှေစင်တကျပ်၊ ချီလာတတ်၍၊ မပြတ်ငါ့အား၊ ပေးလာငြား၏၊ စကားထိုသို့၊ ဆိုတုံမြို့သော်၊ မချိုကောန်၊ အကယ်မှန်မူ၊ ယမန်လူက၊ ထို့တူပေးငြား၊ နှစ်,လ,များကို၊ မိန့်ကြားစမ်းပါ၊ ဆိုသောခါလျှင်၊

၃၀-ကြိမ်မြောက်

www.dhammadownload.com

ရှည်ကြာလှပြီ၊ အခါလည်ဟု၊ ပြောသည်ခဏ၊ ရေတွက်ဆသော်၊ သုံးရာ့ခြောက်ဆယ်၊ထိုရက်ဝယ်တွင်၊ ရွှေစင်သုံးရာ၊ ခြောက်ဆယ်သာပြီ၊ ငါ့အိမ်ရွှေတွင်၊ ထားသည့်အင်ကို၊ နေ့စဉ်ခိုးယူ၊ သင်မှုလက်ခံ၊ သို့ဖြစ်ဟန်ကြောင့်၊ အမြန်ပေးပေ၊ ဆိုတုံလေသော်၊ မနေ့ရှုံကြောက်၊ ပေးရမြောက်သည်။ ကောက်ပင်ရိတ် လိုးစကားတည်း။

၃-ရေစီးဖောင်ဆန် ပြောနည်း

ရေစီးဖောင်ဆန်၊ ပြောဆိုဟန်မှာ၊ ဒွါရဝတီ၊ ရွှေပြည်သဝ်နှင်း၊ ဘုရင်မင်းသည်၊ တနင်းသာရီ၊ စစ်မက်ချီ၍၊ နေသည်ခဏ၊ တပ်ကြီးချလျက်၊ ရာဇာဓိရာဇ်၊ သိတုံလစ်သော်၊ တားမြစ်အံ့ငှာ၊ တောင်းပန်စာဖြင့်၊ ပညာရှိမတ်၊ စေလွှတ်လင်လျှင်၊ ထိုစာတွင်သော်၊ အဆွေတော်ဟု၊ ရေးဖော်ပေကျာ်ချက်၊ မနှစ်သက်၍၊ အမျက်ပြင်းစွာ၊ ထွက်သောခါဝယ်၊ ရာဇာဓိရာဇ်၊ သံတော်စစ်က၊ အနှစ်ရသာ၊ အထူးပါအောင်၊ မြတ်စွာဗုဒ္ဓ၊ ပမာပြု၍၊ ဘုရားနောင်တော်၊ ဂုဏ်သို့ခေါ်ဟု၊ ဆွေတော်စစ်လည်း၊ မင်းကေရာဇ်၊ ထီးဆောင်းဖြစ်မှ၊ ကေရာဇ်ချင်း၊ ဆက်စာသွင်းသော်၊ အကြည်တော်ဟု၊ ရေးဖော်မြဲပေ၊ လျှောက်တင်လေသော်၊ ရွှေပြည်ဘုရင်၊ သဘောဝင်၍၊ ပြောအင်ဆိုနည်း၊ လွန်မြှောက်ချီးသည်။ ရေစီးဖောင်ဆန် စကားတည်း။

---

www.dhammadownload.com

၄-အိုးတန် ဆန်ခပ် ပြောနည်း

အိုးတန် ဆန်ခပ်၊ စကားရပ်ကို၊ မှတ်စိမ့်သောငှာ၊ အလင်္ကာဖြင့်၊ မယ်ပါရိက၊ ဒုကူလတို့၊ ဖြစ်ကြပျက်အင်၊ မျက်မမြင်ကို၊ လက်ငင်ဆွဲကာ၊ သုဝဏ္ဏာလျှင်၊ တောမှာတစေ၊ လုပ်ကျွေးနေ၍၊ ရှည်ကြာကာလ၊ တိုင်ရောက်မှလျှင်၊ ဗာရာဉ်ပြည့်ရှင်၊ ပုဆိုးသွင်က၊ တောခွင်လည်ရာ၊ သုဝဏ္ဏာကို မြင်ပါသော်ငြား၊ ထိုသူအားကို၊ သားကောင်အသွင်၊ စိတ်ဝယ်ထင်၍၊ မဆင်ခြင်လစ်၊ လေးနှင့်ပစ်သော်၊ ဆိုးညစ်ကြမ္မာ၊ ကံကြောင့်သာဟု၊ ပြစ်ဆာမတင်၊ မွေးမိခင်နှင့်၊ ဖခင်ကိုသာ၊ လုပ်ကျွေးပါဟု၊ သာယာသံချို၊ လျှောက်ပါဆို၍၊ ထိုခဏတွင်၊ ဇီဝပျက်ကြွေ၊ သားကောင်သေမှ၊ မိနှင့်ဖတို့၊ ရောက်လာကြလျှင်၊ သိကြားမြင်သော်၊ ပူပင်သောက၊ မရှိကြလင့်၊ သားလှသက်ရှင်၊ မျက်စိမြင်နှင့်၊ ရွှေစင်အသပြာ၊ အိုးရတနာကို၊ လိုရာတခု၊ လျှောက်တောင်းပြုလော့၊ ယခုအလို၊ ပြည့်အံ့ဆိုလျှင်၊ လိုရာမထ၊ ရွှေအိုးရ၍၊ သားလှမျက်နှာ၊ မြင်လိုပါဟု၊ သုံးဖြာလုံးကို၊ သိမ်းပိုက်ဆိုသည့်၊ ဉာဏ်ကိုအားကိုး၊ စကားမျိုးသည်။ အိုးတန်ဆန်ခတ် ပြောနည်းတည်း။

၅-ဆီပွတ်ကျည်ပွေ့ စကားပြောနည်း

ဆီပွတ်ကျည်ပွေ့၊ ပြောဆိုလေ့မှာ၊ မင်းရာဇာသည်၊ မဟာစေတီ၊ တည်ရာကြံ့ခိုင်၊ ပိန္နဲတိုင်ကို၊ အလိုရှိလစ်၊ မန်ကျည်းနှစ်လျှင်၊ ကျစ်လစ်အသား၊ မာ၏လားဟု၊ မေးငြားသောခါ၊

www.dhammadownload.com

မန်ကျည်းလည်းမာ၊ ကျွန်းလည်းမာဟု၊ ပညာ့အလျှောက်၊ ဆိုတုံမြောက်၍၊ နောက်ထပ်တခါ၊ ရှားနှစ်သာလျှင်၊ မာပါလိမ့်လား၊ မေးပြန်ငြားသော်၊ ရှားနှစ်ကားမာ၊ ကျွန်းလည်းမာဟု၊ တခါမနေ၊ လျှောက်တင်လေ၍၊မင်းကေရာဇ်၊ကျွန်းသားစစ်ကို၊ နှစ်သက်ချမ်းမြေ့၊ ဘော်ဝယ်တွေ့သည်။ ကျည်ပွေ့ဆီပွတ် ပြောနည်းတည်း။

၆-ဆင်ဝှေ့ရန်ရှောင် ပြောနည်း

ဆင်ဝှေ့ ရန်ရှောင်၊ ပမာဆောင်သော်၊ ဘုန်းခေါင်ညီရင်း၊ အိမ်ရှေ့မင်းသည်၊ ကြည်ခြင်းသဒ္ဒါ၊ ကျောင်းဆောက်ရာတွင်၊ တွင်း,ပြင်,ထက်,အောက်၊ မြေသို့ရောက်အောင်၊ တပြောင်ပြောင်ပင်၊ အရောင်မိုးမိုး၊ ယိုစီးမတတ်၊ ရွှေချလတ်လျှင်၊ မြို့ဝန်မြင်သော်၊ မလျော်လေချက်၊ တိုက်ပွတ်ဖျက်၍၊ ယက်မအောက်က၊ မြေသို့ကျမှ၊ သိရသောခါ၊ ဒါယကာလျှင်၊ ပြင်းစွာအမျက်၊ ဒေါသထွက်၍၊ ချက်ချင်းသတ်မည်၊ ခေါ်စေသည့်တွင်၊ ရှိဦးတင်လျက်၊ အရှင်ဘုရား၊ သတို့သားလျှင်၊ မင်းကေရာဇ်၊ ဖြစ်မည့်ကြောင့်၊ မုချမှန်၍၊ ထိုရုံကာလ၊ ကျောင်းဆောက်မှလျှင်၊ ရွှေချဖို့ရာ၊ ချင်းသည်သာဟု၊ပညာရှေ့ဆောင်၊ရန်ဝှေ့ရှောင်သည်။ နောက်နောင်မှတ်ရန် စကားတည်း။

---

www.dhammadownload.com

၇-တောင်သူယာခုတ် ပြောနည်း

တောင်သူယာခုတ်၊ မိန့်ထုတ်ဝစန၊ ပုံပြဆိုသော်၊ ရင္ဒဝိဒေ၊ မိထိခြေ၌ ဝိဒေဟရာဇ်၊မင်းစစ်နရိန်၊ဘုန်းရာဇိန်၏၊သုခမိန်ကျော်၊ မဟော်ပညတ်၊ သိန်းအမတ်တို့၊ ဆိုလတ်များစွာ၊ စကားမှာ၌၊ ပညာ့ခနု၊ ထိုနှစ်ဝတွင်၊ ခနုအမြွတ်၊ သိန်းအမတ်က၊ ဆိုလတ်သောခါ၊ ပညာသာမြွတ်၊ မဟော်မတ်က၊ ထပ်၍တဖန်၊ ဆိုလေပြန်သော်၊ မဟော်သခေ၊ ငယ်နုစဉ်မို့၊ မှန်ရာမသိ၊ ဥစ္စာရှိမှ၊ ခယ့ဝပ်တွား၊ လူအများတို့၊ စကားနာခံ၊ သိန်းဆိုပြန်သော်၊ မဟော်ဝိဒူ၊ သိသသူက၊ ခနုဥစ္စာ၊ ရှိရှာပေလည်း၊ ရောဂါဥပဒ်၊ ကပ်ငြိသောခါ၊ မသိပါလျှင်၊ ပညာရှိရှေ၊ ဆည်းကပ်၍သာ၊ မှီခိုလာ၏၊ ပြောပြန်ဘိက၊ သေနကလည်း၊ ဝိဒေဟရာဇ်၊ ရှင်မင်းစစ်သည်၊ အနှစ်ဥစ္စာ၊ ရတနာနှင့်၊ ပြည်ရွာရင္ဒ၊ အစိုးရ၍၊ များစွာ လူပေါင်း၊ ခ ဝပ် ညောင်း သည်၊ စကားချိုသော်၊ မဟော်သမေ၊ ပဏ္ဍိတက၊ ဗုဒ္ဓမြွတ်စွာ၊ စိန္တေယျာမှာ၊ ဥစ္စာမရှိ၊ သို့ဖြစ်ဘိလည်း၊ ဉာဏ်ကြီးမြူတေ၊ ထွန်းတောက်ဝေ၍၊ ဒေဝဗြဟ္မာ၊ မနုဿာတို့၊ ပူဇာမြို့ဟု၊ ဗဟုဝစနာ၊ ပြောကြားရာတွင်၊ ရှေးလျှင်အစ၊ သိမ်ငယ်ပဟု၊ နောက်မှကြီးလျက်၊ သီးသီးတက်၍၊ မိန့်မြွက်ထူထောင်၊ ဉာဏ်စွမ်းပြောင်သည်။ တောင်သူယာခုတ် စကားတည်း။

၈-ကြက်ဆုတ်ခွပ်ပမ် ပြောနည်း

ကြက်ဆုတ်ခွပ်ပစ်၊ ပြောလှစ်ဝစန၊ ရက္ခပုရံ၊ တိုင်းနိုင်ငံက၊ ဘဏ်ပညာရှိ၊ မတ်ကဝိနှင့်၊ ပြည်ကြီး အင်း ဝ၊ နဂရတွင်၊ မတ်လုလင်တို့၊ နိုင်ဖိုစကား၊ စစ်ထိုးငြားသော်၊ နှစ်ပါးပြည်ရွာ၊ စည်ပင်သာဟု၊ နှစ်ဖြာနှစ်ဝ၊ ပြောကြလေရာ၊ ရာသီဆယ့်နှစ်လ၊ လူထိုမျှတို့၊ ပွဲမှခချဉ်း၊ အင်းဝကဝိ၊ ဆိုလတ်ဘိက၊ ဓညဝတီ၊ တိုင်းရွှေပြည်မှ၊ မတ်ကျော်လှ လည်း၊ များ စွာ လူ ပေါင်း၊ သောင်းသောင်းအုတ်အုတ်၊ ကျွန်ုပ်တို့ကို၊ ကြည့်သည်ဆိုသော်၊ ထို အင်းဝအမတ်၊ ပညာ တတ် လည်း၊ ကြီး, လတ်, ငယ်စု၊ ကြည့်ရှုဘိုရာ၊ ဟုတ်ပါလိမ့်မည်၊ နောက်ဆုတ်လည်ရွှေ၊ အခုက် တွေ့ကို၊ ကြိုး၍တခါ၊ တို့ပြည်ရွာမှာ၊ ဂဇာပြောင်ဆင်၊ ကကြိုး ပြင်၍၊ တနေ့သုံးခါ၊ ရေချိုးပါလည်း၊ ကြည့်လာမရောက်၊ တောဆင်ပေါက်တို့၊ ရောက်လာသော ခါ၊ ကြည့် ကိုပါ၏၊ ပမာဝံ့သွင်၊ အမတ်သင်လည်း၊ တောဆင်အလား၊ မယဉ်ပါး၍၊ အများအားထုတ်၊ ကြည့်လိမ့်ဟုတ်သည်။ ကြက်ဆုတ်ခွပ်ပစ် စကားတည်း။

၉-ရေစစ်ကရား ပြောနည်း

ရေစစ်ကရား၊ စကားရှင်၊ ပြောကြမည်ဟူ၊ ကြံစည်ပြုငြား၊ လေးယောက်သားနှင့်၊ တပါးသူအို၊ သစ္စာဆို၍၊ အလိုမတူ၊ မယုံသူကို၊ ကျွန်မူမသေ့၊ စေစားလေဟု၊ အပြိုင်ပြုက၊ လေးဝ

www.dhammadownload.com

ယောကျ်ား၊ သူငယ်များတို့၊ စကားပေါ့သွပ်၊ မပြောတတ်လျှင်၊ ထပ်ရှိသူအို၊ မြွက်ဆိုလေတုံ၊ စကားပုံမှာ၊ ငါ့ဝါပင်ပေါက်၊ လေးယောက်သင်တို့၊ ဆိုလေမှိုသော်၊ မယုံတို့ပါ၊ ပြန်ပြောခါလည်း၊ ကျွန်သာအစစ်၊ ယုံပြန်လစ်လည်း၊ နှစ်အံ့ကျွန်တွင်း၊ အရင်းအဖျား၊ ဖိုးသက်ကြားလျှင်၊ ဆီးတားပတ်ရစ်၊ စကားမြစ်သည်။ ရေစစ်ကရား ပြောနည်းတည်း။

၁၀-ခက်တင်မောင်းနှင်း ပြောနည်း

ခက်တင်မောင်းနှင်း၊ ပြောဆိုရင်းမှာ၊ ယမန်ရှေးခါ၊ မတ်ဗိုလ်ပါတို့၊ ယုတ်မာဆိုးညစ်၊ သူခိုးစစ်ကို၊ သတ်ပစ်အံ့ငှာ၊ ဖမ်းယူရာတွင်၊ သာမည်သူ၊ မဟုတ်မူ၍၊ တောင်ဗလူဆရာ၊ တူရင်းချာဟု၊ ဆိုရှာအတွင်း၊ မတ်ခပင်းလည်း၊ ကပ်ချဉ်းဆရာ၊ လျှောက်ကြပါသော်၊ ဆရာတော်လည်း၊ မြွက်စော်ငါ့တူ၊ ပြောလိုက်မူက၊ ငါ့မှာမုသား မလွတ်ငြားချေ၊ မပြောနေလည်း၊ သေအံ့လူလင်၊ ညာဏ်ဆင်ခြင်၍၊ လူလင်တူရင်း၊ မဟုတ်ခြင်းကို၊ ဘယ်သူဆိုဟု၊ မြွက်ဆိုမိန့်ဟ၊ မျက်မှောင်ချ၍၊ မကျ မတင်၊ ပြောသောသွင်သည်။ ခက်တင်မောင်းနှင်း စကားတည်း။

စကားကြီးဆယ်ခွန်းလင်္ကာ ပြီး၏။

www.dhammadownload.com

ရှင်မဟာရဋ္ဌသာရ ဆုံးမခန်း

၁။ လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဖခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတဆူ၊ ဂူတလုံးသွင်၊ စိတ်ဝယ်ထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွတ်စေရ၊ ရေပူ့ရေအေး၊ လိုရာပေး၍၊ မွေးကျေးကြပေ၊ တထွေမှတ်သား၊ အခါး၊ အချို၊ သူတို့ဆိုလည်း၊ ဘိုးဘွား့မိဘ၊ ဆရာစသည်၊ ပြုသဆိုထွေ မျိုတတ်စေ။

၂။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ ဖက်၍မဆို၊ ရိုသေကြစေ၊ ကိုကြီး့အမ၊ သည်နှစ်ဝကို၊ မိဘကဲ့သို မှတ်ပါလေ။

၃။ ဆွေကြီး့မျိုးကြီး၊ အဘကြီးနှင့်၊ ဦးရီးသားချင်း၊ ဘထွေး ရင်းက၊ ဟူသမျှကို၊ ဂုဏ်ဝုဍ္ဍာ၊ ပစ္စာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ။

၄။ ပေါက်ဖော်သားချင်း၊ တဝမ်းတွင်းမှ၊ အရင်းအနှစ်၊ ဖွေစီစစ်၍၊ အပြစ်စုပုံ၊ မခြားထုံသည်၊ အူတုံဖြစ်က ချစ်ကြလော့။

၅။ သေတူ့ရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရှန်းကြလေ။

၃၁ - ကြိမ်မြောက်၊

၆။ ဈေးကစွန့်ကြဲ၊ ကံရင်းနဲ့၍၊ ဆင်းရဲခဲ့တုံ၊ ကိုယ်မလုံ၍၊ သူ့ဂုဏ်ပိုင်ပိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်သူ့အိမ်၊ ရောက်ခဲ့ကြိမ်က၊ မထိမ်မမြူး၊ ဘုရားဖူးသို၊ ကျေးဇူး ရှိထွေ သိတတ်စေ။

၇။ တယောက်စကား၊ တယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မှောင်တိုဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

၈။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၉။ သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

၁၀။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကိုလည်း ချစ်ပါလေ။

၁၁။ သူ၏ဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမဈေး၊ သူမပေးက၊ ဆေးတအိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြပါလေ၊ ကာမေမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ခါခဏ၊ သူသတ်ကြူးသည့်၊ ဘိလူးမသို၊ စိတ်ကမသွေ ထင်မိစေ။

၁၂။ သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည် စစ၊ ပြောသမျှကို မှန်လှစေ။

၃၀ - ကြိမ်မြောင်း

www.dhammadownload.com

၁၃။ အပါယ်လေးပါး၊ လားမည့်အကြောင်း၊ မကောင်းမှုမှ၊ စပ်သမျှကို၊ ရှောင်ကြပါလေ၊ ဖွေစီစစ်၍၊ အပြစ်စုပုံ၊ မခြားတုံသည်၊ သေလျှံထုတ်ခြောက်၊ ငရဲရောက်မည့် ရှိကြောက်ကြ။

၁၄။ ဘုရား,တရား၊ မြတ်ဖျားသံဃာ၊ အရိယာတို့၊ မကွာနေ့ည၊ ဟတ္ထအဥ္ဇလီ၊ မြှောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည ကိုးကွယ်ကြ။

၁၅။ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ လက္ခဏာသုံးပါး၊ ဤတရားကို၊ ဖွားဖွားနှုတ်ဝယ်၊ သရဇ္ဈာယ်၍၊ ကိုးကွယ်စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲသည့်၊ ပုလဲကဲ့သို့ မြဲလှစေ။

၁၆။ စာဖတ်စာသင်၊ ရှင်သာမဏေ၊ ထွေထွေကောင်းမှု၊ စုံတခုကို၊ ပြုစုကြပေ၊ မသွေမဖောက်၊ ကြီးရာရောက်သော်၊ လျှောက်လျှောက်ပတ်ပတ်၊ သူတော်မြတ်၏၊ ကျင့်ဝတ်ပီထွေ၊ ကိုယ်ကိုထိန်း၍ သိမ်းဆည်းလေ။

၁၇။ ဖုန်းတောင်းယာစကာ၊ ခံရောက်လာသော်၊ သဒ္ဒါသုံးဝ၊ ထက်လှစေ၊ ပေးစွန့်ကြသည် လှူရဲစေ။

၁၈။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျွေးဟူသည်၊ အလှူဆိုက၊ မဆုတ်ကြနှင့်၊ ရဲလှပါစေ၊ တံစက်အောက်တွင်၊ ခံသောက်ရလေး၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ ထုံးဟောင်းစာကို ထောက်ပါလေ။

www.dhammadownload.com

၁၉။ သူတော်ကောင်းနှင့်၊ ပေါင်းဖော်ယှဉ်တွဲ၊ သူမိုက်မဲကို၊ ရှောင်လွှဲပါလေ၊ ဤသူအမြတ်၊ ဤသူလတ်ဟု၊ ညစ်ထတ်ကြမ်းကြုတ်၊ ဤသူယုတ်ဟု၊ အဟုတ်အမှန်၊ မသွေလွန်သည်၊ ကေန်ဆတ်ဆတ်၊ လူသုံးရပ်ကို သိတတ်စေ။

၂၀။ ကဲ့ရဲ့သင့်ပြုဟ်၊ ဆိုလည်းမထိ၊ မသတိအောင်၊ ဟိရိဩတ္တပ်၊ စောင့်ကြပ်မဆို၊ မိမိကိုယ်ကို၊ ပစ္စုဒ္ဒိုရ်လျှင်၊ ဖြစ်လို ဖြစ်စေ၊ ငါမထေဟု၊ သရေမဆောင်၊ လူမှန်းအောင် လျှင်၊ မောင်တို့မကျင့် ကြလေနှင့်။

၂၁။ ငြိမ်သက်ဣန္ဒြေ၊ တည်ကြည်ထွေဖြင့်၊ သန္တေကောင်းမွန်၊ တော်လွန်မှန်လျက်၊ စိတ်မာန်မနှောင့်၊ နှုတ်လက်စောင့်သည်၊ သူကောင်းသွေးရေ ပီလှစေ။

၂၂။ ရပ်သူ,ရွာသား၊ သူကောင်းများအား၊ နားမှာမဆံ့၊ မခန့်မလေး၊ သူမှန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နွမ်းအောင်၊ မသွမ်းမကျင့် ကြလေနှင့်။

၂၃။ မှန်းဖွယ်လည်းတတ်၊ မျှောက်မျက်စိကို၊ မျက်စဉ်း ခတ်သို၊ လျှပ်လျှပ်ပေါ်ပေါ်၊ လော်လော်လည်လည်၊ မတည်မျှောက်နှယ်၊ စက်ဆုတ်ဖွယ်ဟု၊ သည့်နှယ်မဆို ရစေနှင့်။

၂၄။ ကွယ်ရာမရွေး၊ မျက်နှာဝေးက၊ တွေးလေကြံဆ၊ မိမိ သဘော၊ သို့ကျင့်သောဟု၊ ပြောရသူချင်း၊ မေတ္တာ ကင်းအောင်၊ သတင်းမပုပ် ပါစေနှင့်။

www.dhammadownload.com

၂၅။ အရောင်းအဝယ်၊ အသွယ်သွယ်လျှင်၊ လိုဖွယ်ရရန်၊ ဖိုးထိုက်တန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက်မဆို ရစေနှင့်။

၂၆။ နှလုံးသည်းခြေ၊ သဒ္ဓေလည်းတန်၊ မမှန်စကား၊ သူဖြစ်မှားဟု၊ အများမဆို ရစေနှင့်။

၂၇။ မဖြောင့်မှုသား၊ မတရားကို၊ လားလားဤသူ၊ မပြုဟူ၍၊ ဗိုလ်လူခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ ချီးမွမ်းဆိုထွေ ရတတ်စေ။

၂၈။ အတည်အကျွေး၊ အပေးအကမ်း၊ သေခမ်း,ရှင်ခမ်း၊ လူတို့တမ်းကို၊ အော်အမ်းနိုင်လျှော့၊ လောကဝတ်ကိုလည်း သိတတ်စေ။

၂၉။ ရဟန်း,သံဃာ၊ အရိယာ,သူတော်ကောင်း၊ အပေါင်းစည်းဝေး၊ ပြောရေးဆိုတမ်း၊ ပွဲလမ်းကြုံငြား၊ အသွား အလာ၊ လှူဒါန်းခါလည်း၊ လက်ယာဖက်က၊ အင်္ကျီလက်ကို၊ တဖက်ချလျှက်၊ ကပ်လအပါး၊ ဝပ်လျှိုးတွား၍၊ ကျောင်းသားမိထွေ ယဉ်ကျေးစေ။

၃၀။ ကြီး သူ တ ဖြာ၊ ပညာရှိအား၊ သူကောင်းများနှင့်၊ စကားထွေလာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျှက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ ဆိုရစေ။

www.dhammadownload.com

၃၁။ အဋ္ဌာရသ၊ သိပ္ပမကြွင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊
ရှိသောခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်သောင်း
ကို၊ ဒိုးကောင်းပြေးသို့၊ လူရေးလူရာ ပီလှစေ။

၃၂။ အပေါ်အလွှင်၊ ပျော်ရွှင်မှပါး၊ လောင်းစားကြက်ငှက်၊
မလေ့ကျက်နှင့်၊ အသက်မွေးမှု၊ တခုခုကို၊ လုပ်မှုဆောင်
ခင်း၊ မပျင်းမရှိ၊ မိမိကိုတွင်၊ အကြွင်လက္ခဏာ၊ လူ့ဘာ
သာလျင်၊ ဥစ္စာရကြောင်း၊ အရောင်းအဝယ်၊ ကုန်စလယ်
သွား၊ မနေနားပဲ၊ ပျားပိတုန်းတူ၊ ဝတ်ရည်ယူသို့၊ လူစဉ်
မီအောင် ကြိုးစားလေ။

၃၃။ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးတို၊
ပြန့်ပွားလေအောင်၊ ကြောင်ပုဇွန်စား၊ ကျွတ်ကျွတ်
ဝါးသို့၊ ယောကျ်ားပြီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း
ရှိလှစေ။

၃၄။ သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမိစေ၊
ကြီးဇလာဘကို မျှတစေ။

၃၅။ မမွှေမနှောက်၊ မဖောက်မကျစ်၊ မလိမ်သစ်ပဲ၊ မစဉ်းလဲ
နှင့်၊ စိတ်ထဲဖြောင့်ပေ၊ လူ့အကျင့်ကိုလည်း သိဘတ်စေ။

၃၆။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊
ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ ပြီလှစေ။

၃၇။ ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်၊ လျင်လျား
ဆွေးနွေး၊ ဆိုရေးလိမ်မာ၊ ပညာရှိအား ကိုယ်တိုင်သွား၍၊
စကားလိုက်လျော၊ တစပြော၍ နှီးနှောလေ။

၃[illegible] ကြိမ်မြောက်၊

www.dhammadownload.com

၃၈။ ငါ၏စိတ်တွင်၊ ထင်ရှါးမလွဲ၊ လိပ်ခဲတည်းလည်း၊ ဟုတ်တည်း ကေန်၊ အားမသန်နှင့်၊ မှန့်သည်တစေ မရှိစေ။

၃၉။ မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ် အိမ်တွင်ဖတ်။

၄၀။ ဖတ်ပြန်သော်ကား၊ ဖတ်ပါများက၊ သားမယားပင်၊ မိုက်မှားခဲ့စွာ၊ မလိမ်မာလည်း၊ စာပေစကား၊ နေ့တိုင်း ကြားက၊ ထူးခြားလိမ်မာ၊ ရှိသည်သာတည့်။

၄၁။ နားမှာမဝင်၊ မသိမြင်က၊ သမင်,ကျွဲ,နွား၊ တောင်သူ လားသို့၊ မပွားပညာ၊ မလိမ်မာပဲ၊ မိစ္ဆာစိတ်ခိုင်း၊ သူတိုင်း မှိုင်းသည်၊ ရိုင်းစိုင်းတောင်သူ၊ မိလက္ခူနှင့် တူလိမ့်မည်။

၄၂။ ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဖွားမိခင်၊ ဆုံးမ သင်သို့၊ အကြင်ဆရာ၊ တို့သူငါကို၊ လိမ်မာစေကြောင်း၊ ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို၊ နားမျှမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ ယခုပစ္စုပ္ပန်၊ နောင် သံသရာ၊ ဆက်များစွာ၌၊ ချမ်းသာမည့်ရေး၊ ငလွန် ဝေးသည် သေဘေးမလွဲ၊ ဝဋ်ဆင်းရဲမှ၊ ရှေခါယ်ဖွယ်နွယ်၊ အသွယ်သွယ်ကို၊ လွှဲဖယ်ကြံစည် လွတ်ပါမည်။

၄၃။ နားလည်စေကြောင်း၊ သို့ကျင့်ကောင်းစွာ၊ သောင်း သောင်း နှစ်ပေ၊ သည်တိုင်းမှတ်ဟု၊ ထေရ်မြတ်ဆရာ၊ ရဋ္ဌသာ လျှင်၊ ပညာရကြောင်း၊ ဉာဏ်ဖြင့်လောင်း၍၊ ရိုးပေါင်း ဆင်ခြင်၊ ဆုံးမသင်သည်၊ ဤတွင်တခန်း ပြီး၏သော်။

ရှင်မဟာရဋ္ဌသာရ,ဆုံးမခန်း ပြီး၏။

ဥဿ—ကြိမ်ခြောက်

ရှင်မဟာသီလဝံသ ဆုံးမခန်း

၁။ တိလောကဟု၊ မရနိုင်းတူ၊ ဖက်မပြူသည်၊ သုံးဆူရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေ၊ သူငယ်စကား၊ တပည့်များတို့၊ မှတ်သား ကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်ကြပ်ကြပ် စွဲ၍မှတ်။

၂။ က ယောက် က ယက်၊ ကျက် ကျက် ပျောက် ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နိုးကြားမပြတ်၊ မျက်သစ် ဒန်ပူ၊ လုံ့လထူသည်၊ ယူ၍မပြတ် နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မသပ္ပါယ်သော်၊ လှယ်၍မပြတ် တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါငင်ညီညွတ် သွား၍ခတ်။

၆။ ရေခတ်သွားလည်း၊ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ်,ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော မင်းတို့ကျော။

၇။ နေ့,ညဥ့်,နံနက်၊ ကိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ ခင်းလာယူငြား သွင်းခေါက်ထား။

www.dhammadownload.com

၈။ သက်န်း,သပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာ သည်များ ပြင်၍ထား။

၉။ ခရီးပန်းပင်၊ လာကြမြင်သော်၊ အလျင်လှမ်းယူ၊ ဝတ်သက်န်းကို၊ ချွေးစွန်းမှုကား၊ နေပူဖြန့်လှား သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွှဲဖယ်မသွား၊ ယပ်လေခတ်၍ နေထံပါး။

၁၁။ ကိုယ်လက်ဖိန်း၍၊ ကိန်းစက်သောခါ၊ တစာစာနှင့်၊ ပြာပြာလောင်လောင်၊တဖောင်ဖောင်သည်၊ခေါင်ခေါင် ကြမ်းကို မနင်းနှင့်။

၁၂။ ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညွတ်ပဲ၊ မတတ်တတ်တိုး၍ မသွားနှင့်။

၁၃။ စားဖွယ်သောက်ရာ၊ ကပ်သောအခါလည်း၊ ချဉ်းလာ နီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ် ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးဆိုတန်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည့်နှယ် မမေးနှင့်။

၁၅။ မိဦး,ဘဦး၊ ဆရာဦးကို၊ ခူး၍အလျင် မစားနှင့်။

၁၆။ မိဘ,ဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွား ခ,ယ တောင်းပါကြ။

www.dhammadownload.com

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဗျတ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမတင်အောင် စင်စင်ဆေး။

၁၈။ ကျောင်းတွင်,အိမ်တွင်၊ မသင့်မြင်သော်၊ ယူငင် သိမ်းဆည်း၊ အယဲသို့ပြွား ကောင်းကောင်းထား။

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တာခွန်းခေါ်ကား ကြားသော်ခဏ လာပါကြ။

၂၀။ ကိစ္စရှိပြား၊သွားသည်များ၌၊လျင်လျင်ခဏ လာပါကြ။

၂၁။ တပါးတပို၊သွားကြလိုသော်၊ဆရာကိုပန်မှ သွားပါကြ။

၂၂။ မိဘဖူးမြင်၊ ရွာသို့ဝင်လည်း၊ ခြေမြင်,လက်မြင်၊ ချိန်ခါတွင်၌၊ လျင်လျင်ခဏ ပြန်ပါကြ။

၂၃။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

၂၄။ သီတင်းသုံးခြင်း၊ချစ်ဟုန်ပြင်းသည်၊ပဉ္စင်းနှင့်ရှင်၊ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ အစ်ကို,အဖ မှတ်ပါကြ။

၂၅။ အသက်ကြီးငယ်၊ဝါကြီးငယ်ကို၊လွဲဖယ်နှိမ့်ချ ရိုတုပ်ကြ။

၂၆။ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ လက်အုပ်ချီကြ ပြုကုန်ကြ။

၂၇။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ အလွန်မှောင့်၍၊ တဒေါင့်စကား မပြောနှင့်။

၃၀ - ကြိမ်မြောက်

www.dhammadownload.com

၂၈။ လှူဖွယ်ဒါန်းဖွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ဝယ်၊ လဲလှယ်ခဏ၊ သူ့ခွက်ယောက်ကို ပေးလိုက်ကြ။

၂၉။ ကွမ်းနှင့် ဆေးလျှင်၊ ဧည့်သည်မြင်သော်၊ အလျင်ခဏ တည်ပါကြ။

၃၀။ မင်းသွား ငါသွား၊ အငြင်းပွား၍၊ စကားတောက်ဆတ် မဆိုအပ်။

၃၁။ မပြတ်မချွား၊ ဆူလှည်လာ၍၊ ငါ့ကိုထိပါး၊ စေစားလိုရ နေပါကြ။

၃၂။ ရဟန်း သံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ သင်ဖြူးနှင့်ဖျာ၊ လာ၍ဖျာ ခင်းပါကြ။

၃၃။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ တမြေတရွာ၊ သွားသောခါလည်း၊ ညီညာလျှောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်းထိုးကုန်လတ်။

၃၄။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမှေ့သိမ်၊ ကုန်ငြိမ်နှင့်၊ ငြိမ်ငြိမ်နေသိ၊ မျက်စိမငြိမ်း၊ နားမငြိမ်းတည့်၊ ဟိန်းဟဲ့မဆို ရစေနှင့်။

၃၅။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးမှာ၊ တခြားမကျင့် ကြလေနှင့်။

၃၆။ မသင့်တတ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားမှေ့လိ၊ တစီစီ နှင့်၊ ဟီဟီသည်များ၊ ကျီစား၍လည်း မနေနှင့်။

www.dhammadownload.com

၃၇။ ဟီနာနုတ္တ၊ မဆဲကြနှင့်၊ ကြီးကငယ်သည် နင်,ဟယ်ကိုမျှ၊ မဆိုကြနှင့်၊ ရန်စခြုတ်ခြည်၊ ရှောင်လွှဲဖည်၍၊ ဆတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်လှရှိသေး၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မဘေ,ဘရင်း၊ တစမ်းတွင်းသို့၊ သားရင်းတူကွ မှတ်ကုန်ကြ။

၃၈။ သက်နိုင်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေး၍၊ ကာလေကာဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၃၉။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ကြည့်ကြလျှက်သာ၊ မခနရှာသည်၊ ကတ်မပါသမျှ ညီညာကြ။

၄၀။ ဆရာနေခင်း၊ အင်းပျဉ်ညောင်စောင်း၊ လဲလျောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မခနရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

၄၁။ ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင့်နှင့်၊ ပေါင်လက်ကားယား၊ အပါးကြပ်ကြပ် မနေအပ်။

၄၂။ ရှင်နှင့်သူငယ်၊ ဒေသာက်ရေအိုးကိုတခြားတယ်၊ သုံးဖွယ်မသင့်၊ ကျောင်းဦးရေကိုလည်း မသောက်နှင့်။

၄၃။ ရဟန်းသံဃာ၊ အရိယာကို၊ လူမသာမာတို့၊ ချိုချိုငဲ့ငဲ့၊ ကဲ့ရဲ့ကျီစား၊ လှည့်စားမပြု၊ တုဖက်မဆို၊ ရိုသေကြစေ၊ မြေပွေး,မြွေဟောက်၊ မထိစောက်သို့ ရှုံကြောက်စေ။

၃၀–ကြိမ်မြောက်၊

www.dhammadownload.com

၄၄။ မွေတော်,ခါတ်တော်၊ ရုပ်တုတော်ကို၊ ဖူးမြော်မပြတ်၊ ရွှေကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျှောက်မပျက်၊ လက်အုပ်တင်ထား၊ ဘုရား,တရား, သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလို့လ ဆောက်တည်ကြ။

၄၅။ ငါကားသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြွပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တင်လည်းရွက်၊ လျှင်လျှင်ရအောင် ကြိုးစားကျက်။

၄၆။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြိုးစွာဖန်၍၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာတပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောရှိလည်း မနေနှင့်။

၄၇။ မပြတ်အသံ၊ တညံ့ညံ့သည်၊ စာအံ,စာဖတ်၊ ကျက်မှတ်မြဲတည်း၊ သည်လည်းညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ ပီလှစေ။

၄၈။ သင်ပုန်း,ထန်းရွက်၊ ပေထက်စဉ်ကာ၊ ရေးသားခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှတတ်စေ။

၄၉။ မပျင်းမရှိ၊ လို့လရှိ၍၊ သတိအထဲ၊ နှလုံးစွဲအောင်၊ တဖေါင်ဖေါင်တည့်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊ စစ,ကုန်စေ၊ ညဉ့်ကိုအလွှတ် ရှတ်နိုင်စေ။

www.dhammadownload.com

၅၀။ ရဟန်း,မောင်ရှင်၊ လူငယ်သွင်သို၊ မသင်မရှုတ်၊ မဖတ်စာပေ၊မရေမရာ၊နေ့သာကုန်ကြွား၊ ရက်သံာမျှားအောင်၊ စကားဖေါင်ဖွဲ၊ တို့လွဲကျယ်ပွား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောရွှံလည်း မနေနှင့်။

၅၁။ တယောက်တခြား၊ စကား မ ဆို ၊ ကိုယ်စိတ်ကိုယ်င၊ သင်ပုန်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၂။ နားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွား ခေါင်းပေါင်း၊ နားဋ္ဌောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သီကာမြူးရှင်၊ ရွှေငွေဆင်၍၊ သင်တို့သည့်နှယ် မကျင့်နှင့်။

၅၃။ သကိန်းမှာလည်း၊ ပိန္နဲအပြင်၊ လှစေချင်၍၊ လှင်လှင်ပပ၊ ပြုကြမသင့်၊ နန္ဒင်းဆိုးနှင့်၊ တိန်းညက်ဆိုးကိုလည်း မဝတ်နှင့်။

၅၄။ ဒသာဘိ ဆယ်ပါး၊ ဘုရားမုခပါဌ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ ညီလှစေ။

၅၅။ ဗ ဟု သု တ ၊ တတ် ပ ချင် လျှင် ၊ သင် သာ ခိုက် ကို သင်လိုက်ကြ။

၅၆။ သို့ပင် တ စေ ၊ မနေရသာ၊ ကျောင်းကခွာသော်၊ နောက်ခါနောင်တ ရှိဘတ်စွ။

၅၇။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုး နပ်မည်ပ။

www.dhammadownload.com

၅၈။ သားတို့မှာလည်း၊ ပညာလိုချင်၊ ကျောင်းကန်ဝင်သော်၊ မသင်တခါ၊ သင်တခါနှင့်၊ မလာတနေ့၊ လာတနေ့လည်း၊ ဆို၍မနိုင်၊ ဖျင်းခေါင်တိုင်သည်၊ တွေ့မှိုင်လျက်သာ၊ နေ့ရက်ကြာလျှင်၊ တခါရိုက်လေ၊ ညက်ညက်ကြေမည်၊ သားရေလွှမ်းတော့ မင်းတို့ကျော။

၅၉။ ဆုံး မ စ ကား၊ ဆို သည် များ ကို၊ မှတ်သားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်၊ ရေဒဏ် ပေးရမှန်သည်၊ ခံမည်သာ ကြုံလော့ မင်းတို့ကျော။

၆၀။ ယခုအခါ၊ သာသနာတွင်၊ လူ့ဖြစ်မည်များ၊ လွန်ခဲ့လှ၏၊ လူထက်၊ သာမဓော၊ ဖြစ်ပေမြတ်ခြင်း၊ ပဉ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုဖွယ်မရှိ၊ မြတ်ခေါင်ထိပ်ဟု၊ သိကြပါစေ၊ သည့်ထက်သည်သာ၊ မြတ်ရာရာကို၊ လွယ်ကာခဏ လှမ်းပါကြ။

၆၁။ ဆရာမြတ်မှန်၊ သီလဝံသ၊ ထေရအကျော်၊ မိန့်တော် နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဠိ ဂါထာနှင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့် မှတ်ဖွယ်၊ များသူငယ်မှာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့် ကြံ၍၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်းကျက်မှတ် ကြစေသော်။

ရှင်မဟာသီလဝံသ ဆုံးမစာ၊ ဤတွင်ရွေ့ ပြီးပြီ။

---

www.dhammadownload.com

ဖိုးသူတော်ဦးနု စကားပုံ

မြန်ဇမ္ဗူပေါ်၊ ဉာဏ်ယူမျှော်သည်၊ သူတော်ကျွန်ုပ်၊ နား၏တန်းဆာ၊ နားဝင်သာအောင်၊ လင်္ကာပုဒ်ဖြင့်၊ အာလုပ်ချိုမြ၊ စကားပုံသရုပ်၊ အမျိုးထုတ်ပြီးလျှင်၊ အချုပ်ပြခဲ့မည်။

၁။ ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ယုတ်လှတာကို ပယ်ရမည်၊ ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြရသည်၊ ယုတ်လှတာကို ပယ်မှ ဘေးပကွာသည်။

၂။ သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်၊ သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်၊ ရေကြည်ကို နှောက်က အနယ်မှုန်တို့ ထတတ်သည်။

၃။ ထင်တိုင်းလည်း နှိပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်၊ ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်၊ ဝင်တိုင်း သိပ်၍မျိုက အန္တရာယ်များတတ်သည်။

၄။ ဂေါဏမံသံကိုလည်း မစားနှင့်၊ ကောခခြံရုံကိုလည်း မပွားနှင့်၊ ဂေါဏမံသံကို စားမိက မိဘာသဖွယ် ဖြစ်ပေသည်၊ ကောခခြံရုံကိုပွားက အဓိကရ အပါယ်နစ်ချေသည်။

၅။ အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်၊ အယုတ်တရားကို အလိုရှိက ဘဂဝေါ၏စကားကို ပယ်ရာကျချေသည်၊ မဟုတ်စကားကိုဆိုဘိက သမာဓိတရားကို ကွယ်လှာရချေသည်။

www.dhammadownload.com

၆။ မြူသလိုပုံနှင့် ကလေးကို မစနှင့်၊ လူကို ယုံသဖြင့် အကြွေးမချနှင့်၊ မြူသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ်သည်၊ လူကိုယုံသဖြင့် အကြွေးချက အရေးမစိုက်သမို့ မွဲတတ်သည်။

၇။ အမျိုးယုတ်လူအဆင်းလှလျှင် သတိထား၊ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကျိစားနှင့်၊ အမျိုးယုတ်သူ အဆင်းလှက စာဂ တန်တတ်သည်၊ တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

၈။ အဟုတ်အမှန်ကိုလည်း သိမှ၊ အလုပ်အကြံလည်း ရှိမှ၊ အဟုတ်အမှန်ကို သိက သံသရာဘေးပ၍ အနေကျယ်ကြမည်၊ အလုပ်အကြံရှိက ဆန်ရှာရေးလှ၍ အခြေတည်ကြမည်။

၉။ သဌေးလိုကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြွေပွေးကို ငယ်သော်လည်း အလမ္ပာယ်မပြုနှင့်၊ သဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရှိအသေနဲ့လို ပြေမုန်းတတ်သည်၊ မြွေပွေးကို ငယ်သည်ဟု အလမ္ပာယ်ပြုက ထိုမြွေခဲလို့ သေဆုံးတတ်သည်။

၁၀။ မတော်ပဲ မဝယ်နှင့်၊ မခေါ်ပဲ မလယ်နှင့်၊ မတော်ပဲ ဝယ်လေက အသပြာခနဲ ရှုံးတတ်သည်၊ မခေါ်ပဲ လယ်ချေက မကြာခဏ မုန်းတတ်သည်။

၁၁။ မတော်တာကို မမြိုး မစားနှင့်၊ အဖော် မပါလျှင် ခရီးမသွားနှင့်၊ မတော်တာကို မြိုးစားက ဘေးရလို့ ရောဂါ ပွားတတ်သည်၊ အဖော်မပါပဲ ခရီးသွားက အရေးမလှသမို့ သောကများတတ်သည်။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

၁၂။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်၊ ခရီးကို အပြင်းသွားက မှားတတ်သည်၊ မီးကို အကြွင်းထားက ပွားတတ်သည်။

၁၃။ ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားက မုချ မှောက်တတ်သည်၊ အနာရောဂါကို ကြီးပွားက ဒုက္ခရောက်တတ်သည်။

၁၄။ စကားစကား ပြောဖန်များက စကားထဲက ဇာတိပြ၍ မာနတံခွန် ထူတတ်သည်၊ ဘုရား, တရား ဟောဖန်များက တရားထဲက ပါဠိရ၍ ဒါနအလှန် လှူတတ်သည်။

၁၅။ အမျိုးမြတ်မှ အရိုးကို ကြံရာသည်၊ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ 'ဦးနု'မည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ၊ ဆုံးမစာကို၊ တကာ,တကာမ၊ မှတ်သားကြ၍၊ နေ့ - ည လေ့ကျက် ကြပါ ကုန်လော့။

ဖိုးသူတော် 'ဦးနု' စကားပုံ ပြီး၏။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

သိင်္ဂါလောဝါဒသုတ်
ကျင့်ဝတ်လင်္ကာ

တလောကလုံး၊ ညွှတ်ရုံးဦးချ၊ နှိုင်းမမျှသား၊
ဘုရားရှေ့စက်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား
ရှိညွှတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုမှု
သောဝတ်၊ ချွတ်မှုပါယ်ရှာ၊ လားမည့်တာကြောင့်၊
သုတ်ပါထေယျ၊ ကျမ်း၌ပြသည်၊ လောကကျင့်ရာ၊
အကျဉ်းမှာပိမ့်၊ နတ်ရွာဘို့လုံးလုံး၊ ကျက်၍သုံး။

သားသမီးကျင့်ဝတ် ငါးပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံတိုက်စေ၊ လှူမျှဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

မိဘကျင့်ဝတ် ငါးပါး

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊
ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်
မယ်တို့တာ။

၃၀ – ကြိမ်မြောက်၊

www.dhammadownload.com

တပည့်ကျင့်ဝတ် ငါးပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရှတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

ဆရာကျင့်ဝတ် ငါးပါး

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

လင်ကျင့်ဝတ် ငါးပါး

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

မယားကျင့်ဝတ် ငါးပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

မိတ်ဆွေကျင့်ဝတ် ငါးပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

ဒါယကာကျင့်ဝတ် ငါးပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူဧ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

ရဟန်းကျင့်ဝတ် ခြောက်ပါး

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လှန်သောချာ။

ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးလောကဆရာ။
ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေမြင့်ရှည်ကြာ။
ဤသည်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။

လှည်း ဘီး ပြင် က၊ နား စောင့် ချ သို့၊ မိ ဘ နှင့် သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မှန်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာ,တပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ပြုသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမှုချွ၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ လေးရွာဘုံလုံးလုံး၊ လူဖြစ်ရှုံး။

သိင်္ဂါလောဝါဒသုတ် ကျင့်ဝတ်လင်္ကာ ပြီး၏။

သမ္ဘူတ(၁၈) အကြိမ်သုံးဆယ်မြောက်၊

www.dhammadownload.com

သိင်္ဂါလောဝါဒ လူ့ကျင့်ဝတ်ကဗျာ

"ပဏာမ ပဋိညာဉ်"

၁။ ဗုဒ္ဓမြတ်စွာ၊ ထုတ်ကာပေးတဲ့
သုတ်ပါဠိထဲ၊ ကျမ်းစာတွေ။
လူနှင့်တူသူ၊ နာယူကြဖို့
စာမူပြုလို့၊ ရေးပါပေ။
ကျင့်ဝတ်ကျသူ၊ လူအများမှာ
နောင်ခါသွားလိမ့်၊ ထက်နတ်ပြည်။
ဦးဝိသုဒ္ဓ၊ ရွှေဂူက၊ ရေးပြုဟုတ်တာတွေ။
ဟောဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရာ့ အမိန့်သံတွေ။

"မိဘ ကျင့်ဝတ်"

၂။ မကောင်းမှုတွေ၊ ဆိုသမျှကို
ရှောင်ကြ၊ ရှားကြ၊ တားမြစ်လေ။
ကောင်းရာကိုသာ၊ ညွှန်ကာကြားလို့
အတတ်များကို၊ သင်ပါစေ။
ရင်းနှီးပေးဝေ၊ ဥစ္စာများနှင့်
ထိမ်းမြားချိန်ကြ၊ ထိမ်းမြားလေ။
မိဘ,ဘိုးဘွား၊ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။
အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရာ့ အမိန့်တော်တွေ။

၃၀ - ကြိမ်မြောက်၊

" သားသမီး ကျင့်ဝတ် "

၃။ မိဘတွေကို၊ လုပ်ကိုင်ကျွေးလို
ပြုရေးကိစ္စ၊ စီမံလေ။
အမွေကိုသာ၊ ခံယူထိုက်ဖို့
လှူလိုက်ပေးလိုက်၊ အမျှဝေ။
မျိုးအနွယ်ကို၊ စောင့်ကာထိန်းတော့
မတိမ်းစေနဲ့၊ ကျင့်ဝတ်တွေ။
သားသမီးများ၊ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။

အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရား့ အမိန့်တော်တွေ။

" ဆရာ့ ကျင့်ဝတ် "

၄။ အတတ်ပညာ၊ သင်ကာပြလို့
ပွဲပြင်ဆုံးမ၊ နေ့တိုင်းပေ။
ပညာတွေကို၊ ချန်ကာမထားနဲ့
ဘေးရန်များကို၊ တားပါလေ။
သင့်ရာကိုသာ၊ အပ်ကာထားလို့
တပည့်များကို၊ ကြီးပွားစေ။
ဆရာသမား၊ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။

အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရား့ အမိန့်တော်တွေ။

www.dhammadownload.com

အမှတ်တရဆယ်စောင်တွဲ

" တပည့်ကျင့်ဝတ် "

၅။ ညီညာကြကာ၊ လုံ့လများနှင့်
ဆုံးမစကားကို၊ နာယူစေ။
ဆရာလာချင်၊ ကြိုကာဆီးလို့
ထံနီးမှာတဲ့၊ လုပ်ကျွေးနေ။
သင်တဲ့စာတွေ၊ အံ့ကာမေးတော့
ကြံကာတွေးလို့၊ ရွတ်ပါလေ။
တပည့်အများ၊ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။

အဲဒါက "ကျမ်းသိင်္ဂါလ"ဘဂဝါဘုရာ့ အမိန့်တော်တွေ။

" လင်ကျင့်ဝတ် "

၆။ မထီမဲ့ကင်း၊ မပြုလျှင်းနဲ့
အပ်နှင်းပါကွဲ့၊ ဥစ္စာတွေ။
ကာမမိစ္ဆာ၊ ရှောင်ကာရှားလို့
ဝတ်စားကိုလဲ၊ ဆင်ပါလေ။
မြတ်နိုးကြင်နာ၊ မေတ္တာပွားလို့
ချစ်ခင်သနားတော့၊ နေ့စဉ်ပေ။
လင်ဆိုသူများ၊ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။

အဲဒါက"ကျမ်းသိင်္ဂါလ"ဘဂဝါဘုရာ့ အမိန့်တော်တွေ။

၃၀-ကြိမ်မြောက်၊

"မယားကျင့်ဝတ်"

၇။ အိမ်မှုကိစ္စ၊ မှန်မှန်လုပ်လို့
သိမ်းထုပ်ကျနှ၊ သေချာစေ။
မိတ္တာလင်မြှောင်၊ ရှောင်ကာကွင်းလို့
ပြစ်ကင်းအောင်ပ၊ ဖြန့်ချိစေ။
ပျင်းတယ်ဆိုတာ၊ စိတ်မှာမထားနဲ့
လင်သားကိုလဲ၊ ရှိုသေလေ။
အိမ်သူမယား၊ ဝတ်ငါးပါး၊ မမှားကျင့်ပါလေ။

အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရား အမိန့်တော်တွေ။

"ရဟန်းကျင့်ဝတ်"

၈။ မကောင်းရာကို၊ ပယ်ကာမြစ်လို့
ကောင်းရာညွှန်လတ်၊ နေ့စဉ်ပေး။
တရားသစ်ကို၊ ဟောဖော်ကျူးလို့
နာဖူးကိုလဲ၊ ထပ်မံစေ။
နတ်ထိဝင်ရာ၊ လမ်းစဉ်ပြလို့
မေတ္တာမျှတ၊ အမြဲနေ။
ရဟန်းတော်များ၊ဝတ်ခြောက်ပါး၊မမှားပြည့်စုံစေ။

အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရား အမိန့်တော်တွေ။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

"ဒကာ ကျင့်ဝတ်"

၉။ မေတ္တာရေစင်၊ စိတ်တွင်မျှလို့
ဆောင်ရွက်ကိစ္စ၊ ချစ်ကြင်လေး။
ခင်မင်နှုတ်ချို၊ ဆိုစကားနှင့်
ဖိတ်ထားပါတော့၊ လိုရာတွေ။
တတ်နိုင်တာကို၊ လှူပါကြတော့
လှူဒကာ့ဒကာမတို့၊ ကျင့်ဝတ်ပေ။
လှူတကာများ၊ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။

အဲဒါက "ကျမ်းသိဂါလ" ဘဂဝါဘုရား့ အမိန့်တော်တွေ။

"မိတ်ဆွေ ကျင့်ဝတ်"

၁၀။ ပေးကမ်းကာသာ၊ ချိုးမြှင့်ပြောလို့
ကိုယ်နှင့်ယှဉ်ထား၊ စီးပွားတွေ။
တိုးအောင့်ပွားအောင်၊ ကြံဆောင်ရွက်တော့
နှုတ်ခွန်းမြွက်ဟ၊ ချိုသာစေ။
သစ္စာဆိုကာ၊ မှန်စွာသုံးလို့
သူမြတ်ကျင့်တုံး၊ မှန်ပါစေ။
မိတ်ဆွေအများ ဝတ်ငါးပါး၊ မမှားပြည့်စုံစေ။

အဲဒါက "ကျမ်းသိဂါလ" ဘဂဝါဘုရား့ အမိန့်တော်တွေ။

၃၀ - ကြိမ်မြောက်

www.dhammadownload.com

"ဥက္ကဋ္ဌနာယကကြီး ကျင့်ဝတ်"

၁၁။ နိုးကြားထကာ၊ လုံ့လများနှင့်
သနားတတ်သိ၊ သည်းခံလေ။
ဝေဖန်စရာ၊ ဝေဖန်သိလို့
ကြည့်ရှုစောင့်မ၊ ရှိပါစေ။
ညှိနှိုင်းခြောက်ထွေကို၊ မပြတ်သုံးလို့
ရပ်မမှန်းဖို့၊ ဆိုးမနေ။
လူကြီးသူမ၊ နာယက၊ ပြည့်ဝဂုဏ်ခြောက်ထွေ။
အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရား အမိန့်တော်တွေ။

နိဂုံး

၁၂။ ညီသည့်ဝတ်တွေ၊ ကျေစေကြဖို့
ဝေနေယျတို့၊ ကျင့်ပါလေ။
ကျင့်ဝတ်မကျန်၊ မှန်သူများမှာ
ကောန်သွားလိမ့်၊ ထက်နတ်ပြေ။
ကျင့်ဝတ်မကျေ၊ နေသူများမှာ
အပါယ်သွားလိမ့်၊ မုချပေ။
သုတ်ပါထေယျ၊ ကျမ်းငယ်ပြ၊ ဗုဒ္ဓဝါဒပေ။
အဲဒါက "ကျမ်းသိင်္ဂါလ" ဘဂဝါဘုရား အမိန့်တော်တွေ။

ဦးဝိသုဒ္ဓ-ရွှေဂူကျောင်း
ပုဂံမြို့နယ်။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

မဟာဂန္ဓာရုံ ဒုတိယကျောင်းဆရာတော် "ဦးဇောတိက" ၏

မင်္ဂလာကဗျာ နိဒါန်း

(က) သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားကို
နတ်လူအများ၊ ကြံစည်ပေ။
ဘယ်သင်း ဘယ်ဟာ၊ မင်္ဂလာစစ်ဟု
သေချာဝေစိမ်မြစ်၊ မသိလေ။
တဆယ့်နှစ်နှစ်တိုင်တိုင်၊ နတ်ပြိုင်ငြင်းလို့
မင်္ဂလာအခင်း၊ မပြီးပေ။
မင်္ဂလာတရား၊ ဝါဒများ၊ ကွဲပြားနတ်လူတွေ။
အဲဒါကြောင့် ကြံကြံ,စည်ကြ၊ ကမ္ဘာ့မင်္ဂလာတွေ။

(ခ) သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းဝယ်
ကိန်းအောင်းပျော်မွေ့၊ မြတ်စိန္တေ။
သန်းခေါင်ယံခါ၊ နတ်သိကြားများက
မြတ်ဘုရားသို့၊ ဆည်းကပ်လေ။
ဆည်းကပ်ပြီးသော်၊ မင်္ဂလာသဘောကို
ထင်စွာဟောဖို့၊ လျှောက်ပန်ချေ။
အသေဝနတရား၊ အစထား၊ ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရ,ကြားရ၊ တမ္ဘာ့မင်္ဂလာတွေ။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

ဒဂုန်ဦးထွန်းမြင့်၏-မင်္ဂလာကဗျာ

" အသေဝနာစ ဗာလာနံ "

၁။ လူမိုက်ဆိုလျှင်၊ ရှောင်သွေလွဲလို့
မမှီဝဲနှင့်၊ ကင်းအောင်နေ။
ပညာရှိကို၊ အရှည်တွဲလို့
မှီဝဲဆည်းကပ်၊ နည်းယူစေ။
သုံးပါးရတနာ၊ မိဘများနှင့်
ဆရာသမားကို၊ ပူဇော်လေ။
ချမ်းသာကိုပေး၊ ဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

" ပတိရူပ "

၂။ ကုသိုလ်ပညာ၊ ဥစ္စာရဖို့
သင့်ရာဒေသ၊ အမြဲနေ။
ရှေးကတင်ကူး၊ ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး၊ ရှိပါစေ။
မိမိကိုယ်ကို၊ ကောင်းအောင်ထိန်းလို့
မတိမ်းစေနှင့်၊ ဆောက်တည်လေ။
ဥစ္စာကိုပေး၊ နေထိုင်ရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"ဗာဟုသစ္စဉ္စ"

၃။ တတ်ကောင်းတတ်ရာ၊ ဟူသမျှကို
ကြား,မြင်,သုတ၊ ရှိပါစေ။
အိုးအိမ်တည်တောင်၊ ဝမ်းစာရေးနဲ့
အသက်မွေးဖို့၊ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ၊ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား၊ နားလည်စေ။
မှန်ကန်ယဉ်ကျေး၊ ချိုသာအေး
ဆိုရေးတတ်ပါစေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"မာတာပိတု"

၄။ မြင်းမိုရ်ရွှေတောင်၊ မိဘ,ကျေးကို
ကောင်းစွာဆပ်ပေး၊ ဝတ်ကျေကျေ။
ကြွေးသစ်ချကာ၊ သားနှင့်မယား
မြှောက်စားချီးမြှင့်၊ ဝတ်ကုန်စေ။
အလုပ်တာဝန်၊ မလစ်ဟင်းနဲ့
အပြစ်ကင်းအောင်၊ လုပ်ပါလေ။
စည်းစိမ်ကိုပေး၊ ပြုစုရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

www.dhammadownload.com

" ဒါနဉ္စ "

၅။ သုံးတန်စေတနာ၊ ဖြူစင်ဘန်းလို
ပေးကမ်းဝေမျှ၊ လှူနိုင်စေ။
ကိုယ့်နှုတ့်စိတ်ကြံ၊ မမိုက်မှားနဲ့
သုစရိုက်တရားကို၊ ကျင့်ပါလေ။
ဆွေမျိုးတွေကို၊ ပြင်ပမထားနဲ့
သင်္ဂဟတရားနှင့်၊ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး၊ လူထုအကျိုး
သည်ပိုးရွက်ဆောင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

" အာရတိ ဝိရတိ "

၆။ မကောင်းမှုတွေ၊ ဟူသမျှကို
မတွေ့ခင်က၊ ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင်၊ မလွန်ကျူးနဲ့
အထူးသဖြင့်၊ စောင့်စည်းနေ။
အရက်သေစာ၊ မသောက်စားနဲ့
မှောက်မှားတတ်တဲ့၊ အရာပေ။
လုပ်ကိုင်ပြောကြား၊ သတိထား
တရားမမေ့စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

" ဂါရဝေါစ "

၇။ အသက်ဂုဏ်ဝါ၊ ကိုယ်ထက်ကြီးက
ဆည်းကပ် ခ,စား၊ ရှိသေလေ။
မာနတံခွန်၊ ဂုဏ်မကြွနှင့်
ကိုယ့်ကိုနှိမ့်ချ၊ အမြဲနေ။
လောဘအပို၊ လိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့၊ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား၊ မြတ်တရား
နာကြားမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

" ခန္တီ စ "

၈။ စားဝတ်နေထိုင်၊ ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ။
ကျိုးကြောင်းပြည့်နှံ၊ ဆုံးမစကားကို
ပြောကြားလာက၊ နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ်၊ ဟူသမျှကို
မကြာခဏ၊ တွေ့ဆုံလေ။
သဘာဝတွေး၊ မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

၃၀ - ကြိမ်မြောက်

www.dhammadownload.com

“ တပေါစ ”

၉။ လောကီအာရုံ၊ ဇိမ်ယစ်မှုးလို့
ပျော်မကြူးနဲ့၊ ခြိုးခြံလေ။
မေတ္တာ,ဗြဟ္မစိုရ်၊ လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး၊ ယှင်းမသွေ။
လေးပါးသစ္စာ၊ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင်၊ ကြိုးစားလေ။
ဒုက္ခလွတ်ကင်း၊ နိဗ္ဗာန်ချဉ်း
အလင်းပေါက်နိုင်စေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။

“ ဖုဋ္ဌဿ ”

၁၀။ ဆင်းရဲချမ်းသာ၊ သဘာဝ
တွေ့ကြုံနေကျ၊ လူတိုင်းပေ။
ကောင်း,ဆိုး နှစ်တန်၊ အစုံတွဲလို့
တလှည့်စီလဲ၊ အမြဲနေ။
လောကဓံကြုံ၊ မဖြုံတမ်းပေါ့
မတုန်လှုပ်စမ်းနဲ့၊ စိတ်ခိုင်စေ။
သောကကိုထိန်း၊ ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။

၃၀-ကြိမ်မြောက်၊

" မင်္ဂလာပြုကျင့်ရကျိုး "

၁၁။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံး၊ ပန်သူတွေ
စီးပွားချမ်းသာ၊ ကျက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့်၊ တဝေဝေ
ဘေးရန်ကင်းကွာ၊ ချစ်သူပေါ်လို့
စိတ်ရော,ကိုယ်ရော၊ ချမ်းသာမလေ။
ပြောဆိုကြံဆ၊ဆောင်သမျှ၊အောင်ရမည့်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ,ဆင်ကြ'မင်္ဂလာ'ပန်းခိုင်တွေ။

" နိဂုံး ကဗျာ "

၁၂။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားတို့
ပျက်ပြားနေကြ၊ ကမ္ဘာမြေ။
ဟိုတိုင်း,ဒီပြည်၊ ရန်စစ်ခင်းလို့
လူနှင့်လူချင်း၊ သတ်ကာနေ။
ငြိမ်းချမ်းပါစေ၊ အာသီသနဲ့
စွမ်းနိုင်ရာက၊ ကူညီသလေ။
သုံးဆယ့်ရှစ်ပါး၊ မင်္ဂလာတရား
ရေးသား ဖြန့်ကာဝေ။
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ" ကမ္ဘာက သိပါစေ။

ဒဂုန်-ဦးထွန်းမြင့်။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

အရက်သမား 'ဝါဒ' ကဗျာ

၁။ ထူးတယ်,ရှူးတယ်၊ မူးမယ်တဲ့လို့
မြူးဖွယ်အရက်၊ မှတ်လို့ရယ်။
ကြိတ်ကာ,မှိတ်ကာ၊ မျိုကာသွင်းတော့
လူနဲ့လူချင်း၊ စချင်တယ်။
ဒီပုလင်းမလောက်ရင်၊ ဟိုပုလင်းသောက်လို့
တယောက်,တပေါက်၊ ဆူအုံးမယ်။
ရက်ကြောက်တရား၊ မရှိပြား၊ အရက်သမားဝါဒရယ်။
အဲဒါကြောင့်၊ ရှောင်ကြပါတော့
ထာဝရ ကောင်းအောင်ကွယ်။

၂။ ဘီလူးစိတ်ဝင်ကာ၊ ထင်သလိုမိုက်လို့
တွေ့သမျှလိုက်လို့၊ ရမ်းတတ်တယ်။
အဝတ်ဗလာ၊ ကိုယ်မှာပျောက်လျက်
ရွာရိုးလျှောက်လို့၊ ဆဲလိမ့်မယ်။
မကြည့်ချင်သူ၊ တုတ်နဲ့နက်တော့
အုတ်ဆက်ကွဲလို့၊ သေတတ်တယ်။
အရက်သမား "တေ"များ ရန်ပွားတတ်ပါတယ်။
အဲဒါကြောင့်၊ ရှောင်ကြပါတော့
ထာဝရ ကောင်းအောင်ကွယ်။

၃၀ – ကြိမ်မြောက်၊

၃။ လမ်းဘေးအိပ်ကာ၊ လူညွန့်တိုးလျက်
အသက်ပါဆုံး၊ ပျက်စီးမယ်။
ဒါကြောင့် မောင်မယ်၊ တစက်ကလေးကမှ
အရက်မသောက်ဖို့၊ တောင်းပန်ပါတယ်။
အရက်မသောက်ရင်၊ လူအပေါင်းက
သူတော်ကောင်းလို့၊ ဆိုကြမယ်။
အသိတရား၊ စိတ်မှာထား
ရှောင်ရှားသင့်ပါတယ်။

အဲဒါကြောင့် ရှောင်ကြပါတော့ ထာဝရ ကောင်းအောင်ကွယ်။

၄။ ခေါ်းကိုဖျက်တော့၊ ဝါးအမျက်ပေါ့
လူကိုဖျက်တော့၊ အရက်ကွယ်။
သောက်လေ့,မူးလေ၊ ထူးထွေချက်က
အရူးဆက်ဆက်၊ ဖြစ်တတ်တယ်။
ရှောင်လေ,ရှားလေ၊ အဆိပ်တိုးဟု
ဘဝဆုံးမည့်၊ အရက်ကယ်။
သောက်တဲ့သူများ၊ သတိထား
စဉ်းစားပါအုံးကွယ်။

အဲဒါကြောင့် ရှောင်ကြပါတော့ ထာဝရ ကောင်းအောင်ကွယ်။

* ၃၀ – ကြိမ်မြောက်၊

၅။ ရွှောင်ကြဉ်ကြရင်၊ ရောဂါကင်းလို့
လောကအတွင်း၌၊ ထင်လင်းမယ်။
လူရော,နတ်ပါ၊ သဒ္ဓါပွားလျက်
ကြည်ညိုဝပ်တွား၊ ပြုလိမ့်မယ်။
မျက်မှောက်ဘဝလွန်၊ နှစ်တန်အကျိုးတွေ
စည်းစိမ်တိုးလို့၊ ချမ်းသာမယ်။
မောင်မယ်အများ၊ သတိထား
ရှောင်ရှားပါတော့ကွယ်။

အဲဒါကြောင့် ရှောင်ကြမ့ါတော့ ထာဝရ ကောင်းအောင် ကွယ်။

၆။ အရက်သေစာ၊ သောက်သူများမှာ
လောကတလွှား၌၊ မတောင့်တယ်။
သေတဲ့နောက်မှာ၊ အပါယ်ကျလို့
ငါးရာအငဲ၊ ရှုးလိမ့်မယ်။
ဘုရားဟောကာ၊ ကျွန်းဂန်အရနှင့်
သမ်းမှန်ပြလို့၊ ဆိုးမတယ်။
ဦးဝိသုဒ္ဓ၊ ရွှေဂူက၊ ရေးပြထုတ်တာရယ်။

အဲဒါကြောင့် ရှောင်ကြပါတော့ ထာဝရ ကောင်းအောင် ကွယ်။

သမ္မတ (၁၉) အကြိမ်သုံးဆယ်မြောက်

www.dhammadownload.com

ဂဏန်းသင်္ချာ သံပေါက်စာ

ရတနာသုံးစုံ၊ ပန်းကြာခိုင်၊ ကြည်ယုံဦးနှိမ်ချ။
ဂဏန်းလင်္ကာ၊ သံပေါက်စာ၊ မှတ်ပါလေကုန်ကြ။
ရှေးကိုသဝေ၊ ဝဆွဲလေ၊ မသွေရေးကာလ။
ပဲနှင့်စလယ်၊ ပယ်၌ငယ်၊ တင့်တယ်နောက်ပစ်မှ။
မူးကိုနှစ်ချောင်း၊ ငင်တို့ရှောင်း၊ အပေါင်းမှတ်ကုန်ကြ။
လက်သစ်,မတ်လျှင်၊ သေးသေးတင်၊ မြဲပင်မှန်မှုချ။
ဝဆွဲကသတ်၊ ခွက်ဟုမှတ်၊ မပြတ်နှလုံးက။
ပြည်မှာမူကား၊ တံခွန်လွှား၊ အများမှတ်ကုန်ကြ။
ကျပ်,စိတ်,မိုက်လျှင်၊ လုံးကြီးတင်၊ ရေးလျှင်တခဏ။
နောက်ပစ်ဝဆွဲ၊ ခေါ်တခွဲ၊ မလွဲဧကန္တ။
တင်းနှင့် တောင်လျှင်၊ ကင်းစီးချင်၊ မှန်ပင်ယွင်းမခွ။
ထွာမှဝဆွဲ၊ ချစမြဲ၊ တန်မှတ်ကုန်ကြ။
ရေး၍သင်္ချာ၊ ချသည်မှာ၊ ပိဿာမှတ်လေကြ။
တပါး,နှစ်ပါး၊ ရေးမှတ်သား၊ ချထားပေါက်ဝစ္စ။
စာတအင်္ဂါ၊ ရေးသောခါ၊ ချကာကင်းစီးကြ။
အခွက်တဆယ်၊ ရေးခါငယ်၊ မှတ်ဖွယ်တစ်သည။
ရာမှာနှစ်လုံး၊ ထောင်သုံးလုံး၊ ရေးထုံးမလွဲရ။
လေးလုံးသောင်းပင်၊ ငါးလုံးမြင်၊ သိန်းလျှင်မှတ်လေကြ။
ခြောက်လုံးသန်းပေ၊ ရေးကုဋေ၊ သုညခုနှစ်ပြ။
သင်္ချာဂဏန်း၊ ရေးထုံးတမ်း၊ ဆုံးခန်းနိဋ္ဌိတ။

ဂဏန်းသင်္ချာသံပေါက်စာ ပြီး၏။

ကာလအလိုက် စရိုက်ညီအောင်
ကျင့်နည်းဆောင်

ဝှက်ဆိုမှုသား၊ နှုတ်ချိုပျားနှင့်
စီးပွားလိုယောင်၊ ရှုပဆောင်၍
မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား
မေတ္တာချည်းနှိုး၊ လူ့ခွေးမြိုးနှင့်
တသီးတခြား၊ တပါးပြည်ရွာ
မရှောင်သာ၍၊ ပက္ခာပေါင်းဖေါ်
ပြုငြားသော်လည်း၊ အပေါ်ကားယှဉ်
အထဲကြည်၍၊ မာန်ဝင်နှိမ့်ချ
အဝါးဆလျက်၊ ကာလအလိုက်
သူ့အကြိုက်ကို၊ စရိုက်ညီထွေ
ကျင့်တတ်စေ။

ပေါရာဏပဏ္ဍိတကထာ။

ဥစ—ကြိမ်မြောက်၊

www.dhammadownload.com

အိမ်ဆိုးမစာ ရှစ်လုံးဘွဲ့ကဗျာ

(တပည့်ကို ကျက်စေ၍ ဆရာက ရှင်းပြပါ)

၁။ ယူဇနာပေါင်း၊ ရှစ်သောင်းလေးထောင်
မြင့်မိုရ်တောင်မြတ်၊ မြင့်လတ်ပုံဆောင်
ထိုတောင်မက၊ ကြီးလှဂုဏ်ရောင်
မိ နှင့် ဘ၊ ဆရာ့ဂုဏ်အရောင်။

၂။ ဘုရားနှင့်နှိုင်း၊ ပုံခိုင်းသင့်တယ်
ကျေးဇူးဓမ္မ၊ ကြီးလှသွယ်သွယ်
စားဝတ်ကိုပေး၊ ကျွေးမွေးပါကွယ်
ဆိုဆုံးမ၊ ကျင့်ကြသွေမဖယ်။

၃။ အစ်ကို့အစ်မ၊ ရှိကြသူငါ
နှုတ်လှန်ကော်ပက်၊ မဖက်ပြိုင်ရာ
ရှိသေကြဘိ၊ ဘ့မိ ပမာ
အဲဒါမှ၊ ညီလှ လူလိမ်မာ။

၄။ ဆွေမျိုးကြီးနှင့်၊ ဘကြီးတထွေ
မျိုးနွယ်ဝံသ၊ ရှိကြသလေ
ဂုဏဝုဍ္ဎ၊ တုပ်ကွရှိသေ
ပြစ်မှားချက်၊ တသက်ရှောင်ပါလေ။

၅။ မွေးချင်းကစ၊ ရွာကလူတွေ
ရှိပေသမျှ၊ မချမသွေ
ညီကို့မောင်ရင်း၊ ပုံသွင်းကာပေ
ချစ်ခင်ကြ၊ ချစ်ကြမေတ္တာရေ။

၁၀-ကြိမ်မြောက်၊

www.dhammadownload.com

၆။ သေတူ့ရှင်ဖက်၊ ဆောင်ရွက်ကိစ္စ
ပြုဖွယ်အများ၊ ထင်ရှားရှိပြန်
အားကုန်ရိုး၍၊ ပြုအုံးဖန်ဖန်
တွက်ပါနှဲ့၊ ပြုဖွယ့်မှုကိစ္စ။

၇။ ရှေးကစွန့်ကြဲ၊ ကံနှဲ့၍ပေ
တပါးအိမ်သို့၊ ကပ်လို့ခိုနေ
အိမ်ရှင်ကျေးဇူး၊ ထိမ်မြှူးမသွေ
သူ့ဂုဏ်ထူး၊ ရွှင်မြှူးသိပါလေ။

၈။ တယောက်စကား၊ တယောက်နားဝယ်
မခါးစေဘိ၊ သတိဆောင်ကွယ်
ကိုယ်၏စကား၊ ပျားရည်သဖွယ်
ချိုအောင်ပ၊ ပြောကြအသွယ်သွယ်။

၉။ မတွေ့ရန်ခိုက်၊ မလိုက်ဒေါသံ
မျက်မာန်မစူး၊ မကြူးမလွန်
နိုင်အောင်ချုပ်ကြ၊ မာနတံခွန်
ထိန်းပါမှ၊ ဟုတ်လှသူတော်မွန်။

၁၀။ သေနှင့် အရက်၊ စီးပွားပျက်တွေ
တစက်တပေါက်၊ မသောက်နှင့်လေ
ရှောင်ကြပါဟု၊ ပြောရတာတွေ
ရှင်တော်ဟော၊ မမှောအဆိပ်ရေ။

၃၀-ကြိမ်မြောက်၊

၁၁။ ကိုယ်နှင့်နှိုင်း၍၊ မဆိုင်းဖုံ့ဖုံ့
သတ္တဝါများ၊ သနားစေလာကုန်
ကြင်နာစိတ်ထဲ၊ စွဲမြဲဖုံ့ဖုံ့
သူ့အသက်၊ ချစ်လျက်မေတ္တာတုံ။

၁၂။ ပိုင်သူပေးမှ၊ ယူရတာကို
ခိုးမယူနှင့်၊ မသင့်သကို
သူ၏မယား၊ ပြစ်မှားမဆို
ဘီလူးမ၊ ထင်ကြများလူဗိုလ်။

၁၃။ သူတပါးအား၊ လှည့်ဖျားမဆို
လိမ်ဝါစကား၊ ရှောင်ရှားတိုထို
အပါယ်ရောက်ကြောင်း၊ မကောင်းတာကို
ရှိကြောက်ရ၊ ရှောင်ကြများလူဗိုလ်။

၁၄။ ဘုရား,တရား၊ မြတ်ဖျားသံဃာ
အရိယာများ၊ ထင်ရှားရှိတာ
အဥ္စလိမိုး၊ ရှိခိုးပန်ထွာ
ကိုယ်စီပ၊ နေ့-ည ကိုးကွယ်ရာ။

၁၅။ အနိစ္စနှင့်၊ ဒုက္ခ,အနတ္တာ
လက္ခဏာသုံး၊ ကိုယ်လုံးထုံပါ
လည်တွင်ဆွဲမည့်၊ ပုလဲပမာ
ပွားများကြ၊ နေ့-ည ဘာဝနာ။

၃၀-ကြိမ်မြောက်

၁၆။ ငယ်ရွယ်ခိုက်က၊ ပြုလိုက်ဒါနံ
မသွေမဖေါက်၊ ကြီးမြောက်ချိန်တန်
လျောက်ပတ်ဓမ္မ၊ ကျင့်ကြသီလံ
ကိုယ်ကိုထိန်း၊ သိမ်းဆည်းအတန်တန်။

၁၇။ သူတောင်းစားများ၊ တောင်းပြောလေသော်
သဒ္ဓါသုံးဝ၊ ထက်လှသနော်
ပေးကမ်းစွန့်ကြဲ၊ လှူရဲပါသော်
နောက်ဘဝ၊ ရောက်ရ နတ်ပြည်ပေါ်။

၁၈။ သံသရာရေး၊ ကံကျွေးဟူသည်
ဒါနကိုလုပ်၊ အထုပ်အထည်
တံစက်ကြောင်းအောက်၊ မိုးပေါက်ရေသည်
ကြာလျှင်ပြည့်၊ ဆိုသည့်ပုံအညီ။

၁၉။ သူတော်ကောင်းနှင့်၊ ပေါင်းကွဲ့အစဉ်
လူမိုက်ကိုပ၊ ပယ်ကြရှောင်ကြဉ်
မြတ်, လတ်, အယုတ်၊ ခွဲထုတ်ကာပင်
သိပါမှ၊ မုချ လူ့အမြင်။

၂၀။ ကဲ့ရဲ့စကား၊ ရှောင်ရှားအတည်
ဟိရိသြတ္တပ်၊ စောင့်ကြပ် အလီလီ
မုန်းဖွယ်စကား၊ ရှောင်ရှားအတည်
မပြောနှဲ့၊ ဟောတဲ့ ကျမ်းအညီ။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

၂၁။ ဣန္ဒြေများ၊ စောင့်ကြွားခါပေ
သန္ဓေစိဇ၊ ကောင်းကြပါစေ
စိတ်,လက်,နှုတ်စောင့်၊ ဖြောင့်ဖြောင့်နေသော
သူကောင်းသွေး၊ ခေါ်ရေးပြီလှစေ။

၂၂။ ရပ်သူ,ရွာသား၊ မုန်းပွားစေရန်
ဆဲရေးညစ်ညမ်း၊ နှုတ်ကြမ်းခက်ထန်
မဆူကြနဲ့၊ ရှောင်ကွဲ့တန်တန်
စိတ်ကိုချုပ်၊ ကုပ်ကုပ်နေကြရန်။

၂၃။ ဒိလှူတယောက်၊ မျှောက်၏ပမာ
လျှပ်ပေါ်ဘိခြင်း၊ ပြောင်တင်းမျက်နှာ
အပျော်အပျက်၊ မရှက်သူပါ
ရှောင်ပါဟု၊ လူထုဆိုစရာ။

၂၄။ ဒိလိုအမှု၊ မပြုရှောင်ပါ
နေနည်း,ထိုင်နည်း၊ စောင့်စည်းသိက္ခာ
ဒိလိုနေမှ၊ မြင်ကြသူငါ
ရှိသောလိမ့်၊ နှစ်သိမ့်ပီတိဖြာ။

၂၅။ ရောင်းဝယ်ဖေါက်ကား၊ ပွဲကြွားကုန်သွယ်
လောဘမတိုက်၊ ရောင်းလိုက်ဝယ်ဖွယ်
ဈေးတင်နှိမ်ထား၊ မုသားကိုပယ်
အလေးတောင်း၊ ကောင်းကောင်းမှန်ရမယ်။

၃၀–ကြိမ်မြောက်၊

www.dhammadownload.com

၂၆။ ကျေးမွေးပေးကမ်း၊ လူတန်းစေ့အောင်
မျက်နှာလိုက်မှု၊ မပြုခွာရှောင်
ပေးကမ်းချိန်သင့်၊ သူနှင့်လျော်အောင်
လောကဝတ်၊ ယွင်းချွတ်မသွေအောင်။

၂၇။ ဘုန်းကြီးရဟန်း၊ လှူဒါန်းစဉ်မှာ
အင်္ကျီကိုမ၊ ညာကကပ်ပါ
ခြေစုံရပ်ထား၊ ဝတ်တွားကြည်သာ
ကပ်လှူချက်၊ ကျောင်းထွက်ဆိုစရာ။

၂၈။ အဋ္ဌာရသ၊ သိပ္ပမကျန်
ဘာသာမှုရေး၊ သင်ထွေးကျမ်းဂန်
ပြောဆိုရေးသား၊ ဒိုးများသဏ္ဌာန်
မှတ်အောင်ပ၊ သင်ကြအတန်တန်။

၂၉။ ပျော်ရွှင်မှုများ၊ ပယ်ရှားကြဉ်ရှောင်
အလုပ်ခွင်သိ၊ ပျင်းရိမယောင်
ပျားကိုပုံတူ၊ ပြုဘိလူ့ဘောင်
လူ့ဆင့်တန်း၊ ရွှင်လန်းနေရအောင်။

၃၀။ သုံးဆောင်ခံမ်းနား၊ ကြီးပွားလိုသော်
လုံ့လကြိုးကုတ်၊ ပြုလုပ်ကြနော်
ယောက်ျားမိသ၊ ဗီဇအကျော်
လုပ်မှုခင်း၊ မပျင်းကြနဲ့နော်။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

၃၁။ သူများပိုင်သ၊ ဓနကိုရှောင်
ကောက်ကျစ်စဉ်းလဲ၊ အမြဲခွာရှောင်
ကျိုးကြောင်းခွင့်ရေး၊ ဆွေးနွေးရအောင်
ပညာရှိ၊ ချဉ်းဘိ နေ့မရှောင်။

၃၂။ ငါ့အယူမှ၊ မှန်လှပါတယ်
လိပ်ခဲတန်းလန်း၊ အရမ်းငြင်းပယ်
ယူမသီးနဲ့၊ လူကြီး,လူငယ်
စာကိုဖတ်၊ ဆုံးဖြတ်ပါလားကွယ်။

၃၃။ စာကိုမလပ်၊ မပြတ်ကြိမ်ဖန်
ဖတ်ယူမှတ်သား၊ ထူးခြားသိရန်
မဖတ်ရွတ်ပဲ၊ ရှောင်လွှဲနေပြန်
ဘာမသိ၊ စာ၏ဝိပ္ပါယ်မှန်။

၃၄။ ရင်ဝယ်မွေးသည့်၊ ကိုယ်၏သားကို
နေ့စဉ်ပြသ၊ ဆုံးမတာလို
မေတ္တာရှေ့ထား၊ သင်ကြားတာကို
နားထောင်သင့်၊ ကျင့်ကြများလူဗိုလ်။

၃၅။ ရှင်မဟာရဋ္ဌ၊ သာရမထေရ်
ရေးခါပြသ၊ ဆုံးမစာစီ
ထိုစာအခက်၊ အနက်ကိုမှီ
ခေတ်အသုံး၊ စီကုံးရပါသည်။

၃၀–ကြိမ်မြောက်

www.dhammadownload.com

၃၆။ ခေတ်မီစာသွား၊ ရေးသားသူမှာ
ဦးဝိသုဒ္ဓ၊ ခေါ်ကြသည်သာ
စာချုဂုဏ်ထူး၊ ဆွတ်ခူးရှိသာ
ပိဋကတ်၊ မလပ်သင်ခဲ့တာ။

၃၇။ စာပြန်ပွဲလဲ၊ ဝင်နွဲကြိမ်ဖန်
ကြီး‚ငယ် မလပ်၊ မပြတ်အောင်ပြန်
ဗဟုသုတ၊ စုရဖန်ဖန်
လောကီ‚ကုတ်၊ မယုတ်စေဖို့ရန်။

၃၈။ ဤစာရေးမူ၊ ပြုစုချိန်မှာ
သခင်နုဟု၊ ခေါ်မူသည်သာ
တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်စဉ်ပါ
လွတ်လပ်ရေး၊ ပေးစချိန်အခါ။

၃၉။ ဤစာရေးလစ်၊ သက္ကရာဇ်မှာ
ထောင့်သုံးရာကိုး၊ ခေါ်ရိုးကောဇာ
သူ့ကျွန်တွင်းက၊ လွတ်ကင်းချိန်ပါ
လွတ်လပ်ရေး၊ ပေးသည့်ချိန်အခါ။

၄၀။ သူ့ကျွန်သပေါက်၊ လွတ်မြောက်ချိန်မှာ
စိတ်ကရွှင်မြူး၊ အထူးကြည်သာ
ခေတ်မီစာသွား၊ ထင်ရှားစီကာ
ရေးပါရ၊ စိတ်ကပျော်ရွှင်စွာ။

၃၀ - ကြိမ်မြောက်၊

၄၁။ ဧက နဝ၊ ဇယ ဒွယာ
သာသနာနှစ်၊ ရောက်လစ်ချိန်မှာ
ဤစာသင်တန်း၊ ရှင်လန်းမေတ္တာ
ရေးပါကြောင်း၊ ချိန်ကောင်းမင်္ဂလာ။

၄၂။ ပြည်မြို့ဇာတိ၊ ငါ၏ပျော်ရာ
လူရှင်အများ၊ ထင်ရှားသိပါ
နဝဆဒွေး၊ ဧကေးကောဇာ
လူ့အဖြစ်၊ ရလစ် ငါဆရာ။

၄၃။ ဤစာရေးပြု၊ ကောင်းမှုကုသိုလ်
ဝေနေရပေါင်း၊ ရကြောင်းကိုဆို
အမျှဝေတိ၊ ငါ၏ကုသိုလ်
နိဗ္ဗာန်နန်း၊ စံမြန်းရပါလို။

ဦးဝိသုဒ္ဓ-ရွှေဂူကျောင်း
ပျဉ်တိုင်းရွာ-ပုဂံမြို့နယ်။

၃၀-ကြိမ်မြောက်

www.dhammadownload.com

ဆုံးမကဗျာများ

(၁) စံပြဗိုနေဒ် ဒို့ကျောင်းတော်

ဒို့ကျောင်းတော်မှာ၊ ဝေးရပ်နီးက
ပညာရှာမိုး၊ လာကြတယ်။
ရှစ်ရပ်,ရှစ်သွယ်၊ တပည့်ပေါင်းနှင့်
မောင်,မယ်ထောင်သောင်း၊ စုံပါ့ကွယ်။
ညီညွတ်စွာကွယ်၊ နေရန်အကြောင်းမို့
သံချိုဆင့်လောင်း၊ သင်ရတယ်။
သင်တို့စိတ်ဝယ်၊ ဆီထိဂွမ်းသို့
ပီတိတွေလျှမ်း၊ ညှို့နူးဖွယ်။
တပည့်အများ၊ သတိထား
ကြိုးစားလိုက်နှာဖွယ်။
အဲဒါမှ ကမ္ဘာ့စံပြ၊ ကျောင်းမြတ်ခေါ်နိုင်မယ်။

(၂) ညီညွတ်ကြစေ မောင်နှင့်မေ

ပညာသင်နေ့၊ တပည့်များတို့
တမိသားသို့၊ ချစ်ခင်လေ။
ကိစ္စရှိလျှင်၊ တူဆောင်ရွက်လို့
မတွက်ကပ်နှင့်၊ မောင် နှင့် မေ။
စည်းကမ်းရှိသော၊ မလစ်ဟင်းနဲ့
အပြစ်ကင်းလို့၊ ကြိုးစားနေ။
သရေးရှိလျှင်၊ တူယှဉ်တွဲလို့
ဆင်နွှဲကြစို့၊ ဒို့တတွေ။
အဲဒါမှ ကမ္ဘာ့စံပြ၊ ကျောင်းမြတ်ခေါ်နိုင်ပေ။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

(၃) ညီညွတ်ဖို့ရေး ပုံတိုလေး

ဒို့ကျောင်းတော်မှာ၊ ဝေးရပ်နီးက
ကြိုးစားလာပြီး၊ ပညာမှီ။
တပည့်စုံညီ၊ ကျား,မ မရွေးကွဲ့
ညီညွတ်ဖို့ရေး၊ ပုံပြမည်။
ဟိုရှေးအခါ၊ ဗာရာဏရဲ့
ပုရတ္ထိမ၊ ရွှေရပ်သီ။
စိတ္တရဂိဝါ၊ သူရှုးအဖလောင်းနှင့်
ခိုငယ်ထောင်သောင်း၊ ကျက်စားမှီ။
မျိုးချစ်စုံညီ၊ ခေါင်းဆောင်စကားကို
အစဉ်လေးစား၊ ထောင်နွားညီ။
အဲဒါကြောင့် ရန်သူဟူက၊ မှုမျှမကပ်နိုင်ပြီ။

(၄) တပည့်ဝတ္တရား

သုံးပါးရတနာ၊ မိဘများနှင့်
ဆရာသမားကို၊ ရိုသေလေ။
နေ့စဉ်စိတ်မှာ၊ စွဲခါမှတ်၍
သဒ္ဓါခေတ်ဖြင့်၊ ရှိခိုးလေ။
ကျေးဇူးတော်တွေ၊ ကုန်နိုင်ဘူးကွဲ့
မြင့်မိုရ်ဦးထက်၊ မောက်ကဲပေ။
ထိုကျေးဇူးတွေ၊ အနန္တမို့
နေ့စဉ်သတိရ၊ ဆည်းကပ်လေ။
အဲဒါမှ တပည့်ကောင်းတို့၊ ဝတ္တရားကျေနိုင်ပေ။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

(၅) ကျောင်းလိုက်မယ်

ညီညီထွေးတွေ၊ ကျောင်းတော်စိုင်းသို့
ချိန်မှန်နေ့တိုင်း၊ လိုက်စို့ကွယ်။
အတတ်ပညာ၊ သင်အံကုံးကာမှ
ကိုယ်တွက်နောင်ရေး၊ စိတ်အေးမယ်။
စာမတတ်လျှင်၊ လူ့ဗာလတွဲ
ခုဘဝဖြင့်၊ ရှက်ကြောက်ဖွယ်။
နောင်သံသရာ၊ ဟိုဘက်ရှေ့ဘောင်
အထုံဝလှေ၊ ပါတတ်တယ်။
လိုက်မယ် . လိုက်မယ်....။

(၆) မှတ်သားမယ်

မြတ်တဲ့ပညာ၊ တတ်ဖို့ရေးမို့
ညီညီထွေးတို့၊ ကြိုးစားကွယ်။
စည်းကမ်းသွယ်သွယ်၊ လိုက်နာပြီးတော့
ပျော်ပျော်ကြီးဖြင့်၊ သင်ကြမယ်။
အချိန်မှန်မှန်၊ စာအံဖို့မှာ
ဒိုဝတ္တရားကွဲ့၊ ညီထွေးရယ်။
စာအံနေလျှင်၊ စာကိုကြည့်လို့
မပျင်းမရှိ၊ မှတ်သားကွယ်။
မှတ်မယ်...မှတ်မယ်....။

၃၀ - ကြှမ်မြောက်၊

www.dhammadownload.com

(၇) စာကျက်မယ်

အတတ်ပညာ၊ ပြည့်ခါဖြိုးအောင်
ဝီရိယအကျိုးဖြင့်၊ လျှော့ဘူးကွယ်။
ပျင်းစိတ်ကိုပယ်၊ လုံ့လတရားနဲ့
ဇွဲစိတ်ထားလို့၊ အောင်ရမယ်။
မြဲမြဲခိုင်ခိုင်၊ အားမာန်တင်းလို့
မည်းဖျင်းနဲ့၊ ညီထွေးရယ်။
ဒို့မျှားကြီးရင်၊ လူတော်ဖြစ်ဖို့
အားသစ်ကြိုးစား၊ သင်ရမယ်။
"ကျက်မယ်....ကျက်မယ် ...။

(၈) အကျင့်ကောင်း

ဒို့ကျောင်းတော်မှာ၊ ဂုဏ်ရောင်တင့်ဖို့
အခါမလင့်၊ ကြိုးစားကွယ်။
စည်းကမ်းတကယ်၊ လိုက်နာပြီးတော့
ဆရာတပည့်၊ ပီသဖွယ်။
စိတ်ထားစင်ကြယ်၊ သန့်သန့်ထားမှ
စာရိတ္တတရားက၊ ခိုင်မြဲမယ်။
လူ၏အလယ်၊ ရှက်ဖွယ်မရှိအောင်
သတိထားလို့၊ ယဉ်ကျေးကွယ်။
ကျင့်မယ်....ကျင့်မယ်....။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

(၉) ယဉ်ကျေးအောင်နေ

ကျောင်းမှာနေစဉ်၊ မောင်ရင်းနှမသို့
အချင်းကြည်ကြဖို့၊ ရေးရမေ။
သိမ်မွေ့စွာနေ၊ ကျင့်ဝတ်တရားနှင့်
နေ့ညဉ့်မှတ်သား၊ ယဉ်ကျေးစေ။
ကိုယ်,နှုတ်စိတ်ကြံ၊ ပွေလီမစောင်းနှင့်
ရွှေဆီဖယောင်းသို့၊ နူးညံ့လေ။
ပြောဆိုရာတွင်၊ လွန်တော်ကြအောင်
ကျွန်တော်,ကျွန်မ၊ ရှိပါစေ။
မှတ်လေ မှတ်လေ....။

(၁၀) ပေါင်းသင်းဆက်ဆံ ယဉ်ကျေးရန်

ကိုယ့်ထက်ကြီးသူ၊ ရှင်,လူအပေါင်းကို
သံချိုခွင့်တောင်း၊ လွန်ရိုသေ။
ဘိုး,ဘွား,မောင်,မေ၊ မမကြီးနှင့်
ဦးကြီးရွယ်ကျ၊ ဦးကြီးပေ။
ဒေါ်ကြီး,မောင်ငယ်၊ ညီမလေးနှင့်
ညီထွေးတော်က၊ ခေါ်ရစေ။
ပြောဆိုရာတွင်၊ လွန်ယဉ်ကျေးဖို့
သွန်သင်ပေးရ၊ မောင်နှင့်မေ။
မှတ်လေ....မှတ်လေ....။

သမ္မတ(၂၀) အကြိမ်သုံးဆယ်မြောက်

www.dhammadownload.com

(၁၁) ပညာသင်နေ ကျန်းမာစေ

ဝတ်စားစင်ကြယ်၊ သန့်ပြန့်ရှင်းမှ
ကျန်းမာခြင်းနှင့်၊ ညီညွတ်မယ်။
ချေးညှော်တင်လွယ် ဝတ်အစားကို
ဂရုထားလို လျှော်ရတယ်။
ပွဲသွား,အိပ်လည်း၊ ချိန်မဖြုန်းနှင့်
စိတ်ကိုဆုံးမ၊ စာကြည့်ကွယ်။
အားသပ်ချိန်ဝယ်၊ ကျန်းမာရေးကို
အားသစ်ပေးလို့၊ လိုက်စားကွယ်။
မှတ်မယ် .. မှတ်မယ် ...။

(၁၂) ပစ္စည်းရှိသေ သိမ်းဆည်းလေ

ကျောင်းတော်မှာနေ၊ ညီ,ညီမတို့
ကိုယ်စီပါကြ၊ ပစ္စည်းတွေ။
သိမ်းဆည်းရိုသေ၊ ထင်ရာမထားနှင့်
အစဉ်မှတ်သား၊ ကောက်သိမ်းပေ။
သူ၏ဥစ္စာ၊ ကိုင်ချင်ငြားက
ပိုင်ရှင်ထံသွား၊ ပန်ကြားလေ။
စာအုပ်,ပေတံ၊ ကျောက်သင်ပုန်းနှင့်
ကျောက်တံ,ပျောက်ဆုံး၊ မရှိစေ။
သိမ်းလေ....သိမ်းလေ ...။

(၁၃) စောင့်ထိန်းရှိသေ မျိုးချစ်သွေး

အမျိုးဘာသာ၊ တိုးကာတက်အောင်
ဒို့ကမပျက်၊ ဆောင်ရွက်ကွယ်။
အမှုကြီးငယ်၊ သွယ်သွယ်ရှိက
အားပြည့်အင်ပြည့်၊ ညီညွတ်မယ်။
ကြီးကြီးငယ်ငယ်၊ ကျားမ မရွေးကဲ့
ဗမာ့သွေးက၊ စွမ်းအားကြွယ်။
ချစ်ကြင်နာဖွယ်၊ ယဉ်ရာစကားနဲ့
အစဉ်ကြိုးစား၊ စံပြဖွယ်။
ချစ်မယ် ...ချစ်မယ်....။

(၁၄) ထိန်းသိမ်းစို့လေ ဒို့ပိုင်မြေ

ဒို့ဘိုး ဒို့ဖေ၊ ဒို့မြေကြီးမို့
ဒို့ရွှေသီးလို့၊ မြတ်နိုးပေ။
ချစ်မြတ်ရှိသေ၊ အသက်ပေးလို့
ပြည်ရေးအတွက်၊ ကာဆီးလေ။
ရန်သူလာလျှင်၊ ကျူပင်ခုတ်သို့
ကျူငုတ်တောင်မှ၊ ချန်ပူးဟော။
အမျိုးရှိသေ၊ ညီနောင်များတို့
ပြည်ထောင်သားမို့၊ သွေးစည်းနေ။
ဒို့မြေ....ဒို့မြေ....။

ဦးစိတ္တရ-ကံကျောင်း (ဇကဍ္ဍာ)
ပုဂံညောင်ဦးမြို့နယ်။

၃၀ - ကြိမ်မြောက်

www.dhammadownload.com

ကံငါးပါး ရှောင်ကြဉ်ရန် ကဗျာ

ပါဏာတိပါတ၊ ရှောင်ကြပါလျှင်
လူသတ်,နွားသတ်၊ ကျွဲသတ်,ကင်းစင်
သတ်ခြင်းကင်းပ၊ စိတ်ကချစ်ခင်
ခုဘဝ၊ အေးရ ထောင်,ကျွန်းပင်
နောင်ဘဝ၊ လားရ ထက်နတ်ခွင်။

အဒိန္နာဒါန၊ ရှောင်ကြပါလျှင်
ခိုးမှု,တိုက်မှု၊ ပြစ်မှုကင်းစင်
ခိုးခြင်းကင်းပ၊ စိတ်ကကြည်လင်
ခုဘဝ၊ အေးရ ထောင်,ကျွန်းပင်
နောင်ဘဝ၊ လားရ ထက်နတ်ခွင်။

ကာမေသုပ၊ ရှောင်ကြပါလျှင်
မုဒိမ်းမှုများ၊ ကင်းငြားမှန်ပင်
မုဒိမ်းကင်းပ၊ ဘယကင်းစင်
ခုဘဝ၊ အေးရ ထောင်,ကျွန်းပင်။
နောင်ဘဝ၊ ရောက်ရ နတ်ပြည်ခွင်။

မုသာဝါဒ၊ ရှောင်ကြပါလျှင်
လိမ်မှု,ဝါမှု၊ ညာမှု ကင်းစင်
သစ္စာ,သမာဓိ၊ မြဲဘိကိုယ်တွင်
နောင်အကျိုး၊ ပွင့်ဖြိုးအမှန်ပင်။

www.dhammadownload.com

သုရာမေရယ၊ ရှောင်ကြပါလျှင်
ဟိရိသြတ္တပ်၊ စောင့်ကြပ်ကိုယ်တွင်
ခုဘဝလဲ၊ စိတ်ထဲကြည်လင်
နောင်ဘဝ၊ ရောက်ရှု ထက်နတ်ခွင်။

ဦးပညာဝံသ
ကံကျောင်း-ပလ္လင်ရွာ
တောင်သာမြို့နယ်။

သတိပေးကဗျာ

(၁) ပညာသင်ခါ တွေးတောပါ

မြတ်ကျောင်းတော်မှာ၊ ဝေးရပ်နီးက
ပညာရှာမှီး၊ လာကြတယ်။
ကြီးကြီး,ငယ်ငယ်၊ တပည့်များကို
သတိထားဖို့၊ ပြောပြမယ်။
ငယ်စဉ်အခါ၊ ပညာဘက်ကို
သင်အံလေ့ကျက်၊ ကြိုးစားကွယ်။
နောင်သောအခါ၊ ပညာရှိမှ
အမြင်မှန်သိ၊ တိုးပွားမယ်။
ပညာပါးရှား၊ ထိုသူအား၊ ဆိုးရွားမျက်နှာငယ်။
အဲဒါကြောင့် ဤပုံပြင်ကို၊ သင်တို့ ကျက်မှတ်ကွယ်။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

(၂) ပညာမပါ လွန်နစ်နာ

ဟိုရှေးအခါ၊ ဗာရာဏသီ
လှန်ကြွယ်ဝတဲ့၊ သဌေး မောင်,မယ်။
ပုတ္တသည်းချာ၊ သားရတနာ အစစ်ကို
တကဖဝါးမကျွ၊ ချစ်လို့ မခွဲနိုင်ဖွယ်။
အသယ်ယူသန်ခါ၊ အချစ်မှားတော့
အပြစ်များရှဲ၊ ချိန်ဖြုန်းတယ်။
နေ့ရက်ကုန်ခါ၊ စာမဘတ်တော့
ဗလာချာမပြတ်၊ မိုက်သေးကြွယ် ၊
တောင်,မြောက် လေးပါး၊ မသိငြား၊ ဆိုးရွားလှပါတယ်။
အဲဒါကြောင့် ပညာသင်ကာ၊ ယဉ်ရာသုံး မောင်,မယ်။

(၃) ငယ်စဉ်အခါ ပညာရှာ

ငယ်စဉ်အခါ၊ ပညာများကို
သင်ပါကြိုးစား၊ နေ့တိုင်းသာ။
ပျင်းစိတ်ကိုပယ်၊ ပွဲသိပ်မသွားနဲ့
ဇွဲစိတ်ထားလို့၊ ကြိုးစားရှာ။
ကစားကိုသာ၊ အာရုံမထားနှင့်
စာရိတ္တတရား၊ ခိုင်မြဲပါ။
အပေါင်းမှားခါ၊ မိတ်တု မပျက်အောင်
စိတ်ရှုလျက်နှင့်၊ ရှောင်ရှားကွာ။
ငယ်စဉ်ခါကြိုးစား၊ စာပေများ၊ သင်ကြားကျက်မှတ်ပါ။
အဲဒါမှ လောကပေါ်မှာ၊ လူတော်,လူလိမ္မာ။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

(၄) ပညာရွှေအိုး လူမခိုး

လောကုတ်,လောကီ၊ ပညာများကို
သင်ခါမှတ်သား၊ ကြိုးစားပါ။
နောင်သောအခါ၊ ချိန်ရွယ်ရောက်တော့
ပညာဂုဏ်ကြောင့်၊ ပေါ်ပြီးလာ။
တတ်ပြီးပညာ၊ လူသူယုတ်တို့
ဘယ်လိုဖောက်ထုတ်၊ မခိုးပါ။
ရွှေ,ငွေ ကိုသာ၊ လိမ်ကာခိုးလို့
ပညာတန်ဖိုး၊ နောင်သိမှာ။
ပညာရွှေအိုး၊ လူမခိုး၊ သင်ကျိုးမယုတ်ပါ။
အဲဒါမှ လောကပေါ်မှာ၊ လူတော်,လူလိမ္မာ။

(၅) အိမ်ပြန်သောအခါ ယဉ်ကျေးပါ

အိမ်ပြန်သောအခါ၊ စီကာတန်းလို့
ညီညာရှင်လန်း၊ ပြန်ကြလေ။
လမ်းဘေးတက်ကာ၊ ထင်ရာမသွားနဲ့
ဆူညံရှောင်ရှား၊ ယဉ်ကျေးစေ။
တုတ်,ဓား,သစ်ချွန်၊ လက်နက်များကို
မကိုင်ရှောင်ရှား၊ စောင့်စည်းနေ။
ကျောင်းသူ,ကျောင်းသား၊ သတိထား၊ ကြိုးစားလိုက်နာစေ။
အဲဒါမှ ဒို့ကျောင်းတော်ရဲ့၊ စည်းကမ်းဥပဒေ။

ဦးစိတ္တရ–စိတ္တသုခကျောင်း၊
ပြည်တော်သာရွာသစ်–ပုဂံညောင်ဦးမြို့နယ်။

www.dhammadownload.com

ကောသလမင်းကြီး အိပ်မက် (၁၆)ချက်

မေး-ဖြေ သံပေါက်

ကောသလမင်း၊ အိပ်မက်ခင်း၊ ညဥ့်တွင်း(၁၆)ဖြာ၊
လောကာသနင်း၊ တရားမင်း၊ ရှင်းလင်းဟောပြရှာ။
သာသနာတော်၊ နှစ်ထောင်ကျော်၊ နှောင်ဆော်ရောက်သောခါ။
တရားကင်းကြ၊ မင်းပါပ၊ မုချ အုပ်စိုးမှာ။
ထိုမင်းလက်ထက်၊ သင့်အိပ်မက်၊ မပျက်ပေါ်ထွက်မှာ။

(၁)

မေး၊ နွားနက်လေးကောင်၊ ဝှေ့မည်ယောင်၊ တိမ်းရှောင်ထွက်ပြေးသည်။
ဖြေ၊ လေး ဘက် ညို ရောင်၊ မိုး တိမ် တောင်၊ ရွာယောင်ကွင်းလိမ့်မည်။

(၂)

မေး၊ တထွာ,တတောင်မျှ၊ သစ်ချုံကြ၊ ပွင့်ကြ,သီးကြသည်။
ဖြေ၊ ကညာပျို့မ၊ ဣတ္ထိယ၊ ငယ်ကအိမ်ထောင်မည်။

(၃)

မေး၊ နွားငယ်မနို့၊ နွားကြီးတို့၊ စို့လို့မြင်မက်သည်။
ဖြေ၊ ကျေးဇူးကြီးလှ၊ မိနှင့်ဘ၊ သားက ဝေကျွေးမည်။

(၄)

မေး၊ နွားကြီးကိုပယ်၊ က,နွားငယ်၊ ဝန်မယ် မရုံးသည်။
ဖြေ၊ လူကြီးကိုပယ်ရှား၊ လူငယ်များ၊ မြှောက်စားနိုင်ငံပြည်။

၃၀-ကြိမ်မြောက်၊

www.dhammadownload.com

(၅)

မေး၊ ခံ တွင်း နှစ် ပေါက်၊ မြင်း စား သောက်၊ မလောက် မြင်မက်သည်။

ဖြေ၊ လာဘ်နှစ်ဘက်စား၊ မှူးမတ်များ၊ တရားစီရင်မည်။

(၆)

မေး၊ မြေခွေးအိုထံ၊ ရွှေခွက်နှံ၊ စွန့်ပြန်ကျင်ငယ်ရည်။

ဖြေ၊ မိန်းမမြတ်မှာ၊ လူမိစ္ဆာ၊ အိမ်ရာထောင်လိမ့်မည်။

(၇)

မေး၊ သားရေလွန်ကား၊ ခြေရင်းထား၊ ပုံစားခွေးငတ်မှီ။

ဖြေ၊ လင်မသိအောင်၊ ပစ္စည်းဆောင်၊ လင်မြှောင် ကျွေး လိမ့်မည်။

(၈)

မေး၊ ရေပြည့်အိုးကြီး၊ ထပ်လောင်းမှီး၊ ချည်းနှီးအိုးငယ်တည်။

ဖြေ၊ မင်းဘဏ္ဍာသာ၊ တိုးအောင်ရှာ၊ ပြည်ရွာနာလိမ့်မည်။

(၉)

မေး၊ ရေကန်ကြီးမယ်၊ နောက်အလယ်၊ နားဝယ်ကြည်လှသည်။

ဖြေ၊ မြို့အလယ်တွင်၊ ပေရှုပ်အင်၊ မြို့ပြင်စည်ကားမည်။

(၁၀)

မေး၊ ထမင်းအိုးနှပ်၊ ပြော့မာဆတ်၊ ကျက်လတ်သုံးမျိုးတည်။

ဖြေ၊ မင်းနှင့်လူများ၊ မတရား၊ ကွက်ကြားမိုးရွာမည်။

၃၀ - ကြိမ်မြှောက်၊

www.dhammadownload.com

(၁၁)

မေး၊ စန္ဒကူးကြုတ် ရက်တက်ပုပ်၊ ရောင်းထုတ်ငယ်ကြသည်။
ဖြေ၊ တရားယောခါ၊ ပစ္စည်းရှာ၊ မြို့ရွာလယ်လိမ့်မည်။

(၁၂)

မေး၊ ချည်းနှီးဗူးတောင်း၊ ရေနစ်အောင်း၊ ပေါ်ကြောင်း မြင်မက်သည်။
ဖြေ၊ ပညာရှိများ၊ မကျော်ကြား၊ ရှောင်ရှားမြုပ်ကွယ်မည်။

(၁၃)

မေး၊ ကျောက်ခဲကြီးများ၊ ရေပေါ်သွား၊ ထင်ရှား မြင်မက်သည်။
ဖြေ၊ မိုက်သူပြောမှု၊ သဘောကျ၊ လောကဖြစ်လိမ့်မည်။

(၁၄)

မေး၊ ဖါးငယ်မကာ၊ မြွေဟောက်ထာ၊ လိုက်ကြကိုက်စားသည်။
ဖြေ၊ ကညာပျိုမော်၊ လင်အိုပေါ်၊ ငေါက်အောင်နိုင်လိမ့်မည်။

(၁၅)

မေး၊ ကျီးကိုဟင်္သာ၊ ခြံရံကာ၊ နေတာမြင်မက်သည်။
ဖြေ၊ ပညာရှိများ၊ လူမိုက်အား၊ ဝပ်တွားရလိမ့်မည်။

(၁၆)

မေး၊ ဆိတ်က သစ်,ကျား၊ ကျွတ်ကျွတ်ဝါး၊ ကိုက်စားတတ်ကြသည်။
ဖြေ၊ သူယုတ်မြင့်မြတ်၊ ပညာတတ်၊ တောရပ်ပြေးရမည်။

---

၃၀ - ကြိမ်မြောက်

www.dhammadownload.com

ပဌမ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သော
ကောသလမင်းကြီး အိပ်မက် (၁၆)ချက်
လေးဆစ်အချိုးလင်္ကာ

အမှာစကား။ ။မေး–ဟူသော အထက်စာပိုဒ်ကို အိပ်မက်စကား။ ဖြေ–ဟူသော အောက်စာပိုဒ်ကို ဘုရားအဖြေစကားဟု မှတ်ယူကြပါကုန်။

ကောသလ စောလှတဲ့ရာဇာ။ ။ဆယ့်ခြောက်ဖြာ အိပ်မက်ခန်း၊ ကျမ်းထွက်သောချာ။

မိန့်ခွန်းဖြာ လင်္ကာပျံ့ပျူး၊။ ။သောတု နှောင်လာတို့၊ မှတ်စိမ့်ငှါ ရည်ရွယ်တွေး၊ ရေးပြမိန့်ဦး။

၁။ ပဌမ အိပ်မက်တော်

မေး၊ ဥသဘ၊ နွားလုတဲ့ လေးကောင်။ ။ဇွဲမယောင် ရှောင်ကာပြေးတယ်၊ ဝေးရပ်သီခေါင်။

ဖြေ၊ မိုးရိပ်ကယ် မှောင်၊ တိမ်တောင်တက်ချုံး။ ။ လျှပ်စစ်ကယ် ရောင်ဝါနှင့်၊ ရွာမလို ဟန်ပုံခင်းတယ်၊ ကွင်းပျောက်လို့ဆုံး။

၂။ ဒုတိယ အိပ်မက်တော်

မေး၊ ချိန်မကျခင်က၊ ရုက္ခတဲ့ သစ်ပင်ငယ်။ ။ဖူးငုံတန် ပွင့်တန်မှီး၊ သီးကြသွယ်သွယ်။

www.dhammadownload.com

ဖြေ၊ မိန်းမငယ်၊ သူငယ်ယောကျ်ား။ ။ချစ်မေတ္တာပိုလျှံလို့၊ ရှယ်မတန် သန္ဒေမြတ်ကို၊ စွဲကပ်လို့ဖွား။

၃။ တတိယ အိပ်မက်တော်

မေး၊ ယနေ့ဖွား၊ နွားလှတဲ့သားငယ်။ ။ထည့်ကို မိခင်စို့တယ်၊ ထူးလို့မှတ်ဖွယ်။

ဖြေ၊ ကျေးဇူးကြွယ်၊ မွေးမယ်ဘရင်း။ ။ဝတ်စား မကုန် တန်လို့၊ သမီးထံ့, သားထံ ချော့ရတယ်၊ ပျောင်းပြော့ ဝပ်စင်း။

၄။ စတုတ္ထ အိပ်မက်တော်

မေး၊ နွားငယ်ကို ဝန်ဆောင်ထားလို့၊ နွားကြီးကိုတဲ့ ပြင်ကရုံ၊ မရှုန်းနိုင် ပြင်ကထားတယ်၊ သွားတဲ့ဖြစ်ဟန်။

ဖြေ၊ မှူမျိုးမှန်၊ ချောင်သိကြွား။ ။လူကြီးကို ပယ်ခွာလို့၊ လူငယ်မှာ နိုင်ငံရေးကို၊ ပေးအပ်လို့ထား။

၅။ ပဥ္စမ အိပ်မက်တော်

မေး၊ ကြုံပြန်ရ၊ အသြတဲ့ ရာဇာ။ ။ခံတွင်း နှစ်တန်နှင့်၊ မူယောဆန် ယူလို့စားတယ်၊ ခြားလို့မှတ်ရာ။

ဖြေ၊ ထိုးပဏ္ဏာ၊ နှစ်ဖြာယူစား။ ။နှစ်ပါးစုံ မကုန်တန်မှ၊ မမှန်ကန် ဖြန်ကာဖြတ်လယ်၊ ပြီးပြတ်တရား။

www.dhammadownload.com

၆။ ဆဋ္ဌမ အိပ်မက်တော်

မေး၊ သိင်္ဂီစင်၊ ရွှေလင်ပန်းကိုလ၊ ညစ်ညမ်းယုတ်မြေခွေးတန်။ ။ စွန့်ကျင်ငယ် ရေပြန်လောင်းတယ်၊ ကြားရ ဖြစ်ဟန်။

ဖြေ၊ မျိုးမမှန်၊ မင်းထံမြှောက်စား။ ။ဝတ်စားမကုန်တန်လို့၊ မျိုးမှန်သူ ကညာရင်းကို၊ သွင်းရ ဖြစ်လား။

၇။ သတ္တမ အိပ်မက်တော်

မေး၊ အင်းပျဉ်ပေါ် လူလွန်ကျစ်လို့၊ ခွေးညစ်က အောက်၌ သာ။ ။မသိရှာ လွန်အဖျားကို၊ စားကုန်သည့်တာ။

ဖြေ၊ လင်ကြီးမှာ ရှာဖွေစုရုံး။ ။အိမ်နေသူ လင်ငယ်ထားလို့၊ စားဆန်ရေ ဟူသမျှကို၊ သုံး၍ ပျက်ပြုန်း။

၈။ အဋ္ဌမ အိပ်မက်တော်

မေး၊ ရေပြည့်လျှံ အိုးခံကြီးကို၊ အချည်းနှီး အိုးငယ်ရံ။ ။ ပြည့်ရာမှာ ထပ်ကာလောင်းလို့၊ မရှိရေ အိုးငယ်ပေါင်းကို၊ စောင်းမကြည့်ပြန်။

ဖြေ၊ မင်းကြီးထံ သုံးရန် မှုများ။ ။ဝတ်စား သုံး ရန်ဖို့၊ ကိုယ့်ဥစ္စာ အိမ်ထောင်မှုကို၊ စောင့်မရှုအား။

၉။ နဝမ အိပ်မက်တော်

မေး၊ ခပ်သိမ်းသူ ချိုးရေခတ်ကြတယ်၊ ထူးမြတ်တဲ့ ကန်မဟာ။ ။ အနားကြည် အလယ်နောက်တယ်၊ ဖြိုးမောက်လို့သာ။

၃၀-ကြိမ်မြှောက်၊

www.dhammadownload.com

ဖြေ၊ တိုင်းစွန်မှာ၊ ရုပ်ရှာစည် ကား။ ။မင်းစိုး ရာဇာတို့၊ နေပြည်တော်မှာ ခွန်ကော်ခဲ့တယ်၊ မှဲ့လို့ပျက်ပြား။

၁၀။ ဒသမ အိပ်မက်တော်

မေး၊ အိုးအတန်၊ ဆန်တော်ခတ်ပါငဲ့၊ ပြော့မနပ် မတော်မှန်။ ။ မင်းသုံးထွေ ကျက်ပုံကွဲတယ်၊ လွဲရက်ရှိပြန်။

ဖြေ၊ မိုးမမှန် ရှာဟန်ကွက်ကြား။ ။နှစ်ပျက်ကယ် မအောင် ရေနှင့်၊ အောင်သုံးရေ အမည်ကွဲတယ်၊ လွဲတဲ့စပါး။

၁၁။ ဧကာဒသမ အိပ်မက်တော်

မေး၊ တသိန်းတန် စဒ္ဒကူး၊ နေ့ကြူးပုတ် ရက်တက်ရေ။ ။ အဖိုးငယ် မတန်ပဲ၊ လဲထပ်ကြပေ။

ဖြေ၊ မြတ်ဗုဒ္ဓေ စိန္တေမိန့်ကြား။ ။ဖိုးနဂ္ဂါ ဓမ္မာမြတ်ကိုတဲ့၊ ပစ္စယာ လေးဖြာရပ်ကယ်နှင့်၊ လဲထပ်လို့စား။

၁၂။ ဒွါဒသမ အိပ်မက်တော်

မေး၊ ဗူးတောင်းကွဲ၊ ပေါ်မြဲတဲ့ ဓမ္မတာ။ ။ရေပြင်မှာမတည်ပဲ၊ ထဲနစ်သည်သာ။

ဖြေ၊ သီလဝါ၊ ပညာရှိများ။ ။ရဟန်း ရှင်လူတို့၊ ကျေးဇူးမူ ဂုဏ်သိရ်မြှုပ်တယ်၊ ကျိုးယုတ်အလား။

၁၃။ တေရသမ အိပ်မက်တော်

မေး၊ ကျောက်ဆိုင်ခဲ၊ နစ်မြဲတဲ့ ဓမ္မတာ။ ။ရေပေါ်မှာ လှေအလားသို့၊ ငွါးငွါးထင်လာ။

၃၀ - ကြိမ်မြောက်၊

www.dhammadownload.com

ဖြေ၊ နိသိလာ၊ ပညာမဲ့များ။ ။ရဟန်းရှင်လူတို့၊ ကျေးဇူးမှု ထင်ပေါ်ကောင်းတယ်၊ ကြောင်းဖြစ်အလား။

၁၄။ စုဒ္ဒသမ အိပ်မက်တော်

မေး၊ ကိုယ်တဆုပ် ကယ် နှင့်၊ ပိန်စုပ်ငှ ဖါးသူငယ်။ ။ မြွေကြီးကို ကိုက်ခါဝါးလို့၊ စားခဲ့ပြန်တယ်။

ဖြေ၊ မိန်းမငယ်၊ ဆိုးကျယ်ညစ်ညမ်း။ ။မှုမျိုးကို သူစီရင်လို့၊ ကိုယ့်လင်ကို ကိုယ်အနိုင်ကျင့်တယ်၊ ဘေးသင့်ခမန်း။

၁၅။ ပန္နရသမ အိပ်မက်တော်

မေး၊ ရွှေအလား၊ ငှက်များတဲ့ဟသာ။ ။ကျီးနက်ကို ခြံရံခတယ်၊ ရှေးကကြမ္မာ။

ဖြေ၊ မျိုးယုတ်မာ၊ ရာဇာဖြစ်လား။ ။အမျိုးငယ်မြတ်သူတို့၊ ရှေ့တူရူ ခစားပဉ္စင်းတယ်၊ ကြောင်းသင့်အလား။

၁၆။ သောဠသမ အိပ်မက်တော်

မေး၊ ကျားသစ်သားကိုလ၊ ဆိတ်စားလို့ ကုန်နေပြီ။ ။ ဆိတ်ကိုမြင် သစ်ခတ္တပုန်းတယ်၊ ထုံးနှင့်အညီ။

ဖြေ၊ သုလဇ္ဇီ၊ ဒုသီတို့နှိမ်နင်း။ ။သီလဝံ အရှင်မြတ်ကယ်တို့၊ ဒုသီကို အမြင်ကပ်သော်ကြောင့်၊ တောရပ်သို့ချဉ်း။

နိဂုံး။ ။ကောသလ၊ စောလှဘဲ့ရာဇာ။ ။ဆယ့်ခြောက်ဖြာ အိပ်မက်ကြီး ပြီးနိဋ္ဌိတာ။
မိန့်ခွန်းဖြာ၊ လက်ာသန့်ရှင်း။ ။နောက်သား ရှင်လူတို့၊ သူမြင်တာ မှန်မလွဲတယ်၊ မြဲမှတ်ကြမင်း။

ရည်ရွယ်ချက်

နေ့ခင်စဉ်လာ၊ လူအများတို့
မှတ်သားဖို့၊ ကြံရည်ရွယ်။
"**ဦးသိန်းမောင**"
စေတနာထားကို၊ များသိစေဖွယ်။

ပညာကြွယ်၊ ဆုဝယ်ရကြောင်း
"**သမ္မတ–ဆယ်စောင်**" တွင်းမှာ၊ သွင်းထည့်ထပ်လောင်း။
ယင်း–ကောသလမင်းကြီးအိပ်မက် (၁၆)ချက်ကို
စစ်ကိုင်းတောင်ရိုး(အနီးစခမ်း–ဆရာတော်ဘုရားကြီး)ကလည်း
အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါသည်။

(ဆင်ခြင်အောက်မေ့နိုင်ကြပါစေ)

ဦးသိန်းမောင
သမ္မတပုံနှိပ်တိုက်။

၃၀ – ကြိမ်မြောက်၊

www.dhammadownload.com

"အထူးအစီရင်ခံချက်"

ကျွန်တော်၏ "သမ္မတဆယ်စောင်တွဲ" ကို အားပေးချီးမြှင့်ဝယ်ယူ ရောင်းချပေးကြကုန်သော အမြို့မြို့အနယ်နယ်ရှိ စာအုပ်ကုန်သည်အပေါင်း တို့အား လည်းကောင်း, ဝယ်ယူသုံးစွဲ အားပေးတော် မူကြကုန်သော ရဟန်းရှင်လူ ကျောင်းသူကျောင်းသားတို့အား လည်းကောင်း, "သမ္မတ ဆယ်စောင်တွဲ"တွင် ထည့်သွင်းရန် "ဓာတ်နီကျော်ဆုံးမစာ" မှများ ချီးမြှင့် ပေးပို့တော်မူကြကုန်သော အနယ်နယ်အရပ်ရပ်မှ ပုဂ္ဂိုလ်တို့ အားလည်းကောင်း, အထူးကျေးဇူး တင်ရှိပါကြောင်း။

ထိုကဲ့သို့

※ စာအုပ်ရောင်းချ အားပေးသူ

※ ဝယ်ယူသုံးစွဲ အားပေးသူ၊

※ စာမူချီးမြှင့် ပေးပို့သူ၊

ရဟန်း, ရှင်, လူအပေါင်းတို့အား၊

ကျေးဇူး တုံ့ပြန်သောအနေအားဖြင့်

ကျွန်တော်၏

သမ္မတ, ဆယ်စောင်တွဲ

"ကို"

ပွင့်သစ်စ ပန်းအသွင်ကဲ့သို့ အမြဲတန်း လန်းရွှင်ချနေရန်

(က) ခေတ်သုံး ၁၀-မိုနိုစာလုံးအသစ်များဖြင့် ရိုက်နှိပ်ထားခြင်း၊

(ခ) စာအခန်းအထားမှန်ကန်သန့်ရှင်း၊ ခန့်ညားအောင်ထူးခြားစွာ စီစဉ်ထားခြင်း။

(ဂ) ကြည့်ရှုသူတို့အား အကျိုးများရန် စာမူကိုးခု ထည့်သွင်းထားခြင်း။

စသည်ဖြင့် အားပေး ချီးမြှင့်ကြကုန်သော သူတို့၏ စိတ်နှလုံးကို ရွှင်မြူးသောအားဖြင့် အထူးစီစဉ်၍ ထုတ်ဝေလိုက်ပါကြောင်း။

ယိန်းမောင်

သမ္မတ ပုံနှိပ်တိုက် မန္တလေး။

www.dhammadownload.com

ဤစာအုပ်ကို ကြည့်ရှု သင့်ကြောင်းသော အားဖြင့်

သ သနားခြင်း ကရုဏာ ထားပြီး

မ ဟုတ် မမှန်တာကို ပယ်ဖျောက်၍

တ ရားသဖြင့် အသက်မွေးမှုခါ

သိန်း သန်း ကုဋေ ချမ်းသာကြလျက်

သိန်းမောင် ဆုပတ္ထနာ

မောင်နှင့် မယ်တို့ အသက်ရာကျော် ရှည်ကြ ပါစေသတည်း။



ကျက်မှတ်ဘွယ်ရာ - ကျမ်းရွှေစာ

သမတ ဆယ်စောင် ... င်မျိုးမှာ စုံလှဘွယ်။

ဘတ်ဘို့ ... ချွားစွာ ကျမ်းစာစုံ

မ မလတ်က ဝယ်မေးမယ် ... တွ ပုံရှိသော ချုပ်ထားတယ်

တ တ်သည့်ပညာ မြတ်ရွှေအိုး ကျက်ကွယ်၊ ဘတ်ကွယ်။

294.312,3-7
A1MMGB010074

www.dhammadownload.com

အလီပုံ

၁ - ၁လီ - ၁	၂ - ၁လီ - ၂	၃ - ၁လီ - ၃	၄ - ၁လီ - ၄
၁ - ၂လီ - ၂	၂ - ၂လီ - ၄	၃ - ၂လီ - ၆	၄ - ၂လီ - ၈
၁ - ၃လီ - ၃	၂ - ၃လီ - ၆	၃ - ၃လီ - ၉	၄ - ၃လီ - ၁၂
၁ - ၄လီ - ၄	၂ - ၄လီ - ၈	၃ - ၄လီ - ၁၂	၄ - ၄လီ - ၁၆
၁ - ၅လီ - ၅	၂ - ၅လီ - ၁၀	၃ - ၅လီ - ၁၅	၄ - ၅လီ - ၂၀
၁ - ၆လီ - ၆	၂ - ၆လီ - ၁၂	၃ - ၆လီ - ၁၈	၄ - ၆လီ - ၂၄
၁ - ၇လီ - ၇	၂ - ၇လီ - ၁၄	၃ - ၇လီ - ၂၁	၄ - ၇လီ - ၂၈
၁ - ၈လီ - ၈	၂ - ၈လီ - ၁၆	၃ - ၈လီ - ၂၄	၄ - ၈လီ - ၃၂
၁ - ၉လီ - ၉	၂ - ၉လီ - ၁၈	၃ - ၉လီ - ၂၇	၄ - ၉လီ - ၃၆
၁ - ၁၀လီ - ၁၀	၂ - ၁၀လီ - ၂၀	၃ - ၁၀လီ - ၃၀	၄ - ၁၀လီ - ၄၀
၁ - ၁၁လီ - ၁၁	၂ - ၁၁လီ - ၂၂	၃ - ၁၁လီ - ၃၃	၄ - ၁၁လီ - ၄၄
၁ - ၁၂လီ - ၁၂	၂ - ၁၂လီ - ၂၄	၃ - ၁၂လီ - ၃၆	၄ - ၁၂လီ - ၄၈
၅ - ၁လီ - ၅	၆ - ၁လီ - ၆	၇ - ၁လီ - ၇	၈ - ၁လီ - ၈
၅ - ၂လီ - ၁၀	၆ - ၂လီ - ၁၂	၇ - ၂လီ - ၁၄	၈ - ၂လီ - ၁၆
၅ - ၃လီ - ၁၅	၆ - ၃လီ - ၁၈	၇ - ၃လီ - ၂၁	၈ - ၃လီ - ၂၄
၅ - ၄လီ - ၂၀	၆ - ၄လီ - ၂၄	၇ - ၄လီ - ၂၈	၈ - ၄လီ - ၃၂
၅ - ၅လီ - ၂၅	၆ - ၅လီ - ၃၀	၇ - ၅လီ - ၃၅	၈ - ၅လီ - ၄၀
၅ - ၆လီ - ၃၀	၆ - ၆လီ - ၃၆	၇ - ၆လီ - ၄၂	၈ - ၆လီ - ၄၈
၅ - ၇လီ - ၃၅	၆ - ၇လီ - ၄၂	၇ - ၇လီ - ၄၉	၈ - ၇လီ - ၅၆
၅ - ၈လီ - ၄၀	၆ - ၈လီ - ၄၈	၇ - ၈လီ - ၅၆	၈ - ၈လီ - ၆၄
၅ - ၉လီ - ၄၅	၆ - ၉လီ - ၅၄	၇ - ၉လီ - ၆၃	၈ - ၉လီ - ၇၂
၅ - ၁၀လီ - ၅၀	၆ - ၁၀လီ - ၆၀	၇ - ၁၀လီ - ၇၀	၈ - ၁၀လီ - ၈၀
၅ - ၁၁လီ - ၅၅	၆ - ၁၁လီ - ၆၆	၇ - ၁၁လီ - ၇၇	၈ - ၁၁လီ - ၈၈
၅ - ၁၂လီ - ၆၀	၆ - ၁၂လီ - ၇၂	၇ - ၁၂လီ - ၈၄	၈ - ၁၂လီ - ၉၆
၉ - ၁လီ - ၉	၁၀ - ၁လီ - ၁၀	၁၁ - ၁လီ - ၁၁	၁၂ - ၁လီ - ၁၂
၉ - ၂လီ - ၁၈	၁၀ - ၂လီ - ၂၀	၁၁ - ၂လီ - ၂၂	၁၂ - ၂လီ - ၂၄
၉ - ၃လီ - ၂၇	၁၀ - ၃လီ - ၃၀	၁၁ - ၃လီ - ၃၃	၁၂ - ၃လီ - ၃၆
၉ - ၄လီ - ၃၆	၁၀ - ၄လီ - ၄၀	၁၁ - ၄လီ - ၄၄	၁၂ - ၄လီ - ၄၈
၉ - ၅လီ - ၄၅	၁၀ - ၅လီ - ၅၀	၁၁ - ၅လီ - ၅၅	၁၂ - ၅လီ - ၆၀
၉ - ၆လီ - ၅၄	၁၀ - ၆လီ - ၆၀	၁၁ - ၆လီ - ၆၆	၁၂ - ၆လီ - ၇၂
၉ - ၇လီ - ၆၃	၁၀ - ၇လီ - ၇၀	၁၁ - ၇လီ - ၇၇	၁၂ - ၇လီ - ၈၄
၉ - ၈လီ - ၇၂	၁၀ - ၈လီ - ၈၀	၁၁ - ၈လီ - ၈၈	၁၂ - ၈လီ - ၉၆
၉ - ၉လီ - ၈၁	၁၀ - ၉လီ - ၉၀	၁၁ - ၉လီ - ၉၉	၁၂ - ၉လီ - ၁၀၈
၉ - ၁၀လီ - ၉၀	၁၀ - ၁၀လီ - ၁၀၀	၁၁ - ၁၀လီ - ၁၁၀	၁၂ - ၁၀လီ - ၁၂၀
၉ - ၁၁လီ - ၉၉	၁၀ - ၁၁လီ - ၁၁၀	၁၁ - ၁၁လီ - ၁၂၁	၁၂ - ၁၁လီ - ၁၃၂
၉ - ၁၂လီ - ၁၀၈	၁၀ - ၁၂လီ - ၁၂၀	၁၁ - ၁၂လီ - ၁၃၂	၁၂ - ၁၂လီ - ၁၄၄

ဒိန်း ဖောင်ဓါဆပ်ဆိုင်